# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက် | ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ ၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ | အတွဲ (၅၆)၊ အမှတ်(၁၃၁)


**ဝီရိယမလျှော့ဘဲ အားထုတ်**

ကုသိုလ်၌ ကောင်းစွာမစောင့်စည်းခြင်း၊ အစားအသောက်၌ အတိုင်းအရှည်မသိခြင်း၊ ပျင်းရိခြင်းတို့သည် ကိလေသာတရားကို တိုးပွားစေသဖြင့် ကုသိုလ်ကိုစောင့်လျက် အစားအသောက်၌ အတိုင်းအရှည်ကိုသိရှိပြီး ဝီရိယကိုမလျှော့ဘဲ အားထုတ်ရာ၏။

ယမကဝဂ် (ဓမ္မပဒ - ၈)

# စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် လွှတ်တော်၏ကတိကဝတ်များကို ထည့်သွင်းစဉ်းစားရန်လို

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့မှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးများအား တွေ့ဆုံ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့မှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးများအား တွေ့ဆုံစဉ် (သတင်းစဉ်)

**နေပြည်တော် ဖေဖော်ဝါရီ ၇**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့မှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးများအား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် လွှတ်တော်၏ ကတိကဝတ်များကို ထည့်သွင်းစဉ်းစားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်လုပ်ကိုင်နေခြင်းသည် ပါတီတစ်ခုအတွက်၊ အဖွဲ့အစည်းတစ်ခုအတွက် မဟုတ်ပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စီမံကိန်းများဆောင်ရွက်နေမှု၊ ပြီးစီးမှု၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် ပြည်ထောင်စုအစိုးရမှ

စာမျက်နှာ ၃ ကော်လံ ၁ ❖

## လေကြောင်းပို့ဆောင်ရေးဆိုင်ရာ ကဏ္ဍများအတွက် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးတွင် ဆွေးနွေး

ပြည်သူ့လွှတ်တော်၊ စာမျက်နှာ » ၇

## မြန်မာအမျိုးသား မြေပုံစနစ်တည်ထောင်ရေးလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

အမျိုးသားလွှတ်တော်၊ စာမျက်နှာ » ၇

## ဦးပိန်တံတားအား ရှေးမူမပျက် ကျွန်းသားများအသုံးပြုပြီး ပြုပြင်မည်

**မန္တလေး ဖေဖော်ဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တောင်သမန် ဦးပိန်တံတားအား ရှေးမူမပျက် ကျွန်းသစ်များအသုံးပြု၍ ပြုပြင်မှုလုပ်ငန်းများကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)နှင့် Myanmar Teak Wood ကုမ္ပဏီတို့က ပူးပေါင်း၍ အမြန်ဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းလုပ်ငန်းဆောင်ရွက်ရာတွင် ပြုပြင်ရန်လိုအပ်သော နေရာများအားလုံး၌ ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်မည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းက ပြောသည်။ ၂၀၀၄ ခုနှစ်က ရေကြီးရေလျှံဖြစ်ပွားမှုကြောင့် မျောပါသွားခဲ့သည့် ဦးပိန်တံတား တိုင် ၃၅ လုံးခန့်ကို အမရပူရမြို့နယ် ရွှေဘုန်းတော်ကြီးကျောင်းက ဆယ်ယူ၍ ၎င်းတို့ ကျောင်းရှိ တံတား၌

စာမျက်နှာ ၃ ကော်လံ ၁ ✻






မြန်မာ့အလင်း

# ငြိမ်းချမ်းသောနည်းဖြင့် ထူထောင်ရမည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မတူကွဲပြားသော သဘောထားများကို ငြိမ်းချမ်းသောနည်းဖြင့် ဖြေရှင်းနိုင်သည်ဟု ယုံကြည်မှသာ ဒီမိုကရေစီလိုလားသော ပုဂ္ဂိုလ်အဖွဲ့အစည်းဖြစ်မည်ကို ထောက်ပြခဲ့ပါသည်။ တိုင်းပြည်သည် နှစ်ပေါင်း (၇၀) နီးပါးရှိသော ပြည်တွင်းစစ်ကို ဖြတ်သန်းခဲ့ပြီးဖြစ်၍ နိုင်ငံတော်ကို ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုအဖြစ် ထူထောင်နိုင်ရေးကြိုးပမ်းရာ၌ မတူကွဲပြားသော သဘောထားများကို မလွဲမသွေ တွေ့ရှိရမည်ဖြစ်ပါသည်။ သို့ပါ၍ လက်ရှိကြိုးပမ်း ဆောင်ရွက်လျက်ရှိသော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုထူထောင်ရေးလုပ်ငန်းစဉ်များတွင် ကြုံတွေ့နေရသောသဘောထား၊ အမြင်အယူအဆများ ကွဲပြားမှုအပေါ် တစ်စုံတစ်ရာ စိတ်ပျက်အားငယ်ခြင်းမရှိစေရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က သတိပေးခဲ့ခြင်းဖြစ်ပါသည်။ ပို၍တိတိကျကျပြောရပါက မည်သို့သော ကွဲလွဲချက်များရှိရှိ ငြိမ်းချမ်းသောနည်းဖြင့် ဖြေရှင်းနိုင်မည်ဟုသာ ယုံကြည်ပါက ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေးအောင်မြင်မည်ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လမ်းညွှန်ပြောကြားခဲ့ခြင်း ဖြစ်ပါသည်။

"ကိုယ့်ယုံကြည်ချက်အရ ကိုယ့်မှာတတ်နိုင်သလောက် ကိုယ်က နေပြီး ပေးဆပ်ချင်၍ ပံ့ပိုးချင်၍ဆိုသည့် စိတ်ဓာတ်ဖြင့်လုပ်မည်ဆိုလျှင် မအောင်မြင်နိုင်ဘူးဆိုသည်မှာ မရှိပါကြောင်း" ဟူသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားချက်အပေါ် တပ်မတော်နှင့် တိုင်းရင်းသားလူမျိုးစုလက်နက်ကိုင်အဖွဲ့အစည်းများအပါအဝင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်လျက်ရှိသည့် အဖွဲ့အစည်းလူပုဂ္ဂိုလ်အားလုံးက အလေးအနက်ထား သုံးသပ်သင့်ပါသည်။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဟူသည် ပြည်ထောင်စုကြီးတစ်ခုလုံးအတွက် တိုင်းရင်းသားလူမျိုးစုများ လက်တွဲဆောင်ရွက်သင့်သည့်ကိစ္စကို လက်တွဲဆောင်ရွက်၍ တိုင်းရင်းသားလူမျိုးစုအလိုက် ကိုယ့်ကြမ္မာကိုယ်ပြဋ္ဌာန်းပိုင်ခွင့်ကို သီးခြားကျင့်သုံးသင့်သည်များကို သီးခြားကျင့်သုံးခြင်း ဖြစ်ပါသည်။ တစ်နည်းဆိုသော် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု၌ ပြည်ထောင်စု၏ အချုပ်အခြာအာဏာကျင့်သုံးပိုင်ခွင့်နှင့် တိုင်းရင်းသားလူမျိုးစုအလိုက် ကိုယ့်ကြမ္မာကိုယ် ပြဋ္ဌာန်းပိုင်ခွင့်တို့ကြား ဟန်ချက်ညီထိန်းညှိနိုင်ရမည်ဖြစ်ပါသည်။

ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်လျက်ရှိသော အင်အားစုအသီးသီးတို့က အဆိုပါဟန်ချက်ညီ ထိန်းညှိနိုင်သော အနေအထားတစ်ရပ် ရရှိနိုင်ရေးကိုဦးတည်၍ ရိုးရိုးသားသား ဖြောင့်ဖြောင့်မတ်မတ်ဆောင်ရွက်ပါက ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကို အချိန်တိုအတွင်း ထူထောင်နိုင်မည်ဖြစ်ပါသည်။ အရေးကြီးသည်မှာ အခက်အခဲများနှင့် သဘောထားကွဲလွဲမှုများကိုသာ အာရုံရောက်နေ၍ လက်ဝယ်ရရှိပြီး တိုးတက်မှုများကို သတိမမူ၊ ဂူမမြင်မဖြစ်စေရန် ဖြစ်ပါသည်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA) နှင့် လူမျိုးစုအလိုက် ဆွေးနွေးပွဲများသည် ပြည်တွင်းစစ်စတင်ပြီးနောက်ပိုင်း သမိုင်းတွင် ပထမဦးဆုံးရရှိခဲ့သော တိုးတက်မှုများ ဖြစ်ပါသည်။ သို့ပါ၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် လမ်းညွှန်သကဲ့သို့ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်လျက်ရှိသော အင်အားစုအသီးသီးတို့က ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို ငြိမ်းချမ်းသောနည်းဖြင့် ထူထောင်မည်ဟူသော သန္နိဋ္ဌာန်ချမှတ်ကြပါရန် လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

## ၂၀၁၇ ခုနှစ်၊ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

(၁) ပြည်ထောင်စုစိတ်ဓာတ် နိုးကြားရှင်သန်ရေး၊

(၂) အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာအောင် တည်ဆောက်ရေး၊

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေး၊

(၄) ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားရေး၊




ပင်လုံစိတ်ဓာတ်
လွှမ်းခြုံပြတ်
မြင့်မြတ်မြန်မာ
တည်စေရာ။

ပြည်ထောင်စုသွေး
အပြည့်မွေးလျက်
ပြည်ထောင်စုစိတ်
ပြည့်လျှံဖိတ်ကာ
ပုံရိပ် 'ပင်လုံ' မြန်မာ့ဂုဏ်ကို
တူစုံထမ်းရွက် လှမ်းချီတက်။

## စာမူရှင်များသို့ ပန်ကြားချက်

မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြပါရှိခဲ့သော ဆောင်းပါး၊ သတင်း၊ ကာတွန်း၊ ကဗျာနှင့် ဓာတ်ပုံများအတွက် စာမူခချီးမြှင့်မှုများကို သတင်းစာတွင် ဖော်ပြပြီးနောက် ရက်သတ္တတစ်ပတ်အတွင်း ထုတ်ပေးလျက်ရှိပါသည်။

စာမူရှင်များနှင့် ဆက်သွယ်ရရှိမှုအလိုက် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ လာရောက်ထုတ်ယူမှုအပေါ်မူတည်၍ စာမူခများ ထုတ်ပေးလျက်ရှိသည့်အပြင် စာတိုက်မှပေးပို့သည့် နည်းလမ်းဖြင့်လည်း ဆောင်ရွက်လျက်ရှိပါသည်။ သို့သော်လည်း ပေးပို့သည့်စာမူများ၌ ဆက်သွယ်ရမည့် လိပ်စာများမပါရှိသဖြင့် စာမူခထုတ်ပေးရာတွင် ကြန့်ကြာမှုများရှိနေပြီး စာမူခပေးရန်ကျန်များ ဖြစ်ပေါ်လျက်ရှိပါသည်။

သို့ပါ၍ မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြပါရှိခဲ့သော စာမူများအတွက် စာမူခချီးမြှင့်ငွေများကို မန်နေဂျာ၊ မြန်မာ့အလင်းသတင်းစာတိုက် ရန်ကုန် ဖုန်းနံပါတ် ၀၁-၅၄၄၃၁၄၊ စာတည်းမှူး (သတင်းထောက်ချုပ်) ဖုန်း-၀၁-၅၄၁၂၇၁ သို့ ဆက်သွယ်ထုတ်ယူဆောင်ရွက်နိုင်ပါရန်နှင့် နောင်တွင် စာမူများပေးပို့ရာ၌ ဆက်သွယ်ရမည့်လိပ်စာများ၊ ပေးပို့စေလိုသည့်နည်းလမ်းများတို့အား ဖော်ပြပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**စာတည်းမှူးချုပ်(မြန်မာ့အလင်းသတင်းစာတိုက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၈-၂-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ ရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၂၄၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၅၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၆၉၀/၇၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၁၀/၇၂၀ ကျပ် |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၀ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၅၆ · ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၅၅ · ၈ |
| ထိုင်း | တစ်ဘတ် | ၃၈ · ၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ · ၉ |
| တရုတ် | တစ်ယွမ် | ၁၉၆ · ၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၄ · ၇ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❖ ရှေ့ဖုံးမှ

ဖြည့်ဆည်းဆောင်ရွက်ပေးရမည့်ကိစ္စရပ်များရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြကြစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့မှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးများက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြီးခဲ့သည့် ၁၀ လတာကာလအတွင်း ဆောင်ရွက်ခဲ့သည့် စီမံကိန်းများနှင့်စပ်လျဉ်း၍ ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန် ကျန်ရှိမှုအခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံခဲ့ရသည့် စိန်ခေါ်မှုနှင့် အခက်အခဲများ၊ ပြည်ထောင်စုအစိုးရနှင့် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး စီမံကိန်းလုပ်ငန်းဆိုင်ရာများအား ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နေပြည်တော်ကောင်စီဝင်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ဆဋ္ဌမအကြိမ် မြန်မာ-လာအို နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ အကောင်အထည်ဖော်ရေး ဝန်ကြီးအဆင့်စည်းဝေး

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ဆဋ္ဌမအကြိမ် မြန်မာ-လာအို နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ အကောင်အထည်ဖော်ရေး ဝန်ကြီးအဆင့် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက နေပြည်တော် ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့် ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လာအိုနိုင်ငံ၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး Pol.Maj.Gen Som-keo SYLAVONG နှင့် အမြဲတမ်းအတွင်းဝန်၊ လာအိုနိုင်ငံရဲအဖွဲ့ ရဲချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာ-လာအို နှစ်နိုင်ငံ နယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာများ၊ သတင်းအချက်အလက်များ ဖလှယ်ရေး၊ နှစ်နိုင်ငံ၏ နယ်စပ်ဆက်ဆံရေးရုံးယန္တရားတိုးမြှင့်ဖော်ဆောင်ရေး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး၊ မြန်မာ-လာအို ဘာသာစကား အပြန်အလှန်သင်ကြားရေးနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များ တိုးမြှင့်ဖော်ဆောင်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ မြန်မာ-လာအို နှစ်နိုင်ငံဝန်ကြီးအဆင့် အစည်းအဝေးနှင့်ပတ်သက်သည့် အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက အဆိုပါ ဝန်ကြီးရုံး အစည်းအဝေးခန်းမ တွင် ကျင်းပခဲ့သည်။

**(သတင်းစဉ်)**




# ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ နဝမအကြိမ် ဒုတိယနေ့အစည်းအဝေး ဆက်လက်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၇

**ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U) ၏ နဝမအကြိမ် ဒုတိယနေ့အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရန်ကုန်ရုံး၌ ဆက်လက်ကျင်းပသည်။** (အောက်ပုံ)

ယနေ့ ဆွေးနွေးမှုနှင့် ပတ်သက်၍ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC-U ) အတွင်းရေးမှူး(၂) ဗိုလ်မှူးကြီး ဝဏ္ဏအောင်က “ဒီနေ့မှာ တက်ရောက်လာကြတဲ့ JMC-U ခေါင်းဆောင်တွေနဲ့ ကိုယ်စားလှယ်တွေ အဓိကဆွေးနွေးဖြစ်တာကတော့ SOP နဲ့ ပတ်သက်တဲ့ ဒေသဆိုင်ရာ ပူးတွဲစောင့်ကြည့်သူတွေရဲ့ TOR လုပ်ထုံးလုပ်နည်းတွေ၊ ဒါတွေနဲ့ ဆက်စပ်တဲ့ မူကြမ်းကိစ္စတွေကို ဆွေးနွေးဖြစ်တယ်။ ပြီးတော့ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) ရုံးတွေရဲ့ အုပ်ချုပ်မှုဆိုင်ရာ ရုံးလုပ်ထုံးလုပ်နည်းတွေ၊ ဝန်ထမ်းကိစ္စတွေကို ဆွေးနွေးဖြစ်တယ်။ ဒါ့အပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရန်ပုံငွေဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (JCB) ရဲ့ လမ်းညွှန်ချက်အတိုင်း ရေးဆွဲထားတဲ့ JMC-U ဘတ်ဂျက်ကိစ္စကို ဆက်ပြီးဆွေးနွေးဖြစ်တယ်”ဟု ပြောသည်။



ထို့အပြင် တတိယနေ့အစည်းအဝေး ပြုလုပ်သွားမည့်အပေါ် “အစည်းအဝေး နောက်ဆုံးနေ့မှာတော့ စောင့်ကြည့်လေ့လာသူတွေနဲ့ပတ်သက်ပြီး လုံခြုံရေးကိစ္စတွေမှာ ဘယ်လိုစီမံသွားမယ်ဆိုတာတွေကို ဆွေးနွေးသွားဖို့ရှိပါတယ်။ အရပ်သားစောင့်ကြည့်လေ့လာသူတွေရဲ့ လုံခြုံရေးကိစ္စတွေပါမယ်၊ လုံခြုံရေးအဆင့်အတန်း သတ်မှတ်ချက်တွေပါမယ်။ အဓိက ကတော့ ပုဂ္ဂိုလ်တစ်ဦးချင်းရဲ့လုံခြုံရေးကိစ္စတွေဖြစ်ပါတယ်။ စိစစ်အတည်ပြုရေးအဖွဲ့နဲ့ ဒေသဆိုင်ရာ ပြည်သူလူထုကြားမှာ စောင့်ကြည့်လေ့လာသူတွေရဲ့လုံခြုံရေးကိစ္စတွေကို အဓိကဆွေးနွေးညှိနှိုင်းသွားဖို့ရှိပါတယ်”ဟု ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) အတွင်းရေးမှူး(၁) ဒေါက်တာရွှေခါးရိုက ပြောသည်။

JMC-U ၏ နဝမအကြိမ် အစည်းအဝေးကို ဖေဖော်ဝါရီ ၆ ရက်မှစတင်ကာ သုံးရက်ကြာပြုလုပ်လျက်ရှိပြီး အစည်းအဝေး ပထမနေ့တွင် နှစ်ဖက်တပ်များနှင့် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်း (SOP) နှင့် JMC အတွက် လိုအပ်သည့် ဘတ်ဂျက်ကိစ္စများကို ဆွေးနွေးခဲ့သည့်အပြင် အစည်းအဝေး တတိယနေ့ (ဖေဖော်ဝါရီ ၈ ရက်)တွင် ဆက်လက်ဆွေးနွေးရန် ကျန်ရှိနေသေးသည့် JMC-U လုပ်ထုံးလုပ်နည်း (SOP) များဖြစ်သော အရပ်ဘက်လူ့အဖွဲ့အစည်း (CSO) များ၏ လုပ်ငန်းလမ်းညွှန်ရေးဆွဲနိုင်ရန် လိုအပ်သော အချက်များအား မူဝါဒတောင်းခံခြင်း၊ နော်ဝေနိုင်ငံ၏ စီစဉ်မှုဖြင့် JMC-U အဖွဲ့ဝင်များ ဖိလစ်ပိုင်နိုင်ငံသို့ လေ့လာရေးခရီး သွားရောက်နိုင်ရေးကိစ္စအပြင် နော်ဝေပြည်သူများ ထောက်ပံ့ရေးအဖွဲ့ (Norwegin People´s Aid- NPA)၏ စီစဉ်မှုဖြင့် မိုင်းရှင်းလင်းရေးသင်တန်းနှင့် လေ့လာရေးခရီးစဉ်ကိစ္စများ၊ နယ်မြေပိုင်းခြားသတ်မှတ်မှု (Demarcation) ကိစ္စနှင့် မြေမြှုပ်မိုင်းများ ရှင်းလင်းရေး (Demining) ကိစ္စများကို ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးတွင် JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ JMC-U ဒုတိယဥက္ကဋ္ဌ များ၊ တပ်မတော်သားကိုယ်စားလှယ်များ၊ JMC-U အတွင်းရေးမှူးများ၊ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့များမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ အရပ်သားကိုယ်စားလှယ်များ၊ နည်းပညာအထောက်အကူပြုအဖွဲ့များ တက်ရောက်ကြပြီး အစည်းအဝေး တတိယနေ့ (ဖေဖော်ဝါရီ ၈ ရက်)တွင် သုံးရက်ကြာ ပြုလုပ်ခဲ့သည့် အစည်းအဝေးနှင့် ပတ်သက်၍ JMC-U အတွင်းရေးမှူးများက သတင်းစာရှင်းလင်းပွဲ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်း-ဇော်ကြီး (ပဏီတ)၊ဓာတ်ပုံ-ဖေဇော်**

✻ ရှေ့ဖုံးမှ

အသုံးပြုထားပြီး ယခုအခါ အဆိုပါတိုင်များကို ဦးပိန်တံတားပြုပြင်ရေးလုပ်ငန်းတွင် အသုံးပြုနိုင်ရန် ပြန်လည်ပေးအပ်မည်ဖြစ်သဖြင့် ဖေဖော်ဝါရီ ၈ ရက်တွင် သယ်ယူသွားမည်ဖြစ်ရာ ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း ဆက်လက်ပြောကြားသည်။

တံတားပြုပြင်မှုလုပ်ငန်းများကို မြန်မာနိုင်ငံဗိသုကာပညာရှင်များကောင်စီက အနီးကပ်ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေသခံများထံမှ အကြံပြုချက်တောင်းခံခဲ့သော်လည်း အကြံပြုစာများ မရရှိခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မန္တလေး၌ မှုခင်းပြခန်းယာဉ်ဖြင့် အသိပညာပေး

**မန္တလေး ဖေဖော်ဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်းရှိ စွယ်တော်မြတ်စေတီတော်(မန္တလေး)၌ ပြည်သူများနှင့် ဘုရားဖူးများအား မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် စွယ်တော်မြတ်စေတီတော်တွင် ဖေဖော်ဝါရီလ ပထမပတ်က ပြသခဲ့ကြောင်း သိရသည်။

မူးယစ်အန္တရာယ်နှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးခြင်းကို မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး တင်အေးကျော်၊ ဒုရဲမှူး မျိုးလွင်၊ မြစ်ငယ်နယ်မြေရဲစခန်းမှူး ရဲအုပ် အောင်မျိုးသန့်၊ အမှတ်(၁၁)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (မန္တလေး) ရဲအုပ်မြင့်သိန်း၊ အမှတ်(၃) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ ရဲအုပ်တိုးဝင်းလှိုင်၊ အမှတ်(၁၈) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ ရဲအုပ်အောင်ဇော်မြင့်တို့က လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့်အတူ လူကုန်ကူးမှုအသိပညာပေး ရှင်းလင်းခဲ့ကြောင်း သိရသည်။ **မောင်မောင်စိုး(မြစ်ငယ်)**

# ခရီးစဉ်အစအဆုံးနှင့် ညပိုင်းပြေးဆွဲမှုအားနည်းနေသည့် ရွှေပြည်သာ(လိန်ကုန်း) သခင်မြပန်းခြံခရီးစဉ်တွင် ခရီးသွားများ နေ့စဉ်အခက်အခဲကြုံတွေ့နေရဆဲ

**ရန်ကုန် ဖေဖော်ဝါရီ ၇**

ဖေဖော်ဝါရီ ၂ ရက်ထုတ် နိုင်ငံပိုင်သတင်းစာတွင် ရန်ကုန်မြို့တွင်း ညပိုင်းပြေးဆွဲနေသော“ YBS လိုင်းကားများ ည ၁၀ နာရီအထိ ပြေးဆွဲမှုမရှိလျှင် ပြေးဆွဲခွင့်ပိတ်သိမ်းမည်” ခေါင်းစဉ်ပါသတင်းကို ဖတ်ရှုရသော်လည်း ဖေဖော်ဝါရီ ၆ ရက် ည ၈ နာရီဝန်းကျင်အထိ YBS ယာဉ်လိုင်းခရီးစဉ်မှ ယာဉ်ကြီးများ လာရောက်ခြင်းမရှိသဖြင့် ပေါက်တောဝမှ ဘုရင့်နောင်ဈေးနှင့် ပွဲရုံမှတ်တိုင်အကြား၊ သခင်မြပန်းခြံမှ တစ်ဆင့် မြို့တွင်းသို့ ကားပြောင်းစီးရမည့် ခရီးသည်များ ညစဉ် ကြားကားငယ်များကို ယာဉ်အန္တရာယ်စိုးရိမ်စွာဖြင့် ကားခငွေ ပိုမိုပေးစီးနေရကြောင်း၊ တစ်ခါတစ်ရံတွင် ည ၇ နာရီဝန်းကျင်မှာပင် ယင်းသို့ စီးနင်းနေရကြောင်း ခရီးသွားများထံမှ သိရသည်။




အဆိုပါ ခရီးစဉ်လမ်းကြောင်းအတိုင်း စနစ်ဟောင်းတွင် ယာဉ်လိုင်းဟောင်းသုံးလိုင်း ယခင်ကပြေးဆွဲခဲ့ရာ အကြမ်းဖျင်းယာဉ်စီးရေ ၇၀ ဝန်းကျင်ရှိခဲ့သည်ဟု အဆိုပါ ယာဉ်လိုင်းသစ်မှ ယာဉ်လုပ်သားအချို့က ပြောကြားသည်။

အင်းစိန်-ဆူးလေယာဉ်လိုင်းမှ ယာဉ်ကြီးများအနေဖြင့် ရွှေပြည်သာ (လိန်ကုန်း)မှ သခင်မြပန်းခြံအထိ ခရီးစဉ်အစအဆုံးပြေးဆွဲမှုမရှိဘဲ ထန်းခြောက်ပင်မှ ရွှေပြည်သာ(လိန်ကုန်း)အကြားရှိ အိမ်မဲကြီး၊ ညရပ်ကွက်အထိသာ ပြေးဆွဲမှုရှိသည်ဟုဆိုသည်။ YBS လိုင်းတူသော်လည်း တချို့က ထန်းခြောက်ပင်ဂိတ်ဆုံးပြီး တချို့က လိန်ကုန်း၌ဂိတ်ဆုံးခြင်းဖြင့် လော်ကားသို့သွားလိုသူများ အခက်တွေ့နေရသည်ဟု YBS ယာဉ်လိုင်းများဆိုင်ရာ တိုင်ကြားချက်လူမှုကွန်ရက်တွင် တွေ့ရှိရသည်။

YBS စနစ်သစ်တွင် စနစ်ဟောင်းကဲ့သို့ မှတ်တိုင်များ၌ ခရီးသည်စောင့်တင်ခြင်း၊ လိုင်းတူယာဉ်အချင်းချင်း ကျော်တက်မောင်းနှင်ခြင်း၊ ယာဉ်စည်းကမ်းမဲ့ မောင်းနှင်ခြင်းများအပေါ် ထိရောက်သော အရေးယူဆောင်ရွက်ခြင်းနှင့်အတူ ခရီးသည်သက်သာချောင်ချိစွာ သွားလာနိုင်ရေး အလေးပေးဆောင်ရွက်ပေးစေလိုကြောင်း ရန်ကုန်မြို့တွင်းသွား ခရီးသည်များက ပြောကြားနေကြသည်။

**ခင်ဆိုင်**

# အလုပ်သမားညီလာခံအတွက် အလုပ်သမားကိုယ်စားလှယ်ကို အချိန်မီရွေးချယ်ပေးနိုင်ရန် လိုအပ်နေ

**တွေ့ဆုံမေးမြန်း - ခင်ရတနာ**

ILO အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့မှ ကြီးမှူးကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံကို နှစ်စဉ်ဇွန်လတွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ကျင်းပလေ့ရှိသည်။ အဖွဲ့ဝင်နိုင်ငံအသီးသီးမှ အစိုးရကိုယ်စားလှယ် နှစ်ဦး၊ အလုပ်သမားကိုယ်စားလှယ် တစ်ဦးနှင့် အလုပ်ရှင်ကိုယ်စားလှယ်တစ်ဦး၊ ဆွေးနွေးမည့်ဘာသာရပ်အလိုက် အကြံပေးပုဂ္ဂိုလ်တစ်ဦးတို့ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ခွင့်ရရှိကြပြီး အဆိုပါညီလာခံအတွင်း အလုပ်သမားရေးရာကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းကာ အလုပ်သမားရေးရာ စံသတ်မှတ်ချက်များဖြစ်သည့် ပြဋ္ဌာန်းချက်နှင့် တိုက်တွန်းချက်များအား သုံးပွင့်ဆိုင်အဖြေရှာကာ အလုပ်သမားများအတွက် အကောင်းဆုံး အကျိုးရလဒ်များကို ထုတ်ဖော်လေ့ရှိသည်။

ILO ကို ၁၉၁၉ ခုနှစ် ဧပြီ ၁၁ ရက်က စတင်ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ပြီး ILO အဖွဲ့သည် ကုလသမဂ္ဂ၏ အထူးသီးသန့်အဖွဲ့အစည်းတစ်ခုလည်း ဖြစ်သည်။ ILO အဖွဲ့၏ ထူးခြားချက်မှာ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ပါဝင်သည့် Tripartite System ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ယနေ့အထိ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၈၇ နိုင်ငံအထိ ရှိလာပြီဖြစ်သည်။ ILO ၏ အဓိကရည်မှန်းချက်မှာ ကမ္ဘာပေါ်တွင် လူမှုရေးတရားမျှတမှု ထွန်းကားရေးဖြစ်ပြီး လူမှုရေးတရားမျှတမှုကြောင့် ထာဝရ တရားမျှတမှုကို လူသားတိုင်း ခံစားနိုင်ရမည်ဟူ၍ ဖြစ်သည်။

ထိုအဖွဲ့အစည်းကြီး၏ လုပ်ငန်းများကို အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာ ညီလာခံ (International Labour Conference- ILC)၊ အုပ်ချုပ်မှုအဖွဲ့ (Governing Body-GB) နှင့် ILO အဖွဲ့ရုံးစသည့် အဓိကယန္တရားသုံးရပ်ဖြင့် ကြီးကြပ်ဆောင်ရွက်နေသည်။

လာမည့်ဇွန်လတွင် ကျင်းပတော့မည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားညီလာခံသို့ ILO အဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံမှလည်း နှစ်စဉ်တက်ရောက်နေကျအတိုင်း တက်ရောက်မည်ဖြစ်သည်။ ကိုယ်စားလှယ်များ ရွေးချယ်ခြင်းနှင့် ပတ်သက်၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်တင်မာထွေးကို တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါသည်။

**မေး ။ မြန်မာနိုင်ငံက ILO အဖွဲ့ဝင်အနေနဲ့ အလုပ်သမားကိစ္စရပ်တွေမှာ ဘယ်လိုပူးပေါင်းဆောင်ရွက်နေပါသလဲ။**

ဖြေ ။ မြန်မာနိုင်ငံက အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ ILO ကို ၁၉၄၈ မေလကတည်းက အဖွဲ့ဝင်နိုင်ငံအနေနဲ့ ဝင်ရောက်ခဲ့တာဖြစ်ပါတယ်။ အဖွဲ့ဝင်နိုင်ငံဖြစ်တဲ့ အားလျော်စွာပဲ ILO ကို နှစ်စဉ်ထည့်ဝင်ရမယ့် ထည့်ဝင်ကြေးတွေကိုလည်း မပျက်မကွက် ထည့်ဝင်ခဲ့ပါတယ်။ ILO အဖွဲ့က ပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းချက် ၁၈၉ ခုအနက် မြန်မာနိုင်ငံအနေနဲ့ ပြဋ္ဌာန်းချက် ၂၀ ကို လက်ခံကျင့်သုံးထားပါတယ်။ ဒါ့အပြင် ပြဋ္ဌာန်းချက်တွေ အကောင်အထည်ဖော် ဆောင်ရွက်တာနဲ့ပတ်သက်လို့ ILO ရဲ့ ဖွဲ့စည်းပုံစည်းမျဉ်းတွေနဲ့အညီ လက်ခံကျင့်သုံးထားတဲ့ ပြဋ္ဌာန်းချက်တွေနဲ့ စပ်လျဉ်း၍ သော်လည်းကောင်း၊ လက်ခံကျင့်သုံးထားခြင်းမရှိတဲ့ ပြဋ္ဌာန်းချက်တွေနဲ့ စပ်လျဉ်း၍သော်လည်းကောင်း အစီရင်ခံစာတွေ ပြုစုပေးပို့လျက်ရှိပါတယ်။ ဒါတင်မကသေးပါဘူး။ တည်ဆဲအလုပ်သမားဥပဒေတွေကိုလည်း အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာစံတွေနဲ့အညီ ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်းတွေကို ILOရဲ့အကြံဉာဏ်ကိုရယူပြီး ဆောင်ရွက်နေပါတယ်။ အဖွဲ့ဝင်နိုင်ငံအနေနဲ့ တာဝန်ရှိမှုအရ နှစ်စဉ်ကျင်းပတဲ့ ညီလာခံကိုလည်း အစိုးရ၊ အလုပ်သမား၊ အလုပ်ရှင် သုံးပွင့်ဆိုင် ကိုယ်စားလှယ်အဖွဲ့တွေ တက်ရောက်ဆွေးနွေးလျက်ရှိပါတယ်။

**မေး ။ ဇွန်လမှာကျင်းပမယ့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံကို တက်ရောက်မယ့် ကိုယ်စားလှယ်တွေကိုရော ရွေးချယ်ပြီးပြီလား။**

ဖြေ ။ ညီလာခံကို နှစ်စဉ် ဝန်ကြီးဌာနရဲ့ပြည်ထောင်စုဝန်ကြီး ဦးဆောင်တဲ့အဖွဲ့က တက်ရောက်ခွင့်ရပါတယ်။ ကိုယ်စားလှယ်တွေကို ရွေးချယ်တဲ့အခါ ILO ရဲ့ ဖွဲ့စည်းပုံစည်းမျဉ်း အပိုဒ် ၃(၅)အရ Credential Committee ကို အလုပ်ရှင်ကိုယ်စားလှယ်နဲ့ အလုပ်သမားကိုယ်စားလှယ်တွေရဲ့ အမည်စာရင်းတင်သွင်းတဲ့ လုပ်ငန်းကို ဝန်ကြီးဌာနက ဆောင်ရွက်ရတာဖြစ်လို့ ရွေးချယ်ဖို့ကိစ္စတွေကို ဇန်နဝါရီလကတည်းက စတင်လာခဲ့ပါတယ်။

**မေး ။ အလုပ်သမားနဲ့ အလုပ်ရှင်ကိုယ်စားလှယ်တွေကို အဆင့်ဆင့် ဘယ်လိုရွေးချယ်မလဲ။**

ဖြေ ။ အမည်စာရင်းတင်သွင်းဖို့အတွက် အလုပ်သမားထုတစ်ရပ်လုံးကို ကိုယ်စားပြုတဲ့ အလုပ်သမားကိုယ်စားလှယ်တစ်ဦးကို ရွေးချယ်ရပါတယ်။ ရွေးချယ်တဲ့နေရာမှာ အလုပ်သမားအဖွဲ့အစည်းတွေ မဖွဲ့စည်းရသေးတဲ့ ၂၀၁၂ ခုနှစ်အထိ ညီလာခံကို တက်ရောက်မယ့် အလုပ်သမားကိုယ်စားလှယ်ကို စက်ရုံအလုပ်ရုံတွေကနေ ရွေးချယ်ခဲ့ပါတယ်။ အလုပ်သမားအဖွဲ့အစည်း ဥပဒေပေါ်ပေါက်ပြီး အလုပ်သမားအဖွဲ့အစည်းတွေ စတင်ပေါ်ပေါက်လာခဲ့တဲ့ ၂၀၁၂ ခုနှစ်မှာတော့ အလုပ်သမားအဖွဲ့အစည်းတွေကနေ အလုပ်သမားကိုယ်စားလှယ်ကို ILO ရဲ့အကူအညီနဲ့ လုပ်ဆောင်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်မှာ အလုပ်သမားအဖွဲ့အစည်းတွေအချင်းချင်း ညှိနှိုင်းဆွေးနွေးမှု မအောင်မြင်တဲ့အတွက် အလုပ်သမားကိုယ်စားလှယ်ကို ဝန်ကြီးဌာနကပဲ ရွေးချယ်ပေးခဲ့ပါတယ်။ ၂၀၁၄ နဲ့ ၂၀၁၅ ခုနှစ်ကနေစပြီး အလုပ်သမားအဖွဲ့အစည်းတွေ အချင်းချင်း ညှိနှိုင်းဆွေးနွေးပြီး အလုပ်သမားအများစုကို ကိုယ်စားပြုတဲ့ အလုပ်သမားကိုယ်စားလှယ်တွေ ရွေးချယ်ပေးဖို့ ဝန်ကြီးဌာနက အကြောင်းကြားခဲ့ပါတယ်။ ဒါပေမယ့် အလုပ်သမားအဖွဲ့တွေကနေ ညှိနှိုင်းမရဘဲ အမည်စာရင်းတင်သွင်းမှုမရှိလို့ ဝန်ကြီးဌာနကပဲ ဆောင်ရွက်ခဲ့ရပါတယ်။ ဆောင်ရွက်တဲ့နေရာမှာလည်း ILO က ချမှတ်ထားတဲ့ Criteria များနဲ့အညီ ကိုယ်စားပြုမှုအများဆုံးရတဲ့ ကိုယ်စားလှယ်ကို ရွေးချယ်ပေးထားတာဖြစ်ပါတယ်။ မနှစ်က ဝန်ကြီးဌာနကရွေးချယ်ပေးတဲ့အပေါ်မှာ အလုပ်သမားအဖွဲ့အစည်းတွေက မကျေနပ်ခဲ့လို့ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံကော်မတီကို ရှင်းလင်းဖြေကြားမှုတွေ လုပ်ခဲ့ရပါတယ်။ အလုပ်ရှင်တွေအနေနဲ့ကတော့ အလုပ်ရှင်ကိုယ်စားလှယ်ကို အလုပ်ရှင်ကိုယ်စားလှယ်တွေ အသီးသီးညှိနှိုင်းဆွေးနွေးနေပြီဖြစ်ပါတယ်။

**မေး ။ လာမယ့်ညီလာခံအတွက် အလုပ်သမားကိုယ်စားလှယ် ရွေးချယ်မယ့်ပုံစံကိုလည်း သိပါရစေ။**

ဖြေ ။ အလုပ်သမားကိုယ်စားလှယ် ရွေးချယ်ရေးကိစ္စကို ဝန်ကြီးဌာနက အလေးထားဆောင်ရွက်နေပါတယ်။ အလုပ်သမားကိုယ်စားလှယ်ကို အလုပ်သမားအဖွဲ့အစည်းတွေ အချင်းချင်းညှိနှိုင်းပြီး ကိုယ်စားလှယ်တစ်ဦး ရွေးချယ်ပေးဖို့ အကြောင်းကြားထားပြီး ဖြစ်ပါတယ်။ အကယ်၍ အလုပ်သမားအဖွဲ့အစည်းအချင်းချင်း ညှိနှိုင်းပြီး ကိုယ်စားလှယ်ရွေးချယ်တဲ့နေရာမှာ သဘောတူညီမှုမရဘဲ ကိုယ်စားလှယ်ကို သတ်မှတ်ချိန်အတွင်း အချိန်မီမတင်ပြနိုင်ဘူးဆိုရင်တော့ ဝန်ကြီးဌာနကနေ အလုပ်သမားကိုယ်စားလှယ်ရွေးချယ်ဖို့အတွက် ILOရဲ့ပြဋ္ဌာန်းချက်တွေနဲ့အညီ ရွေးချယ်ပေးသွားဖို့ ရှိပါတယ်။ အလုပ်သမားအဖွဲ့အစည်းတွေအနေနဲ့ မိမိတို့အချင်းချင်း ညှိနှိုင်း ရွေးချယ်ထားတဲ့ ကိုယ်စားလှယ်အမည်စာရင်း ဒါမှမဟုတ် ညှိနှိုင်းဖို့ အဆင်မပြေရင်လည်း မိမိတို့ သက်ဆိုင်ရာအဖွဲ့အလိုက် ရွေးချယ်ထားတဲ့ အလုပ်သမားကိုယ်စားလှယ်အမည်စာရင်းကို ဖေဖော်ဝါရီ ၂၇ ရက်နောက်ဆုံးထားပြီး ပြန်ပို့ပေးရမှာဖြစ်ပါတယ်။ သတ်မှတ်ရက်ထက် နောက်ကျပြီးမှရောက်လာတဲ့ ကိုယ်စားလှယ်အမည်စာရင်းကို လုံးဝထည့်သွင်းစဉ်းစားပေးမှာ မဟုတ်ပါဘူး။

**မေး ။ အကယ်၍သာ အလုပ်သမားအဖွဲ့အစည်းတွေက ကိုယ်စားလှယ်တစ်ဦးကို အချိန်မီတင်ပြဖို့ ပျက်ကွက်ခဲ့မယ်ဆိုရင်ရော ဝန်ကြီးဌာနအနေနဲ့ အလုပ်သမားကိုယ်စားလှယ်ကို ဘယ်လိုပုံစံနဲ့ ရွေးချယ်သွားမလဲ။**

ဖြေ ။ ILO အနေနဲ့ မြန်မာနိုင်ငံအပေါ် ချမှတ်ထားခဲ့တဲ့ တားမြစ်ကန့်သတ်ချက်တွေကို ပယ်ရှားခဲ့ပြီးနောက်ပိုင်းမှာ မြန်မာနိုင်ငံရဲ့ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်တွေအားလုံး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတွေအတွက် ဘက်ပေါင်းစုံ ထောင့်ပေါင်းစုံကနေ ပံ့ပိုးကူညီပေးနေပါတယ်။ ဒါကြောင့် နိုင်ငံတကာကုန်သွယ်မှုတွေ တိုးတက်လာပြီး နိုင်ငံတွင်းကိုလည်း ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုဝင်ရောက်လာခဲ့ပြီး အလုပ်သမားအခွင့်အရေးတွေကိုလည်း ပိုမိုမြှင့်တင်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒီအချိန်ကာလမှာ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံကို တက်ရောက်ကြမယ့် အလုပ်သမားကိုယ်စားလှယ်ရွေးချယ်ရေးကိစ္စကို မဖြစ်မနေပါဝင်ရပြီဆိုရင် ကျွန်မတို့ ဝန်ကြီးဌာနအနေနဲ့လည်း ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်သွားမှာပါ။

(က) ကိုယ်စားပြုသည့် အလုပ်သမားအဖွဲ့ဝင် (အင်အား) အရေအတွက်
(ခ) ကိုယ်စားပြုသည့် အဖွဲ့အစည်းအရေအတွက်
(ဂ) ကိုယ်စားပြုသည့် လုပ်ငန်းကဏ္ဍအရေအတွက်
(ဃ) ကိုယ်စားပြုသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အရေအတွက် စတာတွေနဲ့အညီ ရွေးချယ်ပေးသွားဖို့ ရှိပါတယ်။

အထူးသဖြင့် ဝန်ကြီးဌာနအနေနဲ့ကတော့ ကြားဝင်ဆောင်ရွက်ပေးရမယ်ဆိုရင် ILO ရဲ့ Criteria တွေနဲ့အညီ စိစစ်နှိုင်းယှဉ်ရွေးချယ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အလုပ်သမားတွေရဲ့အကျိုးကို ရေးရှုဆောင်ရွက်နိုင်မယ့် အလုပ်သမားကိုယ်စားလှယ်ကို မှန်မှန်ကန်ကန်ဆောင်ရွက်ပေးနိုင်ဖို့ အလုပ်သမားတိုင်းမှာလည်း တာဝန်ရှိပါတယ်။ **(မြန်မာ့အလင်း)**



# ယောမင်းကြီးဦးဖိုးလှိုင်ရုပ်တုနှင့် ဂူဗိမာန်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်

**မန္တလေး ဖေဖော်ဝါရီ ၇**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၂၂ လမ်း၊ ၉၀ × ၉၁ လမ်းကြားတွင် ထားရှိသော ယောမင်းကြီးဦးဖိုးလှိုင်ရုပ်တုနှင့် ဂူဗိမာန်နေရာအား ဖေဖော်ဝါရီ ၂ ရက်မှ စတင်၍ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းများတွင် ဂူဗိမာန်နေရာ အတွင်း၊ အပြင် သန့်ရှင်းရေးများ ဆောင်ရွက်ခြင်း၊ ခြံစည်းရိုးအုတ်နံရံများနှင့် သံပန်းသံတံခါးများ ဆေးသုတ်ခြင်း၊ ရုပ်တုအား ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်း၊ ယောမင်းကြီးအုတ်ဂူနှင့် ဆွေတော်မျိုးတော်အုတ်ဂူများအား သန့်ရှင်းရေးပြုလုပ်၍ ဆေးသုတ်ခြင်းလုပ်ငန်းများကို ဌာန၏ သာမန်ဘတ်ဂျက်ငွေမှ အကုန်အကျခံဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)မှ ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းက ပြောသည်။

"မန္တလေးမှာရှိတဲ့ ကျွန်တော်တို့ဌာနက ထိန်းသိမ်းစောင့်ရှောက်ထားတဲ့ ရှေးဟောင်းအမွေအနှစ်နေရာတွေကို နှစ်စဉ် ဘတ်ဂျက်ချထားမှုအပေါ်မူတည်ပြီး ပြန်လည်ထိန်းသိမ်းမှုတွေ ဆောင်ရွက်လျက်ရှိပါတယ်။ အခု ထိန်းသိမ်းမှုလုပ်ငန်းကိုလည်း ကျွန်တော်တို့ဌာနက ဝန်ထမ်းတွေကိုယ်တိုင် ပါဝင်ဆောင်ရွက်သွားမှာပါ" ဟု ၎င်းကပြောသည်။

ယောမင်းကြီးဦးဖိုးလှိုင်သည် ကုန်းဘောင်မင်းဆက် နောက်ဆုံးမင်းနှစ်ပါးဖြစ်သော မင်းတုန်းမင်းနှင့် သီပေါမင်းတို့လက်ထက်တွင် အတွင်းဝန်၊ မြို့စား၊ အတိုင်ပင်ခံပညာရှိစသည့် ရာထူးများအပြင် မြန်မာစာပေလောကတွင် ထင်ရှားသည့် ဝိဇ္ဇာသိပ္ပံပညာရှင်ဖြစ်ခဲ့ပြီး ကျမ်းပေါင်း ၁၉ ကျမ်းကိုလည်း ရေးသားခဲ့သူဖြစ်သည်။ ယခု ဂူဗိမာန်နေရာသည် ရှေးယခင်က သင်္ချိုင်းတော်နေရာများဖြစ်ခဲ့ပြီး ယောမင်းကြီးဦးဖိုးလှိုင် ဂူဗိမာန်နှင့်အတူ ယောမင်းကြီးကတော် ရှင်ဖြူသင်္ချိုင်းဂူကျောက်စာ၊ သမီးတော်သားတော်သုံးဦး သင်္ချိုင်းဂူကျောက်စာနှင့် ဆွေတော်မျိုးတော်တို့၏ ဂူဗိမာန်များအပြင် ရတနာပုံမင်းနေပြည်တော်ရှိ ထင်ရှားကျော်ကြားသည့် ဝန်ကြီးများ၏ ဂူဗိမာန်နေရာလည်းဖြစ်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**အများအားဖြင့် သာယာမည်**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်အော်တွင် အများအားဖြင့် သာယာနေသည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။ **(မိုး/ဇလ)**

# ပျဉ်းမနားမြို့နယ်၌ ထမနဲထိုးပြိုင်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

နေပြည်တော် ပျဉ်းမနားမြို့၏ (၁၀၈)ဆူ အောင်တော်မူ ဈေးကုန်း ကျောင်းတော်ကြီးတွင် ရွာကောက်ရပ်ကွက် အုပ်ချုပ်ရေးမှူးမှ ဦးစီးကျင်းပသော တပို့တွဲလ ထမနဲထိုးပြိုင်ပွဲကို ယနေ့ ညနေ ၃ နာရီက ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် ရွာကောက်ရပ်ကွက်အတွင်းရှိ ပြိုင်ပွဲဝင်အသင်း ၁၆ သင်း ဝင်ရောက်ယှဉ်ပြိုင်ရာ ပထမဆုရရှိသော ပေါင်းလောင်း(၂)အသင်း၊ ဒုတိယဆုရရှိသော ကျောက်ကျင်းအသင်း၊ တတိယဆုရရှိသော သူကြီးစု(၂)အသင်းနှင့် နှစ်သိမ့်ဆုရရှိသောအသင်းများအား ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်ဦးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**





ဟားခါးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ နှစ်ထပ်ကျောင်းဆောင်သစ်ကို တွေ့ရစဉ်

❍ *ကျော်ဖုံးမှ*

ယင်းနောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး နှစ်ထပ်ကျောင်းဆောင်သစ်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်တိုက်ချွန်းခန်းမ၌ ဟားခါးမြို့နယ်လူထုနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံရာ ဒေသခံများက ဟားခါးမြို့ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ အခြေခံအဆောက်အအုံ တည်ဆောက်ပေးရေးဆိုင်ရာ ကိစ္စရပ်များကို တင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးမည့်လုပ်ငန်းများနှင့် ဆွေးနွေးညှိနှိုင်းတင်ပြပေးမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတက ဟားခါးမြို့နယ် ပညာရေး၊ ကျန်းမာရေး ကဏ္ဍများတွင်အသုံးပြုရန် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ ကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က ဆိုလာနှင့်ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ထင်းတစ်ချောင်းထိုး မီးဖိုကို လည်းကောင်း၊ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက စောင်များကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်ခဲ့သည့် ထိခိုက်မှုများ ပြန်လည်ထူထောင်ရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် ငွေကျပ်သိန်း ၅၀၀ ကိုလည်းကောင်း တာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။

ထို့နောက် ထန်တလန်မြို့ ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိကြပြီး ခွဲစိတ်ခန်း၊ ဓာတ်ခွဲခန်း၊ လူနာဆောင်နှင့် ဆေးစတိုခန်းတို့ကို ကြည့်ရှုစစ်ဆေးကာ ဆေးဝါး ကုသမှုခံယူနေသော လူနာများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ထန်တလန်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူမှု တတ်မြောက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ်ဆရာကြီးအား ကျောင်းသားဦးရေ၊ အောင်ချက်ရာခိုင်နှုန်း၊ သင်ကြားမှုအခြေအနေနှင့် ကျောင်းအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် လိုအပ်ချက်များကို မေးမြန်းဆွေးနွေးကာ လိုအပ်သည်များကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ထန်တလန်မြို့နယ် လူထုနှင့် မြို့နယ်ခန်းမ၌ ရင်းရင်းနှီးနှီး တွေ့ဆုံရာ ဒေသခံများက လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို တင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးမည့် လုပ်ငန်းစဉ် အဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများက တာဝန်ရှိသူများထံ ထန်တလန်မြို့နယ် ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် အသုံးပြုရန် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ထောက်ပံ့သည့် ငွေကျပ်သိန်း ၁၀၀၊ စောင်၊ ဆိုလာနှင့်ဆက်စပ်ပစ္စည်းများကို ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်အကြီးအကဲများနှင့် နိုင်ငံသူ နိုင်ငံသားများအတွက် ထန်တလန်မြို့ ခရစ်ယာန်ဂိုဏ်းပေါင်းစုံအဖွဲ့က ကောင်းချီးမင်္ဂလာတောင်းခံပေးသည့် အထူးဆုတောင်းပွဲသို့ တက်ရောက်ကြပြီး ခရစ်ယာန်ဂိုဏ်းပေါင်းစုံဥက္ကဋ္ဌထံ အလှူငွေများ လှူဒါန်းခဲ့သည်။

အဆိုပါတွေ့ဆုံပွဲများတွင် ဒုတိယသမ္မတက ယနေ့အချိန်သည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်နေသည့် တည်ငြိမ်အေးချမ်းမှုနှင့် အမျိုးသားရင်ကြားစေ့ရေးကို ဖော်ဆောင်နိုင်ရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်ပြီး (၂၁)ရာစု ပင်လုံငြိမ်းချမ်းရေးညီလာခံကြီးအား ထပ်မံကျင်းပနိုင်ရေး ဆောင်ရွက်နေချိန်လည်းဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်းဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးမှုနောက်ကျနေခဲ့သည့် ချင်းပြည်နယ်ကိုလည်း နိုင်ငံတော်အစိုးရက လျစ်လျူရှုမထားဘဲ အတတ်နိုင်ဆုံး ဖြည့်ဆည်းကူညီပေးလျက်ရှိသည်ဖြစ်ရာ ပြည်သူလူထုအနေဖြင့် ချင်းပြည်နယ်ဖွံ့ဖြိုးမှု တည်ဆောက်ရေးလုပ်ငန်းများတွင် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

# ရှမ်းပြည်နယ်နေ့အခမ်းအနား ပင်လုံတွင်ကျင်းပ

**ပင်လုံ ဖေဖော်ဝါရီ ၇**

နှစ်(၇၀)မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီက ပင်လုံမြို့မွေတော်ကျောင်းရှေ့ကွင်းပြင်၌ ကျင်းပကြောင်း သိရသည်။

နှစ်(၇၀)မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနား သဘာပတိ ဦးစိုင်းထွန်းကျော်က အမှာစကား ပြောကြားသည်။ ထို့နောက် နှစ်(၇၀)မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှပေးပို့သော သဝဏ်လွှာအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်က ဖတ်ကြားသည်။

ရှမ်းပြည်နယ်နေ့သည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် စတင်ပေါ်ပေါက်ခဲ့ကြောင်း၊ ရှမ်းပြည်နယ်နေ့ကို ရှမ်းတိုင်းရင်းသားများ မိမိတို့၏ ရှမ်းပြည်နယ်နေ့ သမိုင်းကို သိရှိတန်ဖိုးထားတတ်စေရန်၊ ရှမ်းတိုင်းရင်းသားများ၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်မားရေးနှင့် ဘာသာ သာသနာကို ချစ်မြတ်နိုးတတ်စေရန်၊ ရှမ်းတိုင်းရင်းသားမျိုးဆက်သစ်လူငယ်များ မိမိတို့၏ စာပေ၊ ယဉ်ကျေးမှုနှင့် ရှမ်းပြည်နယ်နေ့ကို မမေ့ရန်၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရန် စသည့်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီတာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ နှစ်(၇၀)မြောက် ရှမ်းပြည်နယ်နေ့ ပင်လုံတွင် ပြခန်းများပြသထားရာ ရှမ်းပြည်နယ်နေ့ဖြစ်ပေါ်လာပုံများ၊ ရှမ်းစာပေ ပညာရှင်ကြီးများ၏ ဓာတ်ပုံများ၊ ရှမ်းစော်ဘွားများ၏ ဟော်အဆောက်အအုံပုံများနှင့် ရှမ်းပြည်နယ်နေ့ အခမ်းအနား ကျင်းပသည့် မှတ်တမ်းဓာတ်ပုံများပြသထားရာ လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်။ **မိုးလွင်ဦး(လွိုင်လင်)**



# ရှမ်းပြည်နယ်နေ့ အခမ်းအနားများ ကျင်းပ

**နောင်ချို**

နှစ်(၇၀)မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီက နောင်ချိုမြို့နယ်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် နှစ် (၇၀) မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသဝဏ်လွှာကို နောင်ချိုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စောကဖတ်ကြားသည်။ ရှမ်းတိုင်းရင်းသားများက ရှမ်းပြည်နယ်နေ့အထိမ်းအမှတ်အဖြစ် ကောက်သစ်စားပွဲ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ပြုလုပ်ကြကြောင်း သိရသည်။ **စိုးဝင်း(နောင်ချို)**

**သီပေါ**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် နှစ်(၇၀)မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီက မြို့ဟောင်းကျေးရွာ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်းအဆောက်အအုံ၌ကျင်းပသည်။ အခမ်းအနားတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော နှစ်(၇၀)မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျက ဖတ်ကြားသည်။ ထို့နောက် ရှမ်းရိုးရာအစားအစာများဖြင့် ဧည့်ခံကျွေးမွေးကြပြီး ရှမ်းရိုးရာအကများဖြင့် စည်ကားစွာ ကျင်းပကြကြောင်း သိရသည်။ **စိုင်း(သီပေါ)**

**မိုးနဲ**

နှစ်(၇၀)မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားကို လင်းခေးခရိုင် မိုးနဲမြို့နယ် ဟော်ဝင်းအတွင်း မြက်ခင်းပြင်စင်မြင့်နေရာ၌ ဖေဖော်ဝါရီ ၇ ရက် နံနက် ၈ နာရီခွဲက ကျင်းပသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့လာသော နှစ်(၇၀)မြောက် ရှမ်းပြည်နယ်နေ့ သဝဏ်လွှာအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလုထွင်္ဍ ကလည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ထံမှ ပေးပို့လာသော နှစ်(၇၀)မြောက် ရှမ်းပြည်နယ်နေ့သဝဏ်လွှာအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဦးမြစိုးလှိုင် ကလည်းကောင်း ဖတ်ကြားခဲ့သည်။ ထို့နောက် ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသောကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ပြီး ရှမ်းတိုင်းရင်းသားအကများနှင့် ဖျော်ဖြေခဲ့ကြောင်း သိရသည်။ **မျိုးညွန့်ရွှေ (မိုးနဲ)**

**ဗန်းမော်**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် နှစ်(၇၀)မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက်နေ့နံနက် ၉ နာရီခွဲက ရွှေကျေးနားကျေးရွာ ရွှေကျီးနားစေတီ ကဇာတ်ရုံ၌ ကျင်းပသည်။ သဘာပတိ ဦးစိုင်းမောင်စိုင်းနှင့် ဦးစိုင်းလှရွှေတို့က အမှာစကား ပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်က ဂုဏ်ပြုအမှာစကား ပြောကြားရာ ရှမ်းပြည်နယ်နေ့ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းလှဆွေက ရှမ်းပြည်နယ်နေ့ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြခဲ့ကြသည်။ **ဆိမ်းခုံ-နန်းရီ**

# အာရှ ယူ -၂၃ ခြေစစ်ပွဲ မြန်မာအသင်း ယှဉ်ပြိုင်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၇**

ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်းသည် ဇူလိုင်လတွင်ကျင်းပမည့် အာရှ ယူ -၂၃ ခြေစစ်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ အဆိုပါ ခြေစစ်ပွဲမှာ မြန်မာအသင်း ယခုနှစ်တွင် ယှဉ်ပြိုင်ရမယ့် ပြိုင်ပွဲများအနက် အဓိကယှဉ်ပြိုင်ရမည့် ပြိုင်ပွဲလည်းဖြစ်ပါသည်။

အဆိုပါခြေစစ်ပွဲကို ဇူလိုင်လ ၁၅ ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အရှေ့တောင် အာရှနှင့် အနောက်အာရှဇုန်ဟူ၍ ဇုန်နှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် အရှေ့အာရှဇုန်တွင်ပါဝင်နေပြီး ယင်းခြေစစ်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိရန် ကြိုးပမ်းလျက်ရှိသည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် အနောက်အာရှဇုန်အုပ်စုငါးခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး ၂၄ သင်းဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကာ မြန်မာအသင်းပါဝင်သည့် အရှေ့အာရှဇုန်တွင် အုပ်စုငါးခုပါဝင်မည်ဖြစ်ပြီး ၂၂ သင်း ယှဉ်ပြိုင်မည်ဖြစ်သည်။ အာရှ ယူ-၂၃ ခြေစစ်ပွဲအတွက် အုပ်စုမဲခွဲပွဲကို မတ်လ ၁၇ ရက်တွင် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၌ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်နိုင်ငံများကိုပါ ရွေးချယ်မည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် အာရှ ယူ-၂၃ ပြိုင်ပွဲကို ၂၀၁၄ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး မြန်မာအသင်းအနေဖြင့် နှစ်စဉ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကာ ၂၀၁၄ ပြိုင်ပွဲတွင် နောက်ဆုံးအဆင့်သို့ တက်ရောက် ယှဉ်ပြိုင်ခွင့်ရခဲ့သော်လည်း ၂၀၁၆ ပြိုင်ပွဲတွင် ခြေစစ်ပွဲမအောင်ခဲ့ပေ။ ၂၀၁၄ ပြိုင်ပွဲတွင် ခြေစစ်ပွဲမအောင်ခဲ့သည့် မြန်မာအသင်းကို ပတ်ဆောင်ဟွာက ကိုင်တွယ် ခဲ့ပြီး ကျော်ကိုကို၊ ကြည်လင်း၊ ကျော်ဇေယျာဝင်း၊ ဇော်မင်းထွန်းတို့အုပ်စုဖြင့် ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၆ ပြိုင်ပွဲခြေစစ်ပွဲဝင်အသင်းကို ဦးကြည်လွင်က ကိုင်တွယ်ခဲ့ပြီး စင်ကာပူဆီးဂိမ်းပြိုင်ပွဲမတိုင်မီ ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကာ တရုတ်(တိုင်ပေ)ကို သုံးဂိုး-ဂိုးမရှိ၊ ဟောင်ကောင်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရသော်လည်း ဩစတြေးလျကို ငါးဂိုး-တစ်ဂိုးဖြင့် ရှုံးသောကြောင့် ခြေစစ်ပွဲမအောင်ခဲ့ခြင်းဖြစ်သည်။ ခြေစစ်ပွဲကျင်းပမည့် ပုံစံအရ အုပ်စု(၁၀)ခုမှ ထိပ်ဆုံး ၁၀ သင်းမှာ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ပြီး ဒုတိယနေရာရ ၁၀ သင်းအနက် အကောင်းဆုံးငါးသင်းမှာ ခြေစစ်ပွဲ အောင်မြင် မည်ဖြစ်သည်။ ၂၀၁၈ ပြိုင်ပွဲ နောက်ဆုံးအဆင့်ကို တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်းတွင် ကျင်းပမည်ဖြစ်သည်။

ယခုခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ -၂၂ အသင်းကို ဦးကြည်လွင်က ကိုင်တွယ်မည်ဖြစ်ပြီး မလေးရှား ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်မည့်ကစားသမားအများစုဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ပြည်ထောင်စုစိတ်ဓာတ်

## တက်စိုး(ယဉ်ကျေးမှုဗေဒ)

ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်မည့် ပြည်ထောင်စုနေ့သည် ရှမ်းပြည်နယ် ပင်လုံမြို့တွင် တိုင်းရင်းသားများစုစည်းပြီး ပင်လုံစာချုပ် ချုပ်ဆိုသောနေ့(၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂)ရက်နေ့ကို အစွဲပြုခေါ်ဝေါ်ခြင်းဖြစ်ပါသည်။ ပင်လုံစာချုပ်သည် ဗြိတိသျှလက်အောက်မှ တစ်စည်းတစ်လုံးတည်း လွတ်လပ်ရေးရယူဖို့ တိုင်းရင်းသားအားလုံး ခွင့်တူညီမျှ စုပေါင်းနေထိုင်ကြဖို့ ချုပ်ဆိုခဲ့ကြခြင်းဖြစ်ပါသည်။

ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ မိမိတိုင်းရင်းသားတို့၏ ဂုဏ်ဒြပ်ကို လေးနက်စွာကိုင်စွဲပြီး ပြည်ထောင်စုနိုင်ငံသားတစ်ဦး၏ ဂုဏ်ဒြပ်ကိုလည်း တစ်ပြိုင်နက်တည်း လေးနက်စွာကိုင်စွဲထားသော စိတ်ဓာတ်ကိုဆိုလိုပါသည်။

ပြည်ထောင်စုစိတ်ဓာတ်နှင့် ပတ်သက်ပြီး မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက် ခေါင်းဆောင်များက ပြောကြားခဲ့သည့်မိန့်ခွန်းများကို ထုတ်နုတ်တင်ပြလိုက်ပါသည်။

**၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ည ပင်လုံမြို့စော်ဘွားများ ထမင်းစားပွဲတွင် ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းမြွက်ကြားချက်**

ယခုအစည်းအဝေးတွင် ရာထူးအားဖြင့် ကျွန်တော်အကြီးဆုံးဖြစ်သော်လည်း အသက်အားဖြင့် အငယ်ဆုံးဖြစ်ပါတယ်။ ကျွန်တော် သည်ကိုရောက်လာတဲ့ကိစ္စ နားလည်တာတစ်ခုရှိပါတယ်။ ဘာလဲဆိုရင် မြန်မာပြည်ကြီး လွတ်လပ်စေချင်တယ်၊ ညီညွတ်စေချင်တယ် ကြီးပွားစေချင်တယ်၊ သည်ဟာပါပဲ။ တိုင်းပြည်လွတ်လပ်အောင်၊ ညီညွတ်အောင်၊ ကြီးပွားအောင် ဘယ်လိုလုပ်ရမလဲဆိုတာကို လွန်ခဲ့တဲ့ ၁၀ နှစ်လောက်စပြီး ကြိုးစားလာပါတယ်။ နောက်လည်း ကြိုးစားပါဦးမယ်၊ လုံးလုံးလွတ်လပ်တဲ့ကိစ္စ ပြီးပြတ်သည်အထိ ကြိုးစားပါမယ်။ ယခုနားလည်ထားကြဖို့အချက်က ယခုခေတ် ကမ္ဘာကြီး၏အခြေမှာ ဘယ်တိုင်းပြည်မဆို၊ ကိုယ့်တိုင်းပြည် တစ်ပြည်တည်း အထီးတည်းနေနိုင်တဲ့ အခြေမျိုးမရနိုင်ဘူး။ တစ်ပြည်နှင့်တစ်ပြည် ပေါင်းစပ်အမှီသဟဲရှိမှ နေနိုင်ကြမည်ဆိုတဲ့ အချက်ပါ။

**လူမျိုးစုအရေးကြီးပုံ**

နောက်တစ်ချက်က လူမျိုးရေးအကြောင်းကို ပြောလိုပါတယ်။ လူမျိုးရေးဆိုတာမှာလည်း ရှေးခေတ်က ဟစ်အော်လာကြတဲ့ (အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ)ဆိုတဲ့စကားမျိုးကို လက်သုံးပြုလို့ မလုံလောက်တော့ဘူး။ အမျိုးဆိုရာမှာ ဘယ်လိုအမျိုးကို တည်ရမလဲ။ ဗမာ၊ ကရင်၊ ကချင်၊ ချင်းနှင့် အခြားအမျိုးများလည်းရှိသေးတယ်။ တခြားနိုင်ငံများကို ကြည့်လိုက်လျှင် ဗမာပြည်မှာလို တိုင်းရင်းသား လူမျိုးအများရှိတာကို တွေ့နိုင်ပါတယ်။ တရုတ်ပြည်၊ ဂျပန်ပြည်နှင့် ရုရှားပြည်တို့မှာလည်း သည်အတိုင်းပဲ။ အမေရိကန်ပြည်မှာလည်း အင်္ဂလိပ်စကားကို ပြောကြသော်လည်း အင်္ဂလိပ်၊ အီတလီစတဲ့ လူအမျိုးမျိုးတို့စုပေါင်းပြီး လူမျိုးတစ်မျိုးဖြစ်အောင် ထူထောင်ပြီး သူတို့ကိုယ်ကိုယ် အမေရိကန်လို့ ဆိုကြတာပဲ။ ဒါကြောင့် လူမျိုးရေးအားဖြင့်ကြည့်လျှင် လူမျိုးတစ်မျိုးတည်းကို လိပ်ခဲတည်းလည်းစွဲပြီး ယူဆလို့ မဖြစ်နိုင်ဘူး။

**ဘာသာစကားကွဲပြားကြသော်လည်း**

ဘာသာစကားပင်တူသော်လည်း လူမျိုးခြားနားမှုလည်းရှိပါတယ်။ ဘာသာပင်မတူသော်လည်း လူမျိုးသီးခြားဖြစ်နေတာလည်း ရှိပါတယ်။ ဥပမာ အမေရိကန်ကိုကြည့်လျှင် လူအမျိုးမျိုးဖြစ်သော်လည်း ဘာသာစကားတူပါတယ်။ ရုရှားပြည်မှာဆိုလျှင် ဘာသာစကားအမျိုးပေါင်း များစွာကွဲသော်လည်း လူမျိုးကတော့ တစ်မျိုးတည်းဖြစ်ပါတယ်။

**ဘာသာကိုစွဲလမ်းကွဲပြားမှု**

သာသနာဆိုတာကတော့ ကိုယ်ကိုးကွယ်ချင်တဲ့ ဘာသာ၊ သာသနာကို ကိုးကွယ်နိုင်ကြတာ။ ဗမာပြည်မှာ လူများစုက ဗုဒ္ဓဘာသာဖြစ်ပေမယ့် ခရစ်ယာန်ဘာသာကိုးကွယ်သူ၊ မဟာမေဒင်ဘာသာကိုးကွယ်သူ၊ နတ်ကိုးကွယ်သူ အမျိုးမျိုးရှိတာပဲ။ သည်တော့ ဒါတွေကိုစွဲပြီး လူမျိုးရေး တရားလုပ်လို့ မဖြစ်နိုင်ဘူး။

**၁၉၅၄ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက် ပြည်ထောင်စုနေ့တွင် ဝန်ကြီးချုပ် ဦးနု ပြောကြားသည့်မိန့်ခွန်း**

ပြည်ထောင်စုဆိုသည်မှာ အဘယ်နည်း။ ပြည်ထောင်စုဆိုသည်မှာ လူအုပ်စုတစ်စုမှ အခြားသောအုပ်စုများကို မိမိတို့၏ အကျိုးစီးပွားအတွက် ဖိနှိပ်ချုပ်ချယ်ပြီး ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခု ဖြစ်ပါသလား။ သို့မဟုတ် အင်အားကြီးမားသော လူအများစုက အင်အားနည်းပါးသော လူနည်းစုကို အသုံးချပြီး ဖွဲ့စည်းထားခြင်းဖြစ်ပါတယ်။ သို့မဟုတ် အတိတ်ကာလတွင် ကျရှုံးခဲ့သူမှ အောင်နိုင်သူကို ပြန်လည်လက်တုံ့ပြန်ရန်အတွက် ဖွဲ့စည်းထားခြင်းဖြစ်ပါသလား။ အတိတ်က ဖြစ်စဉ်များဖြင့် နှောင်ဖွဲ့နေသည်လော၊ သက်ဦးဆံပိုင်စနစ်တွင် အာဏာရရှိရေးအတွက် ကြိုးပမ်းနေသည်လော။

> **မြန်မာနိုင်ငံသားများသည် စွမ်းဆောင်ရည် အိုင်ကျူမြင့်သူများဖြစ်ကြပြီး စိတ်ခံစားမှုနားလည်နိုင်စွမ်း အီးကျူမြင့်မားအောင် တည်ဆောက်ကြရမည် ဖြစ်ပါသည်။ အင်အားကြီးမားသူနှင့် အင်အားငယ်သူတို့အကြား နားလည်မှုအနုပညာကို ရှာဖွေကြဖို့ လိုအပ်ပါသည်။ လက်နက်ကိုင်စွဲမှုကို အားမကိုးဘဲ ဉာဏ်ပညာနှင့် ဖြေရှင်းကြရပါမည်**

ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားမျိုးစုံတို့သည် တူညီသောသဘောထားဖြင့် အောက်ဖော်ပြပါ ရည်ရွယ်ချက်များကို ပြည်ထောင်စုအဖြစ် တည်ထောင်ခဲ့ကြသည်-

နိုင်ငံ၏ သယံဇာတများကို ခွဲခြားခြင်းမရှိ အတူတကွပိုင်ဆိုင်ကြသည်။

နိုင်ငံ၏အချုပ်အခြာအာဏာကို ခွဲခြားခြင်းမရှိ အတူတကွပိုင်ဆိုင်ကြသည်။

ပြည်ထောင်စုအတွင်းရှိ ပြည်သူများသည် တရားမျှတစွာ အတူတကွ နေထိုင်ကြသည်။

ပြည်ထောင်စုအတွင်းရှိ ပြည်သူများသည် နိုင်ငံတော်၏ တိုးတက်မှုကျရှုံးမှုများကို အတူတကွခံစားကြမည်။

ပြည်ထောင်စုကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် အနာဂတ်ဘဝအသစ်အတွက် ပြည်သူများတွင် တူညီစွာတာဝန်ရှိပါသည်။

ခေတ်အဆက်ဆက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်ခဲ့ကြရာတွင် ဦးတည်ချက်တူညီပြီး နည်းဗျူဟာသာ ကွဲပြားပါသည်။ နိုင်ငံရေးအင်စတီကျူးရှင်းနှင့် တိုင်းရင်းသား အင်စတီကျူးရှင်းများ တစ်ပြိုင်နက် အားကောင်းလာပါက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် မလွဲမသွေရှိလာမည် ဖြစ်ပါသည်။ တိုင်းရင်းသားအင်စတီကျူးရှင်းအတွက် တိုင်းရင်းသားရေးရာဝန်ကြီးဌာန ဖွဲ့စည်းတည်ထောင်ပြီးဖြစ်သလို တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်များ ဖွင့်လှစ်ထားပြီး ဖြစ်ပါသည်။ သက်ဆိုင်ရာ တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့များလည်းဖွဲ့စည်းတည်ထောင်ထားကြပြီးဖြစ်ပါသည်။ ယဉ်ကျေးမှုများစုပေါင်းနေထိုင်ကြခြင်းသဘောအရ တိုင်းရင်းသားတစ်မျိုး၏ တီထွင်ဖန်တီးထားသောအဝတ်အထည်များကို အခြားတိုင်းရင်းသားပေါင်းစုံက နှစ်သက်စွာဝတ်ဆင်ခြင်း၊ တိုင်းရင်းသားအစားအစာတစ်မျိုး အခြားသောတိုင်းရင်းသားပေါင်းစုံက ခုံမင်စွာစားသောက်ကြခြင်းများသည် ပြည်ထောင်စုအနှစ်သာရပင်ဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတွင် ယေဘုယျအားဖြင့် တိုင်းရင်းသား ၁၃၅ မျိုး နေထိုင်လျက်ရှိပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နှစ်ပေါင်းထောင်ချီပြီး တိုင်းရင်းသားမျိုးနွယ်စုများ မပျောက်ကွယ်ဘဲ အတူတကွနေထိုင်ခဲ့ကြခြင်းသည် လွတ်လပ်စွာစည်းလုံးညီညွတ်စွာနေထိုင်ခဲ့ကြသည်ဟု ကောက်ချက်ချနိုင်ပါသည်။ မြန်မာနိုင်ငံသည် လူဦးရေများပြားသည့် အိမ်နီးချင်းနိုင်ငံများကြားတွင် နေထိုင်ကြရသဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ရေးသည် သိမ်မွေ့သော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။

တိုင်းရင်းသားအားလုံး အားထုတ်ကြိုးပမ်းကြရမည့်ကဏ္ဍမှာ နိုင်ငံရေးအင်စတီကျူးရှင်းပင် ဖြစ်ပါသည်။ တိုင်းရင်းသားများ စုပေါင်းနေထိုင်သည့် ပြည်ထောင်စုဖက်ဒရယ်နိုင်ငံတစ်ခုကိုတည်ဆောက်ရန်ဖြစ်ပါသည်။ ဗဟိုအစိုးရနှင့် ပြည်နယ်များ အာဏာခွဲဝေမှုပြဿနာသည် ဖက်ဒရယ်ပြည်ထောင်စုများတွင် ဖြစ်မြဲပြဿနာသာ ဖြစ်ပါသည်။ ပထမကမ္ဘာစစ်သည် ဥရောပနိုင်ငံများရှိ တိုင်းရင်းသားလူမျိုးစုပြဿနာမှ စတင်ခဲ့သည်ဟု ဆိုပါသည်။ မျက်မှောက်ခေတ်တွင်မူ ဥရောပနိုင်ငံများသည် ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို အောင်မြင်စွာတည်ထောင်ပြီး စည်းလုံးညီညွတ်စွာ နေထိုင်လျက်ရှိကြပါသည်။ အဆင့်မြင့်သော နိုင်ငံရေးယဉ်ကျေးမှုကို တည်ဆောက်နိုင်ပါက တိုင်းရင်းသားပြဿနာများသည် ဖြေရှင်းပြီးဖြစ်နေပါလိမ့်မည်။ နိုင်ငံရေးအရ ညှိနှိုင်းရာတွင်ဖြစ်စေ တိုင်းရင်းသားအရေးရာများတွင်ဖြစ်စေ တစ်ဦးစိတ်ကိုတစ်ဦး အပြန်အလှန် နားလည်နိုင်စွမ်း လက်ခံနိုင်စွမ်းသည် (Empathy) အဓိကအချက်ဖြစ်ပါသည်။

မြန်မာနိုင်ငံသားများသည် စွမ်းဆောင်ရည် အိုင်ကျူမြင့်သူများဖြစ်ကြပြီး စိတ်ခံစားမှုနားလည်နိုင်စွမ်း အီးကျူမြင့်မားအောင် တည်ဆောက်ကြရမည် ဖြစ်ပါသည်။ အင်အားကြီးမားသူနှင့် အင်အားငယ်သူတို့အကြား နားလည်မှုအနုပညာကိုရှာဖွေကြဖို့ လိုအပ်ပါသည်။ လက်နက်ကိုင်စွဲမှုကို အားမကိုးဘဲ ဉာဏ်ပညာနှင့်ဖြေရှင်းကြရပါမည်။

နိုင်ငံတကာသဘောတရားမှာ ပညာရေးကောင်းမွန်စေခြင်းဖြင့် လူမှုပြဿနာများကို ပြေလည်စေသည်ဟု ယူဆကြပါသည်။ ဘာသာတရား၏ စိတ်ပိုင်းဆိုင်ရာ အဆုံးအမများကြောင့်လည်း သိမ်မွေ့မှုကို ရရှိစေပါသည်။ ဘက်စုံထောင့်စုံမှ အားထုတ်ဆောင်ရွက်ပါမှ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

ကမ္ဘာလုံးဆိုင်ရာ ပြဿနာများဖြစ်သော ကမ္ဘာကြီးပူနွေးလာမှု နျူကလီးယားပြဿနာများ၊ အကြမ်းဖက်မှုများ၊ လူဦးရေဖောင်းပွမှုပြဿနာများ၊ နည်းပညာလက်ဝါးကြီးအုပ်မှုများကို ရင်ဆိုင်နိုင်ရန် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးက အဓိကဖြစ်ပါသည်။ မိမိတစ်ဦးချင်း လူမျိုးစုတစ်ခုချင်း ရည်မှန်းချက်ထက် ပြည်ထောင်စုရည်မှန်းချက်ကို သိနားလည်ရန်လိုပါသည်။

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ဒုတိယအကြိမ် (၂၁) ရာစုပင်လုံ ညီလာခံကို ကျင်းပတော့မည်ဖြစ်ပါသည်။ တိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံး ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေတည်ပြီး ဆွေးနွေးညှိနှိုင်းကြဖို့ မျှော်လင့်ပါသည်။

နိုင်ငံတကာ၏နောက်ဆုံးသုတေသနများအရ ပြည်သူတစ်ဦးချင်း၏ သတင်းအချက်အလက်ရရှိနိုင်မှုသည် အဓိကဖြစ်ပါသည်။ တစ်ဖက်သတ်သတင်းပေးမှုမျိုး ဝါဒဖြန့်မှုများကို ရှောင်ကြဉ်သင့်ပါသည်။ သတင်းအချက်အလက် ပေါက်ကွဲဖောင်းပွနေသောကာလတွင် သတင်းအချက်အလက် မြန်ဆန်စွာရရှိမှု၊ မှန်ကန်စွာရရှိမှု လိုအပ်သည့်အချိန်ဖြစ်ပါသည်။ ပြည်သူများအကြား သတင်းအချက်အလက် အပြည့်အဝရရှိရန် ဆောင်ရွက်ပေးခြင်းဖြင့် စည်းလုံးညီညွတ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်ကြပါစေဟု ရေးသားတင်ပြလိုက်ရပါတယ်။

## အမျိုးသမီးအဖွဲ့အစည်းများအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်းဖွင့်ပွဲကျင်းပ




**နေပြည်တော် ဖေဖော်ဝါရီ ၇** မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ ကြီးမှူးကျင်းပသည့် အမျိုးသမီး အဖွဲ့အစည်းများအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်ရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်က မြန်မာနိုင်ငံလူ့အခွင့်ရေးကော်မရှင်အနေဖြင့် လူ့အခွင့်အရေးအသိပညာပြန့်ပွားရေး ဆောင်ရွက်ရာတွင် အဓိကအုပ်စုများ သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသမီးအုပ်စုသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါကြောင်း၊ နိုင်ငံလူဦးရေ၏ ထက်ဝက်ကျော် ၅၁ ဒသမ ၅ ရာခိုင်နှုန်းခန့်ရှိသည့် အမျိုးသမီးထုကြီး၏ ခွဲခြားမှုမှန်သမျှပပျောက်ရေးကြိုးပမ်းမှုတွင် လူ့အခွင့်ရေးအသိပညာ မှန်ကန်စွာသိရခြင်းအားဖြင့် ပိုမိုထိရောက်မည်ဟု ယူဆပါကြောင်း၊ ယနေ့ တက်ရောက်လာကြသည့် အမျိုးသမီးများကလည်း ၂၆ သန်းကျော်သော အမျိုးသမီးထုကြီးကို ကိုယ်စားပြုနေကြသူများဖြစ်ပါကြောင်း၊ အမျိုးသမီးအုပ်စုကို လူ့အခွင့်အရေး အသိပညာဖြန့်ဝေပေးရခြင်းသည် လွန်စွာအကျိုးရှိမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်သက်သက်ဇင်က လူ့အခွင့်အရေးဆိုသည်မှာ လူတိုင်းနှင့် သက်ဆိုင်ပြီး မသိမဖြစ် နားလည်ထားရမည့် ဘာသာရပ်ဖြစ်သလို ပြည်သူများအတွင်း လူ့အခွင့်အရေး အသိပညာပြန့်ပွားပြီး လေးစားလိုက်နာကြဖို့ အလွန်အရေးကြီးပါကြောင်း၊ အမျိုးသမီးရေးရာ အဖွဲ့ချုပ်သည် အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေသည့် အစိုးရမဟုတ်ဘဲ စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းကြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးပေါင်းစုံ အမျိုးသမီးထုကြီး တစ်ရပ်လုံးအတွက် ရပ်တည်နေသည့် အဖွဲ့ဖြစ်သည်နှင့်အညီ အမျိုးသမီးများ၏ အခွင့်အရေးများ အပြည့်အဝရရှိခံစားနိုင်ရေး၊ အခွင့်အရေးများ ချိုးဖောက်မှုမခံရရေး၊ အမျိုးသမီးများ ဘဝလုံခြုံမှုရရှိစေရေး၊ အမျိုးသမီးများ လူမှုစီးပွား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းကြီးလည်း ဖြစ်ပါကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

# လေကြောင်းပို့ဆောင်ရေးဆိုင်ရာ ကဏ္ဍများအတွက် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးတွင် ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၇

**မြန်မာနိုင်ငံပေါ်တွင် နေ့စဉ်ဖြတ်ကျော်ပျံသန်းသည့် လေယာဉ်အစင်းရေသည် နှစ်စဉ်တိုးတက်လျက်ရှိပြီး တစ်နေ့လျှင် အများဆုံးခေါက်ရေ ၆၀၀ ခန့်အား လေယာဉ်ဖြတ်ကျော် ပျံသန်းခများ ကောက်ခံလျက်ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာ ၈၃ ဒသမ ၂၃၃ သန်း၊ ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာရေးနှစ် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်အထိ အမေရိကန်ဒေါ်လာ ၅၈ ဒသမ ၄၉၁ သန်း ရရှိခဲ့ပါကြောင်း** ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ပြည်သူ့လွှတ်တော်တွင် ရှင်းလင်းဖြေကြားသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဥ္စမနေ့တွင် ပွင့်ဖြူမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း၏ **နိုင်ငံတကာလေကြောင်းလိုင်းများမှ မြန်မာနိုင်ငံ ဝေဟင်ပိုင်နက်များတွင် နေ့စဉ်ဖြတ်သန်းမောင်းနှင်လျက်ရှိသော အပြည်ပြည်ဆိုင်ရာ လေယာဉ်များအား မည်သည့်ဝန်ကြီးဌာနမှ မည်သည့်ခုနှစ်တွင်စတင်၍ အခွန်မည်မျှစည်းကြပ်ကောက်ခံပြီး ကောက်ခံရရှိသော အခွန်ဘဏ္ဍာများအား မည်သည့်နေရာများတွင် သုံးစွဲသည်ကို သိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက ယင်းသို့ဖြေကြားခဲ့ခြင်းဖြစ်သည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် လေယာဉ်ဖြတ်ကျော်ပျံသန်းဝန်ဆောင်ခကို ၁၉၃၄ ခုနှစ် လေကြောင်းဥပဒေကိုအခြေခံ၍ ၁၉၄၈ ခုနှစ်မှ စတင်ကောက်ခံခဲ့ပြီး ကောက်ခံခဲ့သည့်နှုန်းထားမှာ လေယာဉ်၏ အများဆုံးအလေးချိန်အပေါ် အခြေခံ၍ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ်၏ လမ်းညွှန်သတ်မှတ်ချက်များနှင့်အညီ ကောက်ခံလျက်ရှိပါကြောင်း၊ လေယာဉ်ဖြတ်ကျော် ပျံသန်းဝန်ဆောင်ခ ကောက်ခံရရှိငွေများအား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံတော်သို့ အပတ်စဉ် ပေးသွင်းလျက်ရှိပါကြောင်းနှင့် ရရှိလာသည့် ဝန်ဆောင်ခများကို နိုင်ငံတော်၏ အစီအမံဖြင့်သာ စနစ်တကျ ခွဲဝေသုံးစွဲလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။



ဒုတိယဝန်ကြီး ဦးကျော်မျိုး

အလားတူ ဒုတိယဝန်ကြီး ဦးကျော်မျိုးက ကျိုင်းတုံမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစတီဖန်၏ **နေပြည်တော်-ကျိုင်းတုံ အသွားအပြန် လေယာဉ်ခရီးစဉ်ကို တစ်ပတ်လျှင် အနည်းဆုံးတစ်ကြိမ် ပြေးဆွဲပေးနိုင်ခြင်းရှိ/မရှိ သိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံလေကြောင်း သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ပြည်တွင်းခရီးစဉ်များ ပျံသန်းပြေးဆွဲလျက်ရှိသော နိုင်ငံတော်ပိုင်လေကြောင်းလိုင်း တစ်လိုင်းနှင့် ပုဂ္ဂလိက လေကြောင်းလိုင်းကိုးလိုင်း စုစုပေါင်း ၁၀ လိုင်း ရှိပါကြောင်း၊ မြန်မာအမျိုးသားလေကြောင်းလိုင်းအနေဖြင့် စီးပွားရေးဆန်ဆန် ဆောင်ရွက်ပြီး နိုင်ငံတကာအဆင့်မီ လေကြောင်းလိုင်းအဖြစ် ရပ်တည်နိုင်ရန် ရည်ရွယ်၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ စတင်ကာ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ တောင်းခံခြင်းမပြုတော့ဘဲ မိမိဝင်ငွေဖြင့် ရပ်တည်ဆောင်ရွက်လျက်ရှိရာ ယခင်အသုံးပြုနေသည့် ဖော်ကာလေယာဉ် ဟောင်းများနေရာတွင် ဘိုးအင်း၊ အေတီအာရ်ကဲ့သို့ ခေတ်မီလေယာဉ်များကို ငှားရမ်းခြင်း၊ ဝယ်ယူခြင်းတို့ကို ပြုလုပ်၍ အစားထိုးခြင်း၊ အေတီအာရ်လေယာဉ် အကြီးစားပြုပြင်ထိန်းသိမ်းရေး အလုပ်ရုံ တည်ဆောက်ခြင်း စသည့် ရင်းနှီးမြှုပ်နှံမှုများကို လေကြောင်းလိုင်း၏ ဝင်ငွေအပြင် ထပ်မံလိုအပ်နေသည့် ငွေများကို အမေရိကန်နိုင်ငံ GECAS Co., Ltd ထံမှချေးယူ၍ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နေသည့်ကာလ ဖြစ်ပါကြောင်း။



ပွင့်ဖြူမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း

ထိုသို့ ရင်းနှီးမြှုပ်နှံမှုများစွာ ပြုလုပ်ထားရသည့်အတွက် လောလောဆယ် အသုံးစရိတ်များပြီး ဝင်ငွေနှင့်မမျှတသေးပါသဖြင့် စီးပွားရေးအရ တွက်ခြေမကိုက်သည့်ခရီးများ ပြေးဆွဲခြင်းမပြုဘဲ ရပ်ဆိုင်းထားရပါကြောင်း၊ ယခင်က နေပြည်တော်-ကျိုင်းတုံခရီးစဉ်ကို ၂၀၁၀ ခုနှစ်မှ ၂၀၁၄ ခုနှစ် နှစ်ကုန်ပိုင်းအထိ တစ်ပတ်လျှင် နှစ်ရက် ပြေးဆွဲပေးခဲ့ပါကြောင်း၊ သို့သော်လည်း ခရီးသည်ရရှိမှုနှင့် ပျံသန်းမှုကုန်ကျစရိတ် ကာမိခြင်းမရှိသည့်အတွက် ရပ်နားခဲ့ရပြီးဖြစ်ပါကြောင်း၊ အလားတူ ပုဂ္ဂလိကလေကြောင်းလိုင်းကိုးလိုင်းအနေဖြင့်လည်း စီးပွားရေးအရ တွက်ခြေကိုက်မှုမရှိသည့် နေပြည်တော်-ကျိုင်းတုံခရီးစဉ်ကို ပြေးဆွဲနိုင်ခြင်းမရှိကြောင်း မေးမြန်းသိရှိရပါကြောင်း၊ သို့ဖြစ်၍ ကိုယ်စားလှယ်တော်ကြီး မေးမြန်းသည့် နေပြည်တော်-ကျိုင်းတုံ အသွားအပြန် လေယာဉ်ခရီးစဉ်ကို ပြည်တွင်းလေကြောင်းလိုင်းများ အနေဖြင့် ပြေးဆွဲနိုင်ခြင်းမရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

ယနေ့အစည်းအဝေးတွင် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို၏ **၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်နေ့ရှိ ဝန်ကြီးဌာနတစ်ခုချင်း၏ ရရန်ရှိသော ကြွေးမြီများနှင့် ပေးရန်ရှိသော ကြွေးမြီများအခြေအနေကို အများပြည်သူသိရှိနိုင်ရေး ပွင့်လင်းမြင်သာစွာ ချပြနိုင်ခြင်းရှိ/မရှိ မေးခွန်းကို** စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဝန်ကြီးဌာနတစ်ခုချင်း၏ ရရန်ရှိသောကြွေးမြီများ၊ ပေးရန်ရှိသောကြွေးမြီများကို ရှင်းလင်းနိုင်ရန်အတွက် ဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်းဆောင်ရွက်ခြင်း၊ ပြင်ပအဖွဲ့အစည်းများမှ ရရန်ရှိသော ကြွေးမြီများအား သတ်မှတ်ရက်အတွင်း ပေးသွင်းနိုင်ခြင်းမရှိပါက စဉ်ဆက်မပြတ်ကြွေးတောင်းခံစာများ၊ သတိပေးနှိုးဆော်စာများ ထုတ်ပြန်ခြင်း၊ တောင်းခံသင့်သော လုပ်ငန်းရှင်များကို သက်ဆိုင်ရာဌာနများမှ ခေါ်ယူဆွေးနွေးတောင်းခံခြင်းများ အပြင် ဒဏ်ကြေးကောက်ခံခြင်းနှင့် ဥပဒေကြောင်းအရ အရေးယူခြင်းတို့ဖြင့် ပေါင်းစပ်၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ပချေးငွေများနှင့် စပ်လျဉ်း၍ ချေးငွေစာချုပ်ချုပ်ဆိုပြီးနောက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအနေဖြင့် ဆိုင်းငံ့ကာလအတွင်းတွင် ချေးငွေထုတ်ယူသုံးစွဲသည့်ပမာဏအပေါ် ကျသင့်အတိုးကိုသာပေးဆပ်ရပြီး ဆိုင်းငံ့ကာလကုန်ဆုံးသည့်အခါ သတ်မှတ်ထားသည့် အချိန်ဇယားအတိုင်း ကျသင့်အတိုးနှင့် အရင်းပေးဆပ်ငွေတို့ကို အရစ်ကျပေးဆပ်ရပါကြောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ချေးငွေသုံးစွဲသည့်ဌာန၊ အဖွဲ့အစည်းတို့တွင် ချေးငွေနှင့် ပတ်သက်သည့် မှတ်တမ်းများ စနစ်တကျထားရှိပြီး ချေးငွေတစ်ခုချင်းအလိုက် အရင်း အတိုးပေးဆပ်ရမည့် အချိန်ဇယားအတိုင်း နောက်ဆုံးအရစ်ပေးချေပြီးသည့်အခါမှသာ ၎င်းချေးငွေနှင့် ပတ်သက်၍ သက်ဆိုင်ရာချေးငွေပေးသည့် နိုင်ငံ၊ အဖွဲ့အစည်းများနှင့် ချေးငွေစာရင်း ရှင်းလင်းမှု ပြီးပြတ်ပါကြောင်း၊ ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီး/ဦးစီးဌာနများသည် ဘဏ္ဍာရေးနှစ်အလိုက် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများ ရေးဆွဲရာတွင် ပြည်ပချေးငွေများ ရယူထားသည့် အဖွဲ့အစည်းများသည် ပြည်ပချေးငွေအရင်း ပြန်လည်ပေးဆပ်ရန် (သို့) အတိုးနှင့်စရိတ် ပေးချေရန်တို့အတွက် အသုံးစရိတ်တွင် ထည့်သွင်းလျာထားပြီး တင်ပြရမည်ဖြစ်ပါကြောင်း၊ ယင်းအသုံးစရိတ်များကို ပြည်ထောင်စု

စာမျက်နှာ ၈ သို့

# မြန်မာအမျိုးသား မြေပုံစနစ်တည်ထောင်ရေးလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ) ဦးလှမြင့်သန်း၏ **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တစ်မျိုးတည်းသော မြေပုံစနစ် ပြုစုထားရှိရန်နှင့် မြို့ပြနှင့် ကျေးလက်မြေယာများကို ကွက်စိပ်မြေပုံများ ပြုစုမှတ်တမ်းတင်ထားရန် စီမံကိန်းချမှတ်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ၊ နိုင်ငံတော်တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ကိုင်နေသော လယ်ယာမြေအားလုံးကို မှတ်ပုံတင်နိုင်ရေး နှစ်ရှည်စီမံကိန်းချမှတ်ဆောင်ရွက်ရန် အစီအစဉ်ရှိ/ မရှိနှင့် သစ်တောမြေ၊ စားကျက်မြေများအတွင်း စိုက်ပျိုးလုပ်ကိုင်လျက်ရှိသောကြောင့် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေအရ မှတ်ပုံတင်ရန် အကျုံးမဝင်သည့်မြေများနှင့်ပတ်သက်၍ မည်ကဲ့သို့ ဆောင်ရွက်နေသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က မြန်မာနိုင်ငံအစိုးရဌာန၊ အဖွဲ့အစည်းများတွင် မြေပုံနှင့်မြေပြင်ဆိုင်ရာကိန်းဂဏန်းများ ကောက်ယူသည့် နည်းစနစ်များ၊ ကိန်းဂဏန်းစုစည်းမှုနှင့် မြေပုံထုတ်လုပ်သည့် နည်းစနစ်များ အမျိုးမျိုးအဖုံဖုံ ကွဲပြားခြားနားနေသည့်အတွက် တစ်မျိုးတည်းသော မြေပုံစနစ်တည်ထောင်နိုင်ရန် မြန်မာအမျိုးသားမြေပုံစနစ် တည်ထောင်ခြင်းစီမံကိန်းကို ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၈ ရက်တွင် အဖွဲ့ဝင် ၁၈ ဦးပါဝင်သည့် အမျိုးသားမြေပုံစနစ် နည်းပညာဆိုင်ရာ ကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းတာဝန်ပေးခဲ့ပါကြောင်း၊ အဆိုပါကော်မတီကို ၂၀၁၆ အောက်တိုဘာ ၁၈ ရက်တွင် အဖွဲ့ဝင် ၁၈ ဦးဖြင့် ပြန်လည်ပြင်ဆင်ဖွဲ့စည်း၍ မြန်မာအမျိုးသား မြေပုံစနစ် တည်ထောင်ရေးလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။



ဒုတိယဝန်ကြီး ဦးလှကျော်

မြန်မာနိုင်ငံ၌ မြို့နယ်ပေါင်း ၃၃၀၊ မြို့ပေါင်း ၄၃၅ မြို့၊ ကျေးရွာအုပ်စုပေါင်း ၁၃၅၉၁ အုပ်စု၊ ကျေးရွာပေါင်း ၆၃၈၃၁ ရွာ တည်ရှိပါကြောင်း၊ ၎င်းတို့အနက် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး စည်ပင်သာယာ နယ်နိမိတ်များအတွင်းရှိ မြေယာများအား သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီများမှ လည်းကောင်း၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့မြေနှင့်စိုက်ပျိုးမြေများအား လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ လည်းကောင်း ကွက်စိပ်မြေပုံများ တိုင်းတာရေးဆွဲ၍ မှတ်တမ်းပြုစု ထိန်းသိမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ၁၉၀၆ ခုနှစ်မှစတင်၍ ကြေးတိုင်နှင့် မြေစာရင်းများ ဆောင်ရွက်ခဲ့ရာတွင် ကျေးရွာအုပ်စုပေါင်း ၁၃၅၉၁ အုပ်စုအတွင်းရှိ ကွင်းပေါင်း ၈၃၅၇၁ ကွင်း၊ အကွက်ပေါင်း ၁၀၄၁၄ ကွက် စုစုပေါင်း ဧရိယာ ၄၇ ဒသမ ၉၈ ကေသန်းအပေါ် ကွက်စိပ်မြေပုံများ တိုင်းတာထိန်းသိမ်းခဲ့ပါကြောင်း၊ ထို့အပြင် နှစ်စဉ် မြေကြီး၊ မြေပုံနှင့် မြေစာရင်းမှန်ကန်ရေးအတွက် ပြန်တိုင်း/ ပြင်တိုင်း ဆောင်ရွက်ခြင်းလုပ်ငန်းကိုလည်း စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးစိုးသီဟ(ခ) မောင်တူး၏ **ပေါင်မြို့နယ် မြို့မရေိယာအတွင်းရှိ ကဒုံစီးကျွဲခြံချောင်းအား မူလရေိယာအတိုင်း သတ်မှတ်တိုင်းတာပေးရန် အစီအစဉ် ရှိ/မရှိနှင့် ယင်းချောင်းအား ရေစီးဆင်းမှုဆွဲအားကောင်းစေရန် လိုအပ်သောချောင်းကော ရေိယာများအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ/ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ကဒုံစီးကျွဲခြံချောင်း အရှည်ပေ ၂၀၀၀၀ ခန့် ပြန်လည်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပါက ခန့်မှန်းကုန်ကျငွေကျပ်သန်း ၂၀၀ ခန့် ကုန်ကျမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်းဖြင့် ချောင်းအတွင်း ရေစီးဆင်းမှုကောင်းမွန်ပြီး ရေငန်ဝင်ရောက်မှု၊ နုန်းပို့ချမှုနှင့် လယ်မြေက ၅၀၀ ခန့်နှင့် ရပ်ကွက်ကျေးရွာများ ရေကြီးနစ်မြုပ်မှု လျော့နည်းသက်သာစေနိုင်မည်ဖြစ်ပါကြောင်း၊ ပေါင်မြို့နယ် ကဒုံစီးကျွဲခြံချောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းသည် ၂၀၁၆ - ၂၀၁၇ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ ရန်ပုံငွေလျာထားစာရင်းတွင်မပါရှိသဖြင့် ဆောင်ရွက်ရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။



မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း

ထို့အပြင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်ဆွေ၏ မြေစာရင်းမှန်ကန်ရေးဆိုင်ရာ မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **၁၉၇၃ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်နိုင်နှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုးတို့က ဆွေးနွေးကြပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးချက်များအပေါ် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် ကြေညာသည်။

ယင်းနောက် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး၏ **နိုင်ငံတော်၏သား၊ ငါးကဏ္ဍတိုးတက်ရန်နှင့် စားနပ်ရိက္ခာဖူလုံရန် စသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားသည်ဆိုသော MICA (Myanmar International Cooperation Agency) သည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးပြုမှုမရှိဘဲ လူတစ်စုမှ လက်ဝါးကြီးအုပ်ခြယ်လှယ် လုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်းကြောင့် အဆိုပါ MICA အဖွဲ့ကို ဖျက်သိမ်းပြီးလျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ တရားဝင်ခွင့်ပြုမိန့်မရရှိဘဲ ဆောင်ရွက်ခဲ့သည့် သိမ်းဆည်းရယူထားသော စက်ရုံများ၊ လုပ်ငန်းများ၊ မြေယာများကို မည်သို့စီမံထားကြောင်းနှင့် ရရှိခဲ့သည့် ငွေကြေးစီမံခန့်ခွဲထားမှုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ပွင့်လင်းမြင်သာစွာ ရှင်းလင်းဖော်ထုတ်ပေးပါရန် တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦးနှင့် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာ ခွန်ဝင်းသောင်းတို့က ထောက်ခံဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က အဆိုတွင်ပါရှိသည့် MICA အဖွဲ့ ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ ယခုအခါ ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း၊ အဆိုပါအဖွဲ့မှ ရယူထားသော ခြံ၊ စက်ရုံ၊ မြေယာများကို သက်ဆိုင်ရာဌာနများမှ အဖွဲ့ဖျက်သိမ်းပြီး ပြန်လည်လွှဲပြောင်းရယူရန် စီစဉ်ဆောင်ရွက်နေပါကြောင်း၊ ငွေကြေးစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အဖွဲ့ဖျက်သိမ်းရာတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြစ်စေရန် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသို့ တင်ပြဆောင်ရွက်သွားရန် စီမံထားရှိပြီးဖြစ်ပါကြောင်း၊ အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ကို နာခံမည်ဖြစ်ပါကြောင်း ပြန်လည်ဆွေးနွေးဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ ဆန္ဒကိုရယူရာ ထောက်ခံမဲများသည့်အတွက် အဆိုကို အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# သံဃာတော်များပြည့်စုံစွာဆေးကုသမှုခံယူနိုင်ရန် သထုံတွင် သံဃာ့ဆေးရုံသစ် တည်ဆောက်မည်

**သထုံ ဖေဖော်ဝါရီ ၇**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ သံဃာတော်များအား ကောင်းမွန်ပြည့်စုံစွာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိနိုင်ရေးအတွက် သထုံမြို့နယ်သံဃနာယကဆရာတော်ကြီးများ၏ ဦးဆောင်မှုဖြင့် ဂိလာနသံဃာတော်များစောင့်ရှောက်ရေးအဖွဲ့မှ သထုံခရိုင်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း ငွေကျပ်သိန်း ၂၇၀၀ ကျော် ကုန်ကျမည့် သံဃာ့ဆေးရုံသစ်ကြီးကို ယခုလအတွင်း စတင်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

"လက်ရှိ သံဃာ့ဆေးရုံက ခုတင် ၂၀ ပဲ ဆံ့တယ်။ နှစ်ပေါင်း ၆၀ လောက်ရှိပြီ ဆိုတော့ ဟောင်းနွမ်းပျက်စီးလာပြီ၊ သံဃာတော်တွေအနေနဲ့ သီတင်းသုံးရတာ အဆင်ပြေမှုမရှိတော့ဘူး။ ဒီအတွက် အဆင့်မီတဲ့ သံဃာ့ဆေးရုံကြီးဖြစ်ဖို့ လွန်ခဲ့တဲ့ သုံးလေးနှစ်ကတည်းက ကြိုးစားခဲ့ကြတယ်။ အခက်အခဲတွေကတော့ အများကြီးပေ့ါ။ အပြင်မှာ သွားဆောက်ရင်လည်း ဆေးရုံဝန်ထမ်းတွေက စောင့်ရှောက်ဖို့ခဲယဉ်းတယ်၊ ဒါကြောင့် ဆေးရုံသစ်ဆောက်မယ့်နေရာကို ဆေးရုံဝန်းအတွင်းက အဆင်ပြေမယ့်နေရာကို ရွေးထားတယ်။ ကျန်းမာရေးဌာနကလည်း ခွင့်ပြုချက်ရထားပါပြီ။ လောလောဆယ် အဲမှာရှိနေတဲ့ အဆောက်အအုံဟောင်းကို ဖျက်နေတယ်။ ပြီးရင်တော့ သံဃာ့ဆေးရုံကို ဆောက်တော့မှာပါ" ဟု မြို့နယ်ဂိလာနသံဃာတော်များ စောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရွှေသင်းက ပြောသည်။



သထုံမြို့နယ်အတွင်း အသစ်ဆောက်လုပ်မည့် သံဃာ့ဆေးရုံသစ်ပုံစံငယ်

သထုံဂိလာနသံဃာ့ဆေးရုံသစ်တွင် အနယ်နယ်အရပ်ရပ်မှ မည်သည့် သံဃာတော်များမဆို တက်ရောက်ကုသမှုခံယူနိုင်ပြီး သံဃာတော်အားလုံးအား ဆွမ်း၊ ကွမ်း လှူဒါန်းခြင်းဆောင်ရွက်ပေးမည်ဖြစ်သော်လည်း ဆေးကုသစရိတ်များကိုမူ သထုံမြို့နယ် ဂိလာနသံဃာတော်များစောင့်ရှောက်ရေးအဖွဲ့အနေဖြင့် ရန်ပုံငွေအခက်အခဲကြောင့် မြို့နယ်သံဃနာယကအဖွဲ့မှ အသိမှတ်ပြုထားသည့် သထုံမြို့နယ်အတွင်းရှိ ကျောင်းတိုက်အသီးသီးမှ သံဃာတော်များကိုသာ ဦးစားပေး ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

ယခုဆောက်လုပ်မည့် သံဃာ့ဆေးရုံသစ်မှာ အလျား ပေ ၁၀၀၊ အနံ ၃၈ ပေ၊ အမြင့် ၁၂ ပေ၊ နှစ်ထပ် အဆောက်အအုံဖြစ်သည်။ တန်ဖိုးငွေကျပ် ၂၇၈၇ သိန်းကုန်ကျမည်ဖြစ်ပြီး သံဃာတော် အပါး ၄၀ ခန့် တက်ရောက်ကုသနိုင်မည် ဖြစ်ကာ ဆေးရုံဆောက်လုပ်ရန်နှင့် ဆေးရုံပြီးစီးပါက တက်ရောက်ကုသမှု ခံယူကြမည့် ဂိလာနသံဃာတော်များအား ကျန်းမာရေး စောင့်ရှောက်မှုများအတွက် အလှူငွေများလိုအပ်လျက်ရှိရာ သထုံမြို့နယ် သံဃနာယအဖွဲ့နှင့် ဂိလာနသံဃာတော်များ စောင့်ရှောက်ရေးအဖွဲ့တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

## ကျောက်တော်ကြီး ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၇**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်တည်ထားကိုးကွယ်လျက်ရှိသော လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ် (ကျောက်တော်ဘုရားကြီး)၏ (၁၆) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပူဇော်ပွဲအခမ်းအနားကို ရင်ပြင်တော်မုခ်ဦးရှေ့၌ ကြီးကြပ် ရေးအဖွဲ့ဝင်မဟာသဒ္ဓမ္မဇောတိကဓဇ ဦးစိန်အောင်ဗိုလ်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်းတို့က ယနေ့နံနက် ၈ နာရီတွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဗုဒ္ဓပူဇနီယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် ညစဉ် ဓမ္မာစရိယ ဆရာတော်များက နိဗ္ဗာန်ရောက်ကြောင်း အလှူပေးတရားများဟောကြားကာ ဓမ္မသဘင်ဆင်ယင်ကျင်းပခြင်း၊ "ခြင်းလုံးအစ မြန်မာက" ဆိုရိုးစကားနှင့်အညီ မြန်မာ့ရိုးရာခြင်းလုံး အလှခတ်ပူဇော်ခြင်းများဖြင့် ဖေဖော်ဝါရီ ၁၅ ရက်ထိ ရုပ်သေးပွဲ၊ ဇာတ်သဘင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း (မရမ်းကုန်း)**

# နှုတ်မှုရေးရာ ရှင်းလင်းတင်ပြခြင်းဆိုသည်မှာ... နှင့် သိက္ခာအပြုံးစာအုပ်များ ထုတ်ဝေဖြန့်ချိ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

စာရေးသူ ဝေလွင်မောင်၏ နှုတ်မှုရေးရာ ရှင်းလင်းတင်ပြခြင်းဆိုသည်မှာ... နှင့် သိက္ခာအပြုံးစာအုပ်များကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။


နှုတ်မှုရေးရာ ရှင်းလင်းတင်ပြခြင်းဆိုသည်မှာ ... စာအုပ်တွင် အခြေခံခိုင်မာအောင် တည်ဆောက်ပါ၊ ပရိသတ်များနှင့် ထိတွေ့မှုရယူပါ၊ ရုပ်ရှင်ရုပ်မြင်ကားချပ်များကို အသုံးပြုပါ၊ စကားပြောအတတ်ပညာအသုံးပြုပြောဆိုပါ၊ အပြုသဘောဆောင်သော ဇာတ်လမ်းကောင်းတစ်ပုဒ်ဖြစ်ပါစေ၊ ပရိသတ်ကို ချစ်ခင်လေးစားပါနှင့် အမေးအဖြေကဏ္ဍသည် အခွင့်အရေးကောင်းတစ်ရပ်ဖြစ်သည် ဟူ၍ အဆင့် (၇)ဆင့်ကို စိတ်ဝင်စားဖွယ် အသေးစိတ်ရှင်းလင်းတင်ပြထားသည်။

စာရေးသူက မိမိတို့၏ ဘဝတွင် ရှင်းလင်းတင်ပြခြင်းဘာသာရပ်အား ထက်သန်သောဆန္ဒဖြင့် လက်တွေ့အသုံးချရန် တိုက်တွန်းပါကြောင်း၊ ကောင်းမွန်သော ရှင်းလင်းတင်ပြချက်သည် သင်၏ ဘဝအောင်မြင်မှုရရှိရေးတိုက်ပွဲတွင် အကောင်းဆုံးသော တိုက်ပွဲဝင်လက်နက်အဖြစ် ရာခိုင်နှုန်းပြည့် အထောက်အကူရရှိအသုံးချနိုင် မည်ဖြစ်ပါကြောင်း ဖော်ပြထားသည်။

အလားတူ ဝေလွင်မောင်၏ သိက္ခာအပြုံးစာအုပ်တွင် အဆုံးနှင့်အစ၊ စီးချင်းထိုးမည့် မဟာဗျူဟာ၊ ကျေးရွာအရောက် ခရီးပေါက်၊ ကျွန်တော့်အစ်ကိုပေးတဲ့စာ၊ မွေးရပ်မြေသို့၊ အကြောင်းကြောင့် အကျိုးဖြစ်တာပါ စသည်ဖြင့် အခန်း ၁၄ ခန်း ပါရှိသည်။

စာအုပ်များကို မြဝတီစာပေတိုက်က ထုတ်ဝေဖြန့်ချိထားကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**




*စာမျက်နှာ ၇ မှ*

လွှတ်တော်ကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၃ ပုဒ်မခွဲ(ခ) အရ ဖြတ်တောက်ခြင်းမပြုပါကြောင်း။

ဝန်ကြီးဌာနအလိုက် ပြည်ပကျွေးမြီနှင့်ပတ်သက်၍ အခါအားလျော်စွာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့တွင် မေးခွန်းများဖြေကြားခြင်း၊ ပြည်ထောင်စုလွှတ်တော်တွင် သီးသန့်ရှင်းလင်းတင်ပြခြင်း၊ အဆိုပါဖြေကြားချက်နှင့် ရှင်းလင်းတင်ပြချက်များကို သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ရုပ်မြင်သံကြားအစီအစဉ်တို့တွင် ဖော်ပြခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ဝက်ဘ်ဆိုက်တွင် ဖော်ပြခြင်းတို့ဖြင့် အများပြည်သူသိရှိနိုင်စေရန် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နှစ်စဉ်ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆော့လော်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးလာမာလေး၏ **ဆော့လော်မြို့ပေါ်ရှိ GSM-MPT ဖုန်းလိုင်း၊ ဟန်းကောကျေးရွာအုပ်စုအတွင်းနှင့် WCDMA-MPT ဖုန်းလိုင်းတာဝါတိုင်၊ လန်ဆယ်ကျေးရွာအုပ်စုအတွင်း** WCDMA-MPT **ဖုန်းလိုင်းတာဝါတိုင်များ တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းအား** ဒုတိယဝန်ကြီး ဦးကျော်မျိုးက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနသည် ဝေးလံခေါင်သီသောဒေသများတွင် ပြည်သူလူထုအနေဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုများ ရရှိခံစားနိုင်ရန် ဆက်သွယ်ရေးကွန်ရက်များကို တိုးချဲ့တည်ဆောက်သွားနိုင်ရေးအတွက် ဆက်သွယ်ရေးအော်ပရေတာများမှ ထည့်ဝင်ငွေရရှိနိုင်မည့် အခြေအနေပေါ်မူတည်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ခန့်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ယင်းနောက် မိုးမောက်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းအောင်၏ **မြန်မာနိုင်ငံအတွင်းရှိ ထီထိုးသူ ပြည်သူလူထုများ အဆင်ပြေစေရန်၊ ဆင်းရဲမွဲတေမှုပပျောက်ရေးနှင့် မှုခင်းလျှော့ချရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေသော အောင်ဘာလေထီရောင်းရငွေ၏ အခွန် ၄၀ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအား အောင်ဘာလေသိန်းထီဆုအဖြစ် ထည့်သွင်းပေးပြီး ထီရောင်းရငွေမှ အခွန်ငွေ ၃၀ ရာခိုင်နှုန်းသာ ကောက်ခံသင့်သည်ဟု ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကိုတင်သွင်းရာ** ကယားပြည်နယ် မယ်စဲ့မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလင်းလင်းက ထောက်ခံဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောတူညီမှုကို ဆန္ဒမဲပေးခြင်းဖြင့် အဆုံးအဖြတ်ရယူရာတွင် ထောက်ခံမဲ ၂၃၆ မဲ၊ ကန့်ကွက်မဲ ၁၀၆ မဲနှင့် ကြားနေမဲ ၂၁ မဲတို့ဖြင့် အဆိုကိုလက်ခံဆွေးနွေးရန် လွှတ်တော်က ဆုံးဖြတ်ကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

# ချောက်မြို့၌ ကြောင်နံ့သာ/ ကြောင်ကတိုးတစ်ကောင် တွေ့ရှိ

**ချောက် ဖေဖော်ဝါရီ ၇**

မကွေးတိုင်းဒေသကြီး ချောက်မြို့အမှတ် (၉)ရပ်ကွက် ဈေးရပ် ချောက်ရေနံဆေးရုံ၊ ဆရာ ဆရာမ နားနေဆောင်အတွင်း၌ လမ်းမှား၍ရောက်ရှိလာသည့် ကြောင်နံ့သာ/ကြောင်ကတိုးတစ်ကောင် ဖေဖော်ဝါရီ ၅ရက် ညနေ ၅ နာရီက တွေ့ရှိခဲ့သည်။

အဆိုပါကြောင်အား ချောက်/လမ်းရွာ ရေနံမြေမန်နေဂျာ ဦးကရင်နော်အောင်နှင့် ချောက်ရေနံဆေးရုံ၊ ဆေးရုံအုပ်ကြီးဒေါက်တာအေးကို၊ ချောက်မြို့နယ်သစ်တောဦးစီးမှူး ဦးခင်မောင်ဝင်းနှင့်အဖွဲ့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ကြောင်နံ့သာ/ကြောင်ကတိုးမှာ တောရိုင်းနှင့် သဘာဝအပင်များကာကွယ်ရေးနှင့်သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေအရ လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ဖြစ်သည်ဟု သိရသည်။

ကြောင်နံ့သာ/ကြောင်ကတိုးအား ဆေးရုံ ဆရာ ဆရာမ နားနေဆောင်အတွင်း ထိန်းသိမ်းထားပြီး ဖေဖော်ဝါရီ ၆ ရက် ညနေတွင် ချောက်မြို့နယ်သစ်တောဦးစီးမှူး ဦးခင်မောင်ဝင်းနှင့် ဝန်ထမ်းများက လက်ခံရယူပြီး အမှတ် (၁၄ )ရပ်ကွက် သစ်တောဌာန ဦးစီးဌာနရုံးသို့ သယ်ဆောင်ခဲ့ကြောင်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ဒုဦးစီး ဒေါက်တာအောင်ဆန်းမင်းနှင့် ဝန်ထမ်းများက ကြောင်နံ့သာ၊ ကြောင်ကတိုး၏ ကျန်းမာရေးအခြေအနေအား စစ်ဆေးရာ ရောဂါကင်းရှင်းကြောင်း တွေ့ရှိရသည်။ ယင်းကြောင်သည် အထီးဖြစ်ပြီး အရောင်မှာ အနက်စင်း အဖြူ၊ အဝါကြား အလေးချိန် နှစ်ပိဿာခန့်ရှိကြောင်း၊ အမြင့်မှာ ၁၀ လက်မခန့်၊ နှုတ်သီးမှ မြီးခုံထိအရှည်မှာ ၂၀ လက်မခန့်၊ အမြီးအရှည်မှာ ၁၆ လက်မခန့်၊ လုံးပတ်မှာ ၁၉ လက်မခန့်ဖြစ်ကြောင်းနှင့် ကြောင်နံ့သာ/ကြောင်ကတိုးအား ချောက်မြို့နယ်သစ်တောဦးစီးဌာနတွင် ထိန်းသိမ်းထားရှိပြီး သစ်တောဦးစီးဌာနရုံးချုပ်သို့ တင်ပြ၍ နေပြည်တော်သစ်တော ဦးစီးဌာနသို့ ဆက်လက်ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**



# မောင်တောခရိုင်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး



**စစ်တွေ ဖေဖော်ဝါရီ ၇**

ရခိုင်ပြည်နယ် မောင်တောခရိုင်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ (၁/၂၀၁၇) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၁၀နာရီက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင်ဦးဆောင်ပြီး ဆောင်ရွက်နေပါကြောင်း၊မောင်တောဒေသတွင် ဖြစ်ပေါ်နေသော အခြေအနေများသည် ရခိုင်ပြည်နယ်အရေးတစ်ခုတည်း သတ်မှတ်၍မရပါကြောင်း၊ မြန်မာနိုင်ငံအရေး၊ ကမ္ဘာ့အရေးထိ ဖြစ်လာပြီဖြစ်ကြောင်း၊ အလှူရှင်များမှ လှူဒါန်းမှုများ၊ နိုင်ငံတကာမှ လှူဒါန်းသည့် ပစ္စည်းများကို လိုအပ်နေသူများထံသို့ ရောက်ရှိအောင် ဆောင်ရွက်ပေးရေးနှင့် ထောက်ပံ့ပေးမှုများကိုလည်း မှတ်တမ်းတင်ထားရန်လိုကြောင်း၊ မောင်တောဒေသလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး ဖြစ်သည့်အတွက် လုံခြုံရေးကို အထူးသတိထားရန်လိုကြောင်း၊ မောင်တောဒေသအရေးသည် အလွန်သိမ်မွေ့နက်နဲသည့်ကိစ္စဖြစ်သည့်အတွက် အထူးဂရုပြုဆောင်ရွက်စေလိုကြောင်း၊ လက်ရှိရရှိထားသော လုံခြုံအေးချမ်းမှုကို ဆက်လက်၍ ပိုပြီးကောင်းမွန်လာအောင် ဆောင်ရွက်စေလိုကြောင်း၊ တရားဥပဒေစိုးမိုးရန်လုံခြုံရေးသည် အဓိကကျပါကြောင်း၊ လုံခြုံအေးချမ်းမှ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့သည် ဖွံ့ဖြိုးမှုကို အဓိကထားပါကြောင်း၊ ယခင်ဖြစ်ပွားမှုများသည် ဖွံ့ဖြိုးမှု နောက်ကျခဲ့သည့်အတွက်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့လည်း ဖွံ့ဖြိုးရေးကို ဦးစားပေးလုပ်ဆောင်နိုင်ရန်နှင့် ဖွံ့ဖြိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကို တစ်ပြိုင်တည်း ဆောင်ရွက်နိုင်အောင် လိုအပ်ချက်များ ကူညီဆောင်ရွက်ပေးရန် တင်ပြထားပြီးဖြစ်ကြောင်း၊ မောင်တော ခရိုင်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးညီပုက အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ယင်းနောက် ကော်မတီတွဲဖက်အတွင်းရေးမှူး မောင်တောခရိုင်အုပ်ချုပ်ရေးမှူးက ဒေသတွင်းလုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးဆောင်ရွက်နေမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများအား Power Point ဖြင့်ရှင်းလင်းတင်ပြပြီး ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်းနှင့် အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ကွပ်ကဲရေးမှူး ရဲမှူးချုပ်သူရစန်းလွင်တို့က မောင်တောခရိုင်အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့်မှုခင်းကျဆင်းရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားကြသည်။ ဆက်လက်၍အဖွဲ့ဝင်များက မောင်တောခရိုင်အတွင်းနေထိုင်သော လူမျိုးများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် စားနပ်ရိက္ခာများ ဖူလုံစေရေးအတွက် စိုက်ပျိုးရေး၊ ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားစက်မှုလုပ်ငန်းများထူထောင်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေးတို့အတွက် ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများအား ဆွေးနွေးတင်ပြကြသည်။ ထို့နောက် ကော်မတီအတွင်းရေးမှူး ဦးတင်မောင်ဆွေက ဗဟိုကော်မတီ၏ လမ်းညွှန်ချက်များနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းများအား ဆွေးနွေးတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြဆွေးနွေးချက်များအပေါ် ပေါင်းစပ်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

အဆိုပါအစည်းအဝေးသို့ ပြည်နယ်ဝန်ကြီးချုပ်ဦးညီပု၊ ပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ အမှတ်(၁)နယ်ခြားစောင့်ရဲ ကွပ်ကဲမှုအဖွဲ့ ကွပ်ကဲရေးမှူး၊ ပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့် မောင်တောခရိုင် အုပ်ချုပ်ရေးမှူးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **တင်ထွန်း(ပြန်/ဆက်)**

# တစ်ဖက်နိုင်ငံမှ တရားမဝင် ငါးဖမ်းလှေများအား ခြောက်လှန့်ပစ်ခတ်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

နတ်မြစ်အတွင်း တပ်မတော်ရေမှ လှည့်ကင်းတာဝန်ဆောင်ရွက်စဉ် ယမန်နေ့ ည ၈ နာရီခန့်တွင် တစ်ဖက်နိုင်ငံမှ တရားမဝင် ငါးဖမ်းစက်လှေရှစ်စင်းခန့်က အကြမ်းဖက်ရန်ပြုရန် ဝန်းရံလာသဖြင့် ဟန့်တားပစ်ခတ်တားဆီးခဲ့ကြောင်း သိရသည်။

တပ်မတော်ရေ လှည့်ကင်းရေယာဉ်သည် မောင်တောမြို့နယ် ကညင်ချောင်းနှင့် ညောင်ချောင်းအကြားတွင် တစ်ဖက်နိုင်ငံမှ ငါးဖမ်းလှေရှစ်စင်းခန့်တွေ့ရှိခဲ့ရပြီး ငါးစင်းမှာ မိမိရေပိုင်နက်အတွင်း ဝင်ရောက်ငါးဖမ်းနေသဖြင့် မိမိတို့ပိုင်နက်အနီးဆုံး လှေသို့ စစ်ဆေးရန် သွားရောက်စဉ် တစ်ဖက်နိုင်ငံမှ ငါးဖမ်းလှေများမှာ အန္တရာယ်ပြုရန် ဝန်းရံတိုးကပ်လာကြောင်း၊ သို့ဖြစ်၍စစ်သည်များ၏ အသက်အန္တရာယ်နှင့် လုံခြုံရေးအခြေနေများကြောင့် လက်နက်ငယ်နှစ်ချက် ပစ်ခတ်ခဲ့ရာ လှေများမှာ တစ်ဖက်နိုင်ငံ ရေပိုင်နက်အတွင်း ပြန်လည်ထွက်ပြေးဝင်ရောက်သွားခဲ့ကြောင်းနှင့် ဖြစ်စဉ်တွင် တစ်ဖက်နိုင်ငံ ငါးဖမ်းစက်လှေမှ တစ်ဦးသေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်မှ အကြောင်းကြားလာခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်အပေါ် အဖြစ်မှန်ပေါ်ပေါက်စေရန် စုံစမ်းစစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## သတင်းထုတ်ပြန်ချက်

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့မှစတင်၍ ရခိုင်ပြည်နယ် မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များအတွင်းသာ ဖမ်းယူရရှိနိုင်သည့် "မေယု FM ရေဒီယို" အစီအစဉ်ကို အချိန်ပိုင်း စမ်းသပ်ထုတ်လွှင့်နေမှုနှင့်ပတ်သက်၍ ပြည်သူများ သိရှိစေရေးအတွက် အောက်ပါအတိုင်း သတင်းထုတ်ပြန်အပ်ပါသည်-

(၁) မေယု FM အစီအစဉ်သည် ရခိုင်ပြည်နယ် မြောက်ပိုင်း မောင်တောဒေသတွင် နေထိုင်ကြသူတို့အတွက် သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ဖြန့်ချိပေးနိုင်ရန် ထုတ်လွှင့်သော အစီအစဉ်ဖြစ်ပြီး မည်သည့် ပြင်ပပုဂ္ဂိုလ် အစုအဖွဲ့ကိုမျှ အသံလွှင့်ခွင့်ပေးခြင်းမဟုတ်ပါ။

(၂) အဆိုပါ ဒေသတွင် မကြာမီက ပဋိပက္ခများ ဖြစ်ပွားခဲ့ပြီး ယင်းတို့နှင့်စပ်လျဉ်းသည့် မမှန်သတင်းများလည်း အများအပြား ထွက်ပေါ်လျက်ရှိရာ ဒေသတွင်းနေထိုင်သူတို့ သတင်းအချက်အလက်မှန်များရရှိရန်နှင့် ဒေသအတွက် နိုင်ငံတော်အစိုးရ ဝန်ကြီးဌာနအသီးသီးက ဆောင်ရွက်ပေးလျက်ရှိသည့် အစီအစဉ်များကိုလည်း အများသိရှိအောင် ထုတ်ပြန်ပေးရန် လိုအပ်နေပါသည်။

(၃) မေယု FM သည် နယ်မြေအကန့်အသတ် တစ်ခုအတွင်း လတ်တလော လိုအပ်ချက်များအတွက် ဆောင်ရွက်သည့် အစီအစဉ် တစ်ရပ်ဖြစ်ပြီး ဒေသတွင်း နေထိုင်သူ အားလုံးတို့ကြားသိကြရန် ရည်ရွယ်၍ ရခိုင်၊ ဗမာ၊ ဘင်္ဂါလီ ဘာသာတို့ဖြင့် ထုတ်လွှင့်ခြင်းဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်နှင့်သတင်းထုတ်ပြန်ရေးအဖွဲ့**

# ရခိုင်ရိုးရာရထားဆွဲပွဲ ပျော်ပျော်ရွှင်ရွှင် တူဆင်နွှဲ

**စစ်တွေ ဖေဖော်ဝါရီ ၇**

မြန်မာ့ဆယ့်နှစ်လရာသီတွင် တပို့တွဲလသည် ကောဒသမ တစ်ဆယ့်တစ်လမြောက်လဖြစ်သည်။ရှေးအခါက တစ်ရက်တွင် နာရီ ၆၀ သတ်မှတ်ရာ တပို့တွဲလတွင် နေ့နာရီ ၂၆၊ ညနာရီ ၂၄ရှိပြီး မွန်းတည့်ဖဝါးမှာ ၅ဖဝါးရှိသည်။ ရာသီအားဖြင့် ကုံရာသီဖြစ်၍ တပို့တွဲလသည် ဆောင်းရာသီ၏ နောက်ဆုံးလဖြစ်ကာ အအေးဆုံးလလည်းဖြစ်သည်။ သို့ဖြစ်၍ ရှေးစာဆိုတို့က ကျွဲချိုဖျားအေး၊ တပို့တွဲဟုစာဖွဲ့ရေးစပ်ခဲ့သည်ကို မှတ်သားရပါသည်။ ရာသီသဘာဝသာယာလှပပြီး ဖော်ကွာဝေးသူများအဖို့ မျက်ရည်စို့ရလောက်အောင် လွမ်းမောဖွယ်ဆောင်သောကာလလည်းဖြစ်သည်။ တပို့တွဲလတွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ထမင်းနဲထိုးပွဲကိုကျင်းပကြကြောင်း သိရသည်။

ဆယ့်နှစ်လရာသီပွဲတော်များအနက် တပို့တွဲလတွင် ကျင်းပသော ရခိုင်တို့၏ရိုးရာ ရာသီပွဲတစ်ခုမှာ ရထားဆွဲပွဲပင်ဖြစ်သည်။ ရခိုင်တို့သည် ရထားဆွဲပွဲကို တပို့တွဲလတွင် နက္ခတ်တာရာများစုံလင်သည့်လဖြစ်သောကြောင့် ယခုလတွင် ကျင်းပကြသည်ဟုလည်း သိရသည်။

ရှေးခေတ်ရခိုင်တို့သည် ရထားဆွဲပွဲကိုကျင်းပခြင်းအားဖြင့် လယ်ယာသီးနှံများအထွက်တိုးခြင်း၊ ကောက်ပဲသီးနှံ ဆန်ရေစပါးများပေါများခြင်း၊ တိုင်းပြည်နိုင်ငံအေးချမ်းသာယာခြင်း၊ မင်းနှင့်ပြည်သူတို့ကြည်ဖြူလက်တွဲကာ အရာရာကိုအောင်မြင်နိုင်စေခြင်းစသည့်ကောင်းခြင်းမင်္ဂလာများ ပြည့်စုံစေသည်ဟု ယုံကြည်ချက်များဖြင့် ရထားဆွဲပွဲကိုကျင်းပခဲ့သည်ဟု လေ့လာတွေ့ရှိရသည်။ ရခိုင်ရိုးရာရထားဆွဲပွဲကို တပို့တွဲလတွင် ကျင်းပကြသော်လည်း လဆန်းရက်များတွင်သာ ကျင်းပရပြီး လဆုတ်ရက်များတွင် ကျင်းပခြင်းမပြုကြသည်ကိုတွေ့ရသည်။ လဆုတ်ရက်တွင် ကျင်းပပါက ဆိုးကျိုးများကို ဖြစ်စေသည်ဟု ရခိုင်စာပေများကညွှန်းဆိုထားသည်။ ရထားဆွဲပွဲကို မိမိတို့ဒေသအလိုက် ရက်အကန့်အသတ်မရှိကျင်းပနိုင်ပြီး လပြည့်နေ့ကိုနောက်ဆုံးထား၍ကျင်းပရသည်။ ဆွဲသောရထားကိုလည်း တပို့တွဲလပြည့် ည သန်းခေါင်းမကျော်မီ ရထားပြုလုပ်သူကိုယ်တိုင် မီးရှို့ဖျက်ဆီးရကြောင်းသိရသည်။



၂၀၁၆ ခုနှစ်က ရခိုင်ရိုးရာ ရထားဆွဲပွဲကျင်းပစဉ်

စစ်တွေမြို့တွင်နှစ် ၄၀ ကြာ ပျောက်ကွယ်လုနီးပါးဖြစ်နေခဲ့သော ရထားဆွဲပွဲကို စစ်တွေမြို့ မိဇ္ဇရပ်ကွက်မှစတင်ပြီး (၃)ကြိမ်၊ ရွာကြီးတောင်ရပ်ကွက်က(၃)ကြိမ်၊ ဘောင်ဒွတ်သားစုရပ်ကွက်က (၃)ကြိမ်နှင့် စစ်တွေမြို့တွင် (၉) ကြိမ်မြောက် ကျင်းပမည်ဖြစ်ကြောင်း၊ ပထမအကြိမ်ကျင်းပစဉ်က မြို့ပေါ်ရပ်ကွက်အားလုံး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော်လည်း ၂၀၁၂ ခုနှစ် ရခိုင်ပြည်နယ်အတွင်းပဋိပက္ခများကြောင့် တချို့သောရပ်ကွက်များပါဝင်နိုင်ခဲ့ခြင်းမရှိပါကြောင်း၊ ယခုနှစ်တွင် ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုများ ရရှိလာပြီဖြစ်သည့်အတွက် မြို့ပေါ်ရပ်ကွက်များသာမက ကျေးရွာများမှပါ ပါဝင်ဆင်နွှဲနိုင်အောင် ဖိတ်ခေါ်ထားပါကြောင်း၊ ရထားဆွဲပွဲတော်ဖြစ်မြောက်ရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ပံ့မှု၊ မြို့ပေါ်ရှိအလှူရှင်များ၏ ပံ့ပိုးမှုနှင့် ကုမ္ပဏီများ၏ထောက်ပံ့မှုများနှင့် ကျင်းပသွားမည်ဖြစ်ကြောင်း ရခိုင်ရိုးရာရထားဆွဲပွဲကျင်းပရေးတွင် ဦးဆောင်ပါဝင်သူ ပွဲတော်ဖြစ်မြောက်ရေးကော်မတီဝင် ဦးကျော်မင်းက ပြောကြားသည်။

"ကျွန်တော်တို့ရပ်ကွက်က ရထားဆွဲပွဲကိုဝင်ရောက်ယှဉ်ပြိုင်ရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်း၊ ရပ်ကွက်တွင်နေထိုင်သူများမှာ ဝန်ထမ်းအများဆုံးဖြစ်ပြီး ဌာနဆိုင်ရာရုံးများ၊ INGO၊ NGO ရုံးများတည်ရှိရာ ရပ်ကွက်တစ်ခုလည်း ဖြစ်ပါကြောင်း၊ ရထားဆွဲပွဲကို ပါဝင်ဆင်နွှဲရန် ငွေအား၊ လူအား ကူညီကြကြောင်း၊ ကျွန်တော်တို့က ရပ်ကွက်အတွင်းလှည့်လည်ပြီး အလှူငွေများကောက်ခံနေပြီဖြစ်ကြောင်း၊ ယခင်နှစ်များတွင် ကျွန်တော်တို့ရပ်ကွက်မှာနေထိုင်ကြသည့် INGO ရုံးများမှ နိုင်ငံခြားသားများလည်းရထားဆွဲပွဲတွင်ပါဝင်ဆင်နွှဲခဲ့ကြပါကြောင်း၊ ယခုလိုပါဝင်ဆင်နွှဲခြင်းအားဖြင့် ရခိုင်တို့၏ စည်းလုံးညီညွတ်မှုဖြင့် ပြုလုပ်ကျင်းပသော ရခိုင်ရိုးရာရထားဆွဲပွဲကို နိုင်ငံတကာက သိရှိသွားမည်ဖြစ်ကြောင်း"ဟု ပြည်တော်သာရပ်ကွက်မှ ကိုပြည့်ဖြိုးအောင်က ပြောကြားသည်။

ရထားဆွဲပွဲကို ဆင်နွှဲခြင်းအားဖြင့် စည်းလုံးညီညွတ်မှု၊ တက်ကြွနိုးကြားမှု၊ ပူးပေါင်းဆောင်ရွက်တတ်မှု၊ ကိုယ်ခန္ဓာကြံ့ခိုင်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများ စသောကောင်းကျိုးများကို ရရှိစေသည်။ သို့ဖြစ်၍လည်း ရှေးရခိုင်ခေတ်အဆက်ဆက် မင်းအဆက်ဆက် စဉ်ဆက်မပြတ်ကျင်းပလာခဲ့ကြကြောင်း သိရသည်။ ရခိုင်ပြည်နယ်စစ်တွေမြို့တွင် ရခိုင်ရိုးရာရထားဆွဲပွဲကို ၂၀၀၇ခုနှစ်ကစတင်ပြီး မြို့လုံးကျွတ်ကျင်းပလာခဲ့ရာ ယခု ၂၀၁၇ ခုနှစ်တွင် (၉) ကြိမ်မြောက်ထိ ရောက်ရှိခဲ့ပြီဖြစ်သည်။ မြို့လုံးကျွတ် ရခိုင်ရိုးရာရထား ဆွဲပွဲတော်ကြီးကို စစ်တွေမြို့ဝက်ပါကွင်းတွင် ဖေဖော်ဝါရီ ၇ ရက်မှ ၁၁ ရက်(တပို့တွဲလပြည့်)အထိ ၅ ရက်တိုင် ပျော်ပျော်ရွှင်ရွှင်ခြိမ့်ခြိမ့်သဲသဲကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ပါ၍ ရခိုင်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုပွဲတော်ဖြစ်သော ရထားဆွဲပွဲကို မြန်မာနိုင်ငံတစ်ဝန်းလုံးမှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ ခရီးသွားဧည့်သည်များကို ပျော်ပျော်ရွှင်ရွှင်ပါဝင် ဆင်နွှဲနိုင်ရန်ဖိတ်ခေါ်ရင်း ဖော်ပြရေးသားလိုက်ရပါသည်။

**သတင်းဆောင်ပါး-ကံထွန်း၊ ဓာတ်ပုံ-တင်ထွန်း(ပြန်/ဆက်)**



# ထရန့်၏သတိပေးခြင်းကို အီရန်အရေးမစိုက်ကြောင်း ပြောကြား

**တီဟီရန် ဖေဖော်ဝါရီ ၇**

အီရန်ခေါင်းဆောင် အယာတိုလာအလီခါမေနီသည် ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုများ ပြုလုပ်နေခြင်းကိုရပ်တန့်ရန် သမ္မတထရန့်က သတိပေးခြင်းကို အရေးမစိုက်ကြောင်းနှင့် အမေရိကန်သမ္မတသစ်သည် အမေရိကန်၏အကျင့်ပျက်မှုသရုပ်မှန်ကို ဖော်ပြလိုက်ခြင်းပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထရန့်သမ္မတရာထူးဆက်ခံပြီး ပထမဆုံးမိန့်ခွန်းပြောကြားခဲ့စဉ်ကတည်းက အီရန်ခေါင်းဆောင်သည် ထရန့်၏ ခြိမ်းခြောက်လာမှုအပေါ် တုံ့ပြန်ရန် အီရန်နိုင်ငံသားများအား တိုက်တွန်းခဲ့သည်။

ထရန့်၏ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးခဲ့စဉ်ကာလများနှင့် နောက်ပိုင်းအချိန်များတွင် အမေရိကန်၏အုပ်ချုပ်မှုစနစ်အတွင်း နိုင်ငံရေး၊ စီးပွားရေး၊ စာရိတ္တနှင့် လူမှုရေးဆိုင်ရာ အကျင့်ပျက်မှုများနှင့်ပတ်သက်၍ အီရန်က နှစ်ပေါင်း ၃၀ ကျော်ကြာအောင် ပြောဆိုလာခဲ့သည့်အချက်များ မှန်ကန်ခိုင်မာကြောင်းကို ထရန့်က သက်သေပြလိုက်သည်ဟု ခါမေနီက ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ဇန်နဝါရီလကုန်ခန့်က ပြုလုပ်ခဲ့သည့် အီရန်၏ ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုမှာ ပိတ်ဆို့မှုအသစ်များကို လက်ယပ်ခေါ်နေခြင်းဖြစ်သလို မီးနှင့် ကစားနေခြင်းပင်ဖြစ်ကြောင်း ထရန့်က ပြောကြားခဲ့သည်။

အိမ်ဖြူတော်က ပြောကြားသည်မှာ အီရန်၏ ဒုံးကျည်စမ်းသပ်မှုသည် ၂၀၁၅ ခုနှစ်က ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် ချုပ်ဆိုခဲ့သည့် နျူကလီးယားစာချုပ်ကို အတိအလင်းဖောက်ဖျက်လိုက်ခြင်းမဟုတ်သော်လည်း အနည်းနှင့်အများ ချိုးဖောက်ရာရောက်ကြောင်း ပြောကြားခဲ့သည်။
(ရိုက်တာ)

# ကင်ညာပြည်သူများ အရေးပေါ်စားနပ်ရိက္ခာ လိုအပ်

**နိုင်ရိုဘီ ဖေဖော်ဝါရီ ၇**

ကင်ညာနိုင်ငံတွင် အဆက်မပြတ် မိုးခေါင်ရေရှားမှုကြောင့် လူပေါင်း ၂ ဒသမ ၇ သန်းအား အရေးပေါ်စားနပ်ရိက္ခာထောက်ပံ့ပေးရန် လိုအပ်နေကြောင်း အမျိုးသားသဘာဝဘေးထိန်းချုပ်ရေးအဖွဲ့အစည်းက ယမန်နေ့က ထုတ်ပြန်ခဲ့သည်။

ကင်ညာတစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် စားနပ်ရိက္ခာလိုအပ်မှုအခြေအနေသည် ပိုမိုဆိုးရွားလာကြောင်း၊ အထူးသဖြင့် ကင်ညာနိုင်ငံမြောက်ပိုင်း မိုးခေါင်ရေရှားမှုဖြစ်ပွားသည့် ဒေသကိုးခုတွင် ပိုမိုဆိုးရွားလာကြောင်း ဖော်ပြခဲ့သည်။

လာမည့် ငါးလအတွင်း ဘေးဒုက္ခကျရောက်သည့်ဒေသရှိ ပြည်သူများထံသို့ အမေရိကန်ဒေါ်လာ ၁၆ သန်းခန့်တန်ဖိုးရှိ စားနပ်ရိက္ခာများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ကင်ညာနိုင်ငံ ဒုတိယသမ္မတ ဝီလီယမ် ရူတိုက ပြောကြားခဲ့သည်။ ထို့ပြင် ၎င်းက မည်သည့်ကင်ညာပြည်သူမဆို အငတ်ဘေးကြောင့် သေဆုံးခြင်း မရှိစေရေး အစိုးရက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယခင်နှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ မိုးရာသီကာလတွင် မိုးရွာသွန်းမှုအတိုင်းအတာသည် ပျမ်းမျှမိုးရေချိန် ပမာဏထက် များစွာလျော့နည်းခဲ့ကာ မိုးခေါင်ရေရှားမှုအခြေအနေကြောင့် ကင်ညာနိုင်ငံရှိ သန်းနှင့်ချီသော ပြည်သူတို့၏လူမှုဘဝကို ဆိုးရွားစေခဲ့ကြောင်း ကင်ညာမီဒီယာများက ဖော်ပြခဲ့သည်။
(ဆင်ဟွာ)

# သူပုန်များထိန်းချုပ်ရာ အီဒလစ်ပြည်နယ်၌ လေကြောင်းတိုက်ခိုက်မှုကြောင့် လူများစွာ သေဆုံး

**အလက်ပို ဖေဖော်ဝါရီ ၇**

ဆီးရီးယားရှိ သူပုန်အဖွဲ့များထိန်းချုပ်ထားသည့် အီဒလစ်ပြည်နယ်တွင် ဖေဖော်ဝါရီ ၁ ရက်က လေကြောင်းတိုက်ခိုက်ခဲ့မှုကြောင့် လူသုံးဆယ်ထက်မနည်း သေဆုံးသွားကြောင်း မျက်မြင်သက်သေများနှင့် ကယ်ဆယ်ရေးလုပ်သားများက ပြောကြားခဲ့သည်။ အဆိုပါနေရာတွင် စီးနင်းတိုက်ခိုက်မှုများဖြစ်ပွားနေသည်မှာ လချီကြာမြင့်နေပြီဖြစ်သည်။

ရုရှားဂျက်လေယာဉ်များဟုယူဆရသည့် လေကြောင်းတိုက်ခိုက်မှုရှစ်ခုအတွင်း လူပေါင်းများစွာ ဒဏ်ရာရရှိခဲ့ပြီး အနောက်မြောက်ပိုင်းမြို့အတွင်းရှိ လူနေရပ်ကွက်များတွင် အထပ်များစွာပါသည့် အဆောက်အအုံများ ပျက်စီးသွားခဲ့ကြောင်း သိရသည်။

ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ရုရှားတိုက်လေယာဉ်များ အီဒလစ်တွင် ဗုံးကြဲတိုက်ခိုက်သည်ဆိုခြင်းမှာ အခြေအမြစ်မရှိသည့် သတင်းမှားများသာဖြစ်ကြောင်း ပြောကြားခဲ့သည်။
(ရိုက်တာ)

# အင်ဒိုနီးရှား ဆင်နာဘန်မီးတောင် ဆက်လက်ပေါက်ကွဲ



**ဂျကာတာ ဖေဖော်ဝါရီ ၇**

အင်ဒိုနီးရှားနိုင်ငံ အနောက်ဘက် မြောက်ဆူမားတြားပြည်နယ်ရှိ ဆင်နာဘန်မီးတောင်သည် ဖေဖော်ဝါရီ ၇ ရက်အထိ ပေါက်ကွဲမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိကာ အမြင့်နှစ်ကီလိုမီတာအထိ ပြာပူများမှုတ်ထုတ်လျက်ရှိကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ပြာပူများသည် မီးတောင်ထိပ်ဝ၏ အရှေ့ဘက်သို့ပျံ့နှံ့နေပြီး ချော်ရည်ပူများသည်လည်း မီးတောင်ထိပ်ဝ၏တောင်ဘက်၊ အရှေ့တောင်ဘက်နှင့် အရှေ့ဘက် နှစ်ကီလို မီတာအထိ စီးဆင်းနေကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဌာန ပြောရေးဆိုခွင့်ရှိသူ ဆူတိုပို ပါဝူနူဂရိုဟုက ပြောကြားခဲ့သည်။

ဆင်နာဘန်မီးတောင် တောင်စောင်းတစ်လျှောက်ရှိ မြစ်နံဘေးတွင် နေထိုင်သူများအား ချော်ရည်များ စီးဆင်းလာနိုင်သည့် အန္တရာယ်ရှိကြောင်း သတိပေးချက်ထုတ်ပြန်ထားပြီး ကမ္ဘာလှည့်ခရီးသွားများနှင့် ရွာသားများအား မီးတောင်အနီးဝန်းကျင်ဒေသသို့ သွားရောက်ခြင်းကို တားမြစ်ထားသည်။

အဆိုပါမီးတောင်သည် ဖေဖော်ဝါရီ ၂ ရက်မှ စတင်ပေါက်ကွဲခဲ့ခြင်းဖြစ်သော်လည်း ရွှေ့ပြောင်းကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်ခြင်းမရှိသေးကြောင်း ဆူတိုပိုက ပြောခဲ့သည်။

ဆင်နာဘန်မီးတောင်သည် အင်ဒိုနီးရှားနိုင်ငံ၏ မီးတောင်ရှင် ၁၂၉ ခုအနက် တစ်ခုဖြစ်ကြောင်း သိရသည်။
(ဆင်ဟွာ)

# ဆီးရီးယားနိုင်ငံ ဟုမ်းစ်ပြည်နယ် ဓာတ်ငွေ့ပိုက်လိုင်းအား အိုင်အက်စ်တို့ ဖောက်ခွဲ



**ဒမတ်စကတ် ဖေဖော်ဝါရီ ၇**

ဆီးရီးယားနိုင်ငံ ဟုမ်းစ်ပြည်နယ်ရှိ ဟာရန်ဓာတ်ငွေ့ကုမ္ပဏီ၏ ဓာတ်ငွေ့ပိုက်လိုင်းများကို ယမန်နေ့က အိုင်အက်စ် အကြမ်းဖက်သမားများက ဖောက်ခွဲခဲ့ကြောင်း နိုင်ငံပိုင်ရုပ်သံက ပြောကြားခဲ့သည်။

ယင်းဓာတ်ငွေ့ကုမ္ပဏီ၏ မြောက်ဘက်၊ အရှေ့ဘက်နှင့် အနောက်ဘက်ရှိ ပိုက် လိုင်းများကို အိုင်အက်စ်စစ်သွေးကြွများက ဖောက်ခွဲခဲ့ကြောင်းနှင့် ယင်းဓာတ်ငွေ့ကုမ္ပဏီသည် ဆီးရီးယားနိုင်ငံ အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသအတွက် အကြီးမားဆုံး သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရာလည်းဖြစ်ကြောင်း သိရသည်။

အဆိုပါဓာတ်ငွေ့ကုမ္ပဏီမှ နေ့စဉ်ဓာတ်ငွေ့ထုတ်လုပ်မှုသည် ကုဗမီတာ သုံးသန်းခန့်ရှိမည်ဟု ခန့်မှန်းရကြောင်း၊ ဓာတ်ငွေ့ကုမ္ပဏီကို တည်ဆောက်ရန် အစိုးရက ယူရိုသန်း ၂၀၀ ကျော် အသုံးပြုခဲ့ကြောင်း သိရသည်။

အိုင်အက်စ် စစ်သွေးကြွပိုင် အာမက်သတင်းဌာနက ဟာရန်ဓာတ်ငွေ့ကုမ္ပဏီပိုင် ဓာတ်ငွေ့ပိုက်လိုင်းများအား ဗုံးခွဲတိုက်ခိုက်ခဲ့ပုံများကို ဖော်ပြခဲ့ပြီး ဆီးရီးယားနိုင်ငံ ရေနံနှင့် ဓာတ်ငွေ့ဝန်ကြီးက ယင်းသတင်းဓာတ်ပုံများသည် အစစ်ဖြစ်နိုင်ကြောင်း ပြောကြားခဲ့သော်လည်း ဗုံးခွဲတိုက်ခိုက်မှုများကို အတည်ပြုပြောဆိုခြင်းမရှိသေးကြောင်း သိရသည်။
(ဆင်ဟွာ)

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၇

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးသက်နိုင်ဝင်းက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဖေဖော်ဝါရီ ၇ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြော တင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



**လေးစားချစ်ခင်အပ်ပါသော မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက အထွေထွေအတွင်းရေးမှူး ဦးသက်နိုင်ဝင်းဖြစ်ပါတယ်။

ပါတီစုံဒီမိုကရေစီစနစ်မှာ ပြည်သူတွေရဲ့ အဆုံးအဖြတ်သာ အခရာဖြစ်ပြီး ပြည်သူလူထုက ထောက်ခံဆန္ဒပြုရွေးချယ်တဲ့ အခွင့်အာဏာ အပ်နှင်းခြင်းခံရတဲ့ ပြည်သူ့ကိုယ်စားလှယ်များကသာ အနာဂတ်နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့အကျိုးစီးပွားကိုဦးဆောင်သယ်ပိုးခွင့် ရနိုင်ကြမှာဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီအနေနဲ့ မှန်ကန်သော မူဝါဒ၊ လက်တွေ့ကျသော လုပ်ငန်းစဉ်များ ချမှတ်ထားပြီး နိုင်ငံတော်နဲ့ အမျိုးသားအကျိုးစီးပွားကိုဦးတည်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးကို ပြည်သူလူထုနဲ့အတူ လက်တွဲကာ ဆောင်ရွက်နိုင်ဖို့အတွက် ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့တဲ့ ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြည်သူများက ချစ်ခင်ယုံကြည်စွာ အားပေးထောက်ခံခဲ့တာကြောင့် အစိုးရဖွဲ့နိုင်ခဲ့တဲ့ ပါတီလည်းဖြစ်ပါတယ်။ မဲဆန္ဒရှင်ပြည်သူများက ယုံယုံကြည်ကြည် မဲပေးအပ်နှင်းလိုက်တဲ့ နိုင်ငံ့တာဝန်တွေကို ဦးထိပ်ပန်ဆင်ပြီး ပြည်သူကို ပြန်လည်အလုပ်အကျွေးပြု၊ ကျေးဇူးဆပ်နိုင်အောင် အစဉ်တစိုက် ကြိုးပမ်းအားထုတ်ခဲ့ပါတယ်။

ကျွန်တော်တို့ပါတီဟာ အမျိုးသားရေးကို ဦးထိပ်ထားတဲ့ပါတီဖြစ်တာနဲ့အညီ နိုင်ငံတော်နဲ့အမျိုးသားအကျိုးစီးပွားကို ပိုမိုထိရောက်စွာ ဖော်ဆောင်သွားလိုတဲ့အတွက် **“၂၀၁၇ ပါတီစုံဒီမိုကရေစီ ကြားဖြတ်ရွေးကောက်ပွဲကြီး”** ကို ဝင်ရောက်ယှဉ်ပြိုင်ပြီး ပြည်သူလူထု၏ အဆုံးအဖြတ်ကို ဖြောင့်မတ်မှန်ကန်စွာ တရားနည်းလမ်းတကျ ခံယူသွားမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

ကျွန်တော်တို့ပြည်ခိုင်ဖြိုးပါတီဟာ အမိပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်အဖြစ် ထာဝစဉ်ရပ်တည်နိုင်ရေး၊ တိုင်းရင်းသားပြည်သူများရဲ့ ဘဝလုံခြုံရေး၊ စားဝတ်နေရေးနဲ့လူမှုရေးလိုအပ်ချက်များ ပြည့်စုံရေး၊ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီကျင့်စဉ်ပါ အခွင့်အရေးများ ရရှိခံစားနိုင်ရေးတို့အတွက် ပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းဖော်ဆောင်နိုင်ရန် သမိုင်းရေးပကတိ လိုအပ်ချက်များနှင့်အညီ လေးနက်တည်ကြည်သော သန္နိဋ္ဌာန်စိတ်ဖြင့် ဖွဲ့စည်းပေါ်ပေါက်လာခဲ့တဲ့ အမျိုးသားရေးပါတီလည်း ဖြစ်ပါတယ်။

ပြည်သူ့လိုအင်ဆန္ဒကို အစဉ်အမြဲ အလေးထားဆောင်ရွက်နေတဲ့ပါတီဖြစ်တာနဲ့အညီ ပါတီရဲ့မူဝါဒချမှတ်ရာမှာလည်း ပြည်သူတွေရဲ့လိုအင်ဆန္ဒတွေကိုသာ အဓိကဦးတည်စဉ်းစားချမှတ်ခဲ့ပါတယ်။ ပြည်သူများရဲ့ဆန္ဒလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်အောင် အစဉ်ကြိုးစားဆောင် ရွက်လျက်ရှိပါတယ်။ ဒါကြောင့် မိမိတို့ပါတီဝင်များအနေနဲ့ ဘာပဲလုပ်လုပ် ပြည်သူကိုမျက်နှာမူ၊ ပြည်သူကိုဗဟိုပြုလို့ ပြည်သူ့အရေး ဦးစားပေးကြဖို့၊ နိုင်ငံတည်ငြိမ်အေးချမ်းဖို့နဲ့ ပြည်သူများရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကူညီ ကြိုးပမ်းဆောင်ရွက်ပေးကြဖို့၊ မိမိတို့ပါတီရဲ့ ယုံကြည်ချက်၊ ခံယူချက်များအဖြစ်ချမှတ်ကာ အစဉ်အမြဲကျင့်သုံးလျက်ရှိပါတယ်။

ဒီမိုကရေစီအရေးနဲ့ ပြည်သူ့အခွင့်အရေးများကို အလေးပေးဖော်ဆောင်ပြီး လူ့အခွင့်အရေး၊ တန်းတူညီမျှရေးနဲ့ တရားမျှတမှုရှိရေးတို့အတွက် ဒီမိုကရေစီကျင့်စဉ်နဲ့အညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် ထိန်းသိမ်းစောင့်ရှောက်ပြီး တိုင်းရင်းသား ပြည်သူများရဲ့ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို လေးစားလိုက်နာရေးတို့ကိုလည်း အလေးအနက်ထား ဦးထိပ်ပန်ဆင်ဆောင်ရွက်လျက် ရှိပါတယ်။ ဒါ့အပြင် ဒီမိုကရေစီနဲ့စစ်မှန်တဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီး ထူထောင်တည်ဆောက်နိုင်ရေးအတွက် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားပြည်သူများ အားလုံးနဲ့အတူ ဝိုင်းဝန်းပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

ပြည်သူတွေလိုလားနေတဲ့ ဒီမိုကရေစီနိုင်ငံအဖြစ် စတင်ပြုပြင်ပြောင်းလဲပေးခဲ့တဲ့ အစိုးရဟာ မိမိတို့ပါတီရဲ့အစိုးရဖြစ်လို့ **“ဒီမိုကရေစီပြောင်းလဲမှုအစပြည်ခိုင်ဖြိုးက”** လို့ဆိုရမှာဖြစ်ပါတယ်။ မိမိတို့နိုင်ငံအနေနဲ့ ဒီမိုကရေစီနိုင်ငံအဖြစ် ပြုပြင်ပြောင်းလဲတည်ဆောက်ရာမှာ အဆင့်(၃)ဆင့်နဲ့ ကြိုတင်ပြင်ဆင်ပြောင်းလဲခဲ့ခြင်းဖြစ်ပါတယ်။ **ပထမအဆင့်**ဖြစ်တဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအကြို ပြင်ဆင်မှုအဆင့်တွင် ယခင်တပ်မတော်အစိုးရက ဒီမိုကရေစီနိုင်ငံအဖြစ် ပြုပြင်ပြောင်းလဲတည်ဆောက်နိုင်အောင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို တိုင်းရင်းသားပြည်သူအလွှာမျိုးစုံနဲ့ အချိန်ယူရေးဆွဲ ပြဋ္ဌာန်းခဲ့ပါတယ်။ အဲ့ဒီနောက် ၂၀၁၀ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲ ကျင်းပပေးပြီး လွှတ်တော်နှင့်အစိုးရဖွဲ့စည်းနိုင်တဲ့အထိ ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ရောက်အောင် ကြိုတင်ပြင်ဆင်စီစဉ်ပေးခဲ့ပါတယ်။

**ဒုတိယအဆင့်** ဖြစ်တဲ့ ဒီမိုကရေစီနိုင်ငံတည်ဆောက်ရန်အတွက် အသွင်ကူးပြောင်းရေးလုပ်ငန်းကို တည်ငြိမ်ချောမွေ့စွာနဲ့ အောင်မြင်အောင် ဖော်ဆောင်နိုင်ခဲ့ပါတယ်။ ဒါ့ကြောင့် နိုင်ငံတကာအသိအမှတ်ပြုမှုနဲ့အတူ မြန်မာနိုင်ငံရဲ့နိုင်ငံတကာဆက်ဆံရေးအခြေအနေဟာ သိသာထင်ရှားစွာ ပြောင်းလဲတိုးတက်လာခဲ့တာကို မိဘပြည်သူများ သိရှိပြီးဖြစ်ပါတယ်။

**တတိယအဆင့်**ဖြစ်တဲ့ ဒီမိုကရေစီရှင်သန်ဖွံ့ဖြိုးရင့်ကျက်ခိုင်မာသည့်အဆင့်ကို မကူးပြောင်းမီ ပြည်တွင်းပဋိပက္ခများနဲ့ လူမျိုးစုပြဿနာများစတဲ့ စိန်ခေါ်မှုများကြောင့် တည်ငြိမ်အေးချမ်းမှုရရှိအောင် ဦးစားပေးဆောင်ရွက်ရန်လိုအပ်လာခဲ့ပါတယ်။ အထူးသဖြင့် နိုင်ငံတော်အစိုးရက အပစ်အခတ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနဲ့အမျိုးသား ပြန်လည်သင့်မြတ်ရေးတို့အတွက် တိုင်းရင်းသားပြည်သူများနဲ့ တွေ့ဆုံဆွေးနွေးခြင်းဖြင့် အဖြေရှာဆောင်ရွက်ခဲ့ပါတယ်။ ဆွေးနွေးပွဲရလဒ်အောင်မြင်မှုအဖြစ် နိုင်ငံရေးအခြေခံမှု (၂) ခုဖြစ်တဲ့ လက်နက်ကိုင်ပဋိပက္ခများကို နိုင်ငံရေးနည်းလမ်းနဲ့ ဆက်လက်အဖြေရှာ ဆွေးနွေးရန်ဆိုတဲ့မူနဲ့ တိုင်းရင်းသားများရဲ့ တန်းတူရည်တူရှိမှုအတွက် ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီးကို ဝိုင်းဝန်းတည်ဆောက်ရေးဆိုတဲ့ မူတို့ကို သဘောတူညီချက်ရရှိခဲ့ပါတယ်။ အထူးသဖြင့် ပြည်တွင်းငြိမ်းချမ်းရေးရဲ့ တံခါးတစ်ချပ်သဖွယ်ဖြစ်တဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။

ကျွန်တော်တို့ ပြည်ခိုင်ဖြိုးပါတီအနေနဲ့ နိုင်ငံတော်တာဝန်ယူဆောင်ရွက်ခဲ့ရစဉ်က ပါတီ၊ လွှတ်တော်၊ အစိုးရအနေနဲ့ ပါတီရဲ့မူဝါဒမျှော်မှန်းချက်အတိုင်း တိုင်းပြည်ကို ပြည်သူ့ဆန္ဒနဲ့အညီ ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအခြေခံအုတ်မြစ်ကို ချမှတ်ပေးနိုင်ခဲ့တဲ့အတွက် အပြောမဟုတ် အလုပ်နဲ့ လက်တွေ့ဖော်ဆောင်ပေးခဲ့တယ်ဆိုတာကို သမိုင်းသက်သေတစ်ခုအဖြစ်လည်းကောင်း၊ ကမ္ဘာ့ဖြစ်စဉ်များနဲ့မတူကွဲပြားခြားနားတဲ့ နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ်အဖြစ်နဲ့လည်းကောင်း ရှုမြင်နိုင်မှာဖြစ်သော်လည်း မိမိတို့ပါတီအနေနဲ့ ပြည်သူတွေရဲ့ အပြောင်းအလဲလိုချင်တဲ့ မျှော်လင့်ချက်၊ လိုလားချက်များကို ကျေနပ်စွာခံယူရင်း ပြည်သူတွေရဲ့လက်ရှိလိုအပ်ချက်များကို သိရှိဖြည့်ဆည်းနိုင်အောင် လေ့လာသုံးသပ်ပြုပြင်ကြိုးစားသွားပါ့မယ်လို့ အသိပေးတင်ပြအပ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

ပြည်ခိုင်ဖြိုးပါတီအနေနဲ့ မှန်ကန်တဲ့မူဝါဒ၊ လက်တွေ့ကျသော လုပ်ငန်းစဉ်တွေနဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာသော ဒီမိုကရေစီနိုင်ငံတော်ကြီးကို ပြည်သူတွေနဲ့လက်တွဲပြီး အောင်မြင်စွာတည်ဆောက်နိုင်ခွင့်ရရှိရန် လာမယ့်ကြားဖြတ်ရွေးကောက်ပွဲမှာ ပြည်သူလူထုရဲ့အဆုံးအဖြတ်ကို ခံယူသွားမှာဖြစ်ပါတယ်။

မကြာမီကျင်းပပြုလုပ်တော့မယ့် ကြားဖြတ်ရွေးကောက်ပွဲကြီးမှာ မဲဆန္ဒနယ်မြေက မိဘပြည်သူများအနေနဲ့ မိမိတို့နယ်မြေနဲ့ ပြည်သူများရဲ့ အကျိုးကို အမှန်တကယ် သယ်ပိုးနိုင်စွမ်းရှိတဲ့ ကိုယ်စားလှယ်တွေကို ရွေးချယ်ကြရတော့မှာဖြစ်ပါတယ်။ မိမိတို့ရွေးချယ်လိုက်တဲ့ကိုယ်စားလှယ်များဟာ မိမိတို့နယ်မြေရဲ့အကျိုး၊ ပြည်သူများရဲ့ အကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်စွမ်းရှိတဲ့ ပုဂ္ဂိုလ်ဖြစ်ဖို့လိုပါတယ်။ ကြိုတင်မှန်းဆရုံသာတတ်နိုင်တဲ့ အနာဂတ်ကာလအတွက် လက်ရှိပစ္စုပ္ပန်ကာလနဲ့အတိတ်ကာလက ဆောင်ရွက်ပေးခဲ့မှုတွေအပေါ် ချိန်ထိုးသုံးသပ်ဆင်ခြင်ကြရမှာဖြစ်ပါတယ်။ မိမိတို့ဒေသရဲ့ အကျိုးကိုဘယ်ပါတီ၊ ဘယ်အဖွဲ့အစည်း၊ ဘယ်လိုပုဂ္ဂိုလ်တွေက အပြောနဲ့မဟုတ်ဘဲ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပေးနေတယ်ဆိုတာ ပြည်သူများကိုယ်တိုင်တွေ့မြင်သိရှိနေတဲ့ ပကတိအရှိတရားအပေါ် စဉ်းစားဆင်ခြင်ပြီး မှန်ကန်စွာ ရွေးချယ်နိုင်ကြမယ်လို့ ယုံကြည်ပါတယ်။

တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများလုပ်ကိုင်ရာမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကိစ္စရပ်တွေကို တစ်ချိန်တည်း တစ်ပြိုင်တည်း ဖြေရှင်းဆောင်ရွက်ရုံမျှမက ကဏ္ဍအသီးသီးတိုးတက်အောင် ကြိုးစားလုပ်ဆောင်ကြရမှာဖြစ်ပါတယ်။ မှန်ကန်တဲ့ မူဝါဒချမှတ်နိုင်ဖို့လိုသလို လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့လည်း လိုအပ်ပါကြောင်း၊ ဒီမိုကရေစီနိုင်ငံသစ်ကို တည်ဆောက်ရာမှာ အတွေ့အကြုံရှိဖို့နဲ့ အရည်အသွေး၊ အရည်အချင်းရှိတဲ့ လူ့စွမ်းအား အရင်းအမြစ်လည်း များစွာလိုအပ်ပါတယ်။

အစိုးရတစ်ရပ်အဖြစ် တာဝန်ယူရပြီ ဆိုရင် တိုင်းပြည်ရဲ့ ပကတိလိုအပ်ချက်များနဲ့ ပြည်သူတွေရဲ့လိုအင်ဆန္ဒမျှော်မှန်းချက်တွေကို တိုင်းပြည်ရဲ့ ဘဏ္ဍာ၊ တိုင်းပြည်ရဲ့ လူ့အရင်းအမြစ်နဲ့ သမိုင်းကြောင်း အမွေကိုပါဆက်ခံပြီး အောင်မြင်အောင် ကြိုးစားကြရတာဖြစ်ပါတယ်။ ဒါ့ကြောင့် ကမ္ဘာ့နိုင်ငံများမှာရှိတဲ့ နိုင်ငံရေးပါတီတွေဟာ မိမိပါတီကို နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲရေးကိစ္စ အဖြာဖြာကို ကျွမ်းကျင်နှံ့စပ်အောင် မပြတ်လေ့လာပြင်ဆင်ပြီး အချိန်အခါရောက် လာလို့ ပြည်သူက ရွေးချယ်တာဝန်ပေးရင် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်နိုင်အောင် ပြင်ဆင်ထားကြသလို ကျွန်တော်တို့ပါတီကိုလည်း အလားတူ ပြင်ဆင် လေ့ကျင့်ထားပြီးဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံတွေမှာ အမြဲနိုင်တဲ့ ပါတီမရှိသလို အမြဲရှုံးနေတဲ့ ပါတီလည်းမရှိတာ တွေ့ရမှာဖြစ်လို့ ပြည်သူကလည်း ပြည်သူ့ဘဝနဲ့ လက်တွေ့ထင်ဟပ်အောင် ဆောင်ရွက်ပေးနိုင်မယ့် ပါတီကို မဲရွေးချယ်ကြရမှာ ဖြစ်ပါတယ်။



**မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

မဲဆန္ဒရှင် ပြည်သူများအနေဖြင့် ကိုယ်စားလှယ်လောင်းရွေးချယ်ရာမှာ ရွေးကောက်ပွဲဝင်တဲ့ ကိုယ်စားလှယ်ကို ကြည့်ဖို့လိုအပ်သလို ကိုယ်စားလှယ်လောင်း ကိုယ်စားပြုတဲ့ ပါတီကိုလည်း ကြည့်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ခိုင်ဖြိုး ပါတီအနေနဲ့ ခိုင်မာတဲ့မူဝါဒများ ချမှတ်ထားသလို အရည်အချင်းပြည့်ဝတဲ့ ဒေသမှာနေနိုင်ပြီး ပြည်သူအကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်မယ့် ကိုယ်စားလှယ်လောင်း တွေကိုလည်း ရွေးချယ်ထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီနဲ့ ပါတီကိုယ်စားပြု ကိုယ်စားလှယ်လောင်းတွေဟာ -

- အမျိုးသားရေးနဲ့အမျိုးသား အကျိုးစီးပွား ခိုင်မာတိုးတက်ရေးအတွက် ဦးစားပေးဆောင်ရွက်သွားပါမယ်။
- ပြည်သူလူထု၏စားဝတ်နေရေးနှင့် လူမှုဘဝလုံခြုံရေးကို ဦးစားပေး ဆောင်ရွက်သွားပါမယ်။
- တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ပုဂ္ဂလိကစီးပွားရေးကဏ္ဍကို မြှင့်တင်ပေးသွားပါမယ်။
- မူးယစ်ဆေးဝါးနှိမ်နင်းရေးအပါအဝင် တရားဥပဒေစိုးမိုးရေးကို ဦးစားပေး ဆောင်ရွက်သွားပါမယ်။
- အခြေခံတည်ဆောက်ထားပြီးဖြစ်သည့် ပြည်တွင်းငြိမ်းချမ်းရေး အောင်မြင်စေရန် အားပေးကူညီသွားပါမယ်။
- ဒီမိုကရေစီစနစ်ကျင့်သုံးသည့် သမ္မတနိုင်ငံအဖြစ် ဥပဒေနှင့်အညီ ပီပြင်အောင် တည်ဆောက်မှာဖြစ်ပါကြောင်း တင်ပြလိုပါတယ်။

ဆက်လက်ပြီးတင်ပြလိုတာကတော့ ကျွန်တော်တို့ရဲ့ ပြည်ခိုင်ဖြိုးပါတီဟာ အမျိုးသားရေးကို ဦးထိပ်ထားတဲ့ပါတီဖြစ်ပါတယ်။ ကမ္ဘာတည်သရွေ့ မြန်မာနိုင်ငံရှိနေသရွေ့ပြည်ခိုင်ဖြိုးပါတီရှိနေမှာဖြစ်ပါတယ်။ ပြည်ခိုင်ဖြိုးပါတီ ရှိနေသမျှ အမျိုးဂုဏ်၊ ဇာတိဂုဏ် မညှိုးနွမ်းစေရ၊ ပြည်ခိုင်ဖြိုးပါတီရှိနေသမျှ မြန်မာပြည်နယ်နိမိတ် မပြောင်းလဲစေရလို့ လေးနက်စွာ အာမခံပါတယ်။

**လေးစားချစ်ခင်အပ်ပါသော မဲဆန္ဒရှင် ပြည်သူများခင်ဗျား-**

* ဒါကြောင့် ဒီမိုကရေစီရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့်အမျိုးသား ပြန်လည်သင့်မြတ်ရေးတို့ကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ရင်း ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ပြည်ထောင်စုကြီးတည်ဆောက်နိုင်ရေး ဦးတည်နေပြီဖြစ်လို့ ဒီအရှိန်အဟုန်ကို ဆက်လက်ဖော်ဆောင်နိုင်မယ့် ပါတီကို စဉ်းစားရွေးချယ်ပေးကြပါ။

* ပြည်သူများအေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်စေရန်အတွက် တိုင်းပြည်ကိုတည်တည်ငြိမ်ငြိမ် ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်တဲ့ ပါတီကို ဦးစားပေးရွေးချယ်ပေးကြပါ။

* ပြည်သူတို့ရဲ့ လူမှုစီးပွားဘဝ အနာဂတ်မှာ ပိုမိုပြောင်းလဲတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်မယ့်ပါတီနဲ့ ကိုယ်စားလှယ်များကို ဦးစားပေး စဉ်းစားရွေးချယ်ပေးကြပါ ။

* တစ်နည်းအားဖြင့် လူရော၊ မူရော ပြည့်စုံတဲ့ ပါတီကို ဦးစားပေးရွေးချယ်ကြပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ (အားလုံးကို ကျေးဇူးတင်ပါတယ်)

**“အမှန်တကယ်ပြောင်းလဲဖို့ ပြည်ခိုင်ဖြိုးကိုမဲပေးစို့”**

## ပြည်ခိုင်ဖြိုး

**တေးရေးဆရာ-ကိုလတ်**
**သီဆိုသူ-ကျော်သီဟ**

**တို့ရဲ့ဒီမြေဒီရေမဟီ အစိမ်းရောင်များနဲ့ လှနေပြီ**
**အနာဂတ်ရဲ့လင်းရောင်ခြည် အုတ်မြစ်ချသန္ဓေတွေတည်**
**စစ်မှန်တဲ့ဒီမိုကရေစီ တို့ရေးဆွဲပေးကာအတည်**
**ပြည်သူ့ရဲ့ဆန္ဒတွေသည် ပြည့်ဝလို့လာခဲ့ပြီ**
**(ဟေ့ ဟေ့ ဟေ့ ဟေ့ ပြည်ခိုင်းဖြိုးဟေ့)×၂**
**(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ပြည်သူတွေလိုအပ်ချက်ကို**
**ဖြည့်ဆည်းဖို့လာပြီ)×၂**
**အစိမ်းရောင်လေးဘေးမှာ အမှန်ကို ရွေးပြီး**
**(ပြည်ခိုင်ဖြိုးဟေ့)×၃**

# ၂၀၁၆ ခုနှစ်အတွင်း မြန်မာတစ်နိုင်ငံလုံးတွင် မီးလောင်မှုပေါင်း ၁၅၈၃ ကြိမ် ဖြစ်ပွား

**နေပြည်တော် ဖေဖော်ဝါရီ ၇**

၂၀၁၆ ခုနှစ်အတွင်း မြန်မာတစ်နိုင်ငံလုံးတွင် မီးလောင်မှုပေါင်း ၁၅၈၃ ကြိမ် ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးမှာ ၄၄၉၆၅၉၈၂၇၉၅ ကျပ်ဖိုး ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်မှုများတွင် ပေါ့ဆမီး၊ ဝိုင်ယာရှော့ဖြစ်၍ လောင်ကျွမ်းသောမီး၊ မီးကြွင်းမီးကျန်မှ လောင်ကျွမ်းသောမီး၊ ရှို့မီး စသည်ဖြင့် အမျိုးမျိုးလောင်ကျွမ်းလျက်ရှိရာ မီးလောင်မှုများကြောင့် တရားခံ အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၁၅၈၀ အား အမှုဖွင့်အရေးယူခဲ့ရကြောင်း သိရသည်။

မီးလောင်မှုများ၌ နေပြည်တော်ကောင်စီနယ်မြေတွင် မီးလောင်မှု အကြိမ်(၅၀) ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၄၄၅၃၂၇၅၀၊ ကချင်ပြည်နယ်တွင် (၆၉)ကြိမ် ဆုံးရှုံးမှု ငွေကျပ် ၂၇၂၁၄၇၄၀၀၀၊ ကယားပြည်နယ်တွင်(၁၃)ကြိမ် ဆုံးရှုံးမှု ငွေကျပ် ၈၃၈၉၀၀၀၊ ကရင်ပြည်နယ်တွင် (၂၄)ကြိမ် ဆုံးရှုံးမှု ငွေကျပ် ၇၃၂၃၀၀၀၀၊ ချင်းပြည်နယ်တွင် (၂၄)ကြိမ် ဆုံးရှုံးမှု ငွေကျပ် ၇၅၄၃၀၅၀၀ ၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် (၁၈၇)ကြိမ် ဆုံးရှုံးမှု ငွေကျပ် ၉၁၀၇၉၁၅၀၊ တနင်္သာရီတိုင်းဒေသကြီးတွင် (၆၉)ကြိမ် ဆုံးရှုံးမှု ငွေကျပ် ၂၇၂၁၄၇၄၀၀၀၊ ပဲခူးတိုင်းဒေသကြီးတွင် (၁၃၇)ကြိမ် ဆုံးရှုံးမှု ငွေကျပ် ၁၁၂၅၇၉၂၅၀၊ မကွေးတိုင်းဒေသကြီးတွင် (၁၂၈)ကြိမ် ဆုံးရှုံးမှု ငွေကျပ် ၁၀၉၇၇၀၀၀၀၊ မန္တလေးတိုင်းဒေသကြီးတွင် (၁၉၃)ကြိမ် ဆုံးရှုံးမှု ငွေကျပ် ၁၂၆၂၂၁၁၃၂၀၊ မွန်ပြည်နယ်တွင် (၅၉)ကြိမ် ဆုံးရှုံးမှု ငွေကျပ် ၃၉၅၁၄၇၅၀၊ ရခိုင်ပြည်နယ်တွင် (၉၇)ကြိမ် ဆုံးရှုံးမှု ၂၉၃၇၉၀၉၅၅ ကျပ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် (၂၂၁)ကြိမ် ဆုံးရှုံးမှု ငွေကျပ် ၃၆၄၂၁၄၁၆၁၀၀၊ ရှမ်းပြည်နယ်တွင် (၁၆၅)ကြိမ် ဆုံးရှုံးမှု ငွေကျပ် ၅၁၇၁၅၈၉၀၀၊ ဧရာဝတီတိုင်းဒေသကြီးတွင် (၁၄၇)ကြိမ် ဆုံးရှုံးမှု ငွေကျပ် ၄၇၃၉၃၂၁၂၀ ဖိုး ဆုံးရှုံးခဲ့ရသည်။

သို့ပါ၍ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် မီးလောင်မှု အကြိမ်ရေ(၁၅၈၃) ကြိမ် ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးမှာ ၄၄၉၆၅၉၈၂၇၉၅ ကျပ်ဖိုး ဆုံးရှုံးခဲ့ပြီး မီးလောင်မှုများကြောင့် တရားခံ ၁၅၈၀ ကို အမှုဖွင့်အရေးယူခဲ့ရကြောင်း သိရသည်။ မီးလောင်မှုများတွင် ရန်ကုန်တိုင်းဒေသကြီးတွင် အကြိမ်ရေပေါင်း(၂၂၁)ကြိမ် ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၃၆၄၂၁၄၁၆၁၀၀ ရှိသဖြင့် မီးလောင်မှုအကြိမ်ရေနှင့် ဆုံးရှုံးမှုတန်ဖိုး အများဆုံးဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်း တစ်နိုင်ငံလုံးတွင် မုဒိမ်းမှုပေါင်း(၁၂၅)မှုဖြစ်ပွား၊ သက်ငယ်မုဒိမ်းမှု (၈၁)မှုပါဝင်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်း တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် မုဒိမ်းမှုပေါင်း (၁၂၅)မှုဖြစ်ပွားခဲ့သည်။ ထိုအထဲတွင် အရွယ်မရောက်သေးသူ သက်ငယ်မုဒိမ်းမှု (၈၁) မှုနှင့် အရွယ်ရောက်ပြီးသူ သက်ကြီးမုဒိမ်းမှု(၄၄)မှု ပေါင်း (၁၂၅)မှု ဖြစ်ပွားခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ယင်းတို့မှ နေပြည်တော်ကောင်စီနယ်မြေတွင် အရွယ်မရောက်သေးသူ သက်ငယ်မုဒိမ်းမှု လေးမှု၊ အရွယ်ရောက်ပြီးသူ သက်ကြီးမုဒိမ်းမှု တစ်မှု ပေါင်း ငါးမှု ဖြစ်ပွားခဲ့သည်။

ထို့အပြင် ကချင်ပြည်နယ်တွင် သက်ငယ်မုဒိမ်းမှု လေးမှု၊ သက်ကြီး တစ်မှု ပေါင်း ငါးမှု၊ ကရင်ပြည်နယ်တွင် သက်ငယ် သုံးမှု၊ သက်ကြီး တစ်မှု ပေါင်း လေးမှု၊ ချင်းပြည်နယ်တွင် သက်ငယ် တစ်မှု၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် သက်ငယ် တစ်မှု၊ သက်ကြီး တစ်မှု ပေါင်းနှစ်မှု၊ တနင်္သာရီတိုင်းဒေသကြီးတွင် သက်ငယ် သုံးမှု၊ သက်ကြီး တစ်မှု ပေါင်း လေးမှု၊ ပဲခူးတိုင်းဒေသကြီးတွင် သက်ငယ် ၁၁ မှု၊ သက်ကြီး ကိုးမှု ပေါင်း ၂၀ မှု၊ မကွေးတိုင်းဒေသကြီးတွင် သက်ငယ် လေးမှု၊ သက်ကြီး လေးမှု ပေါင်း ရှစ်မှု၊ မန္တလေးတိုင်းဒေသကြီးတွင် သက်ငယ် ငါးမှု၊ သက်ကြီး ခုနစ်မှု ပေါင်း ၁၂ မှု၊ မွန်ပြည်နယ်တွင် သက်ငယ် ငါးမှု၊ သက်ကြီး တစ်မှု ပေါင်း ခြောက်မှု၊ ရခိုင်ပြည်နယ်တွင် သက်ငယ် တစ်မှု၊ သက်ကြီး တစ်မှု ပေါင်း နှစ်မှု၊ ရန်ကုန်တိုင်းဒေသကြီးတွင် သက်ငယ် ၂၀ မှု၊ သက်ကြီး ငါးမှု ပေါင်း ၂၅ မှု၊ ရှမ်းပြည်နယ်တွင် သက်ငယ် ငါးမှု၊ သက်ကြီး လေးမှု ပေါင်း ကိုးမှု၊ ဧရာဝတီတိုင်းဒေသကြီးတွင် သက်ငယ် ၁၄ မှု၊ သက်ကြီး ခုနစ်မှု ပေါင်း၂၁ မှု ဖြစ်ပွားခဲ့သည်။

သို့ပါ၍ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် အရွယ်မရောက်သေးသူ သက်ငယ်မုဒိမ်းမှု ၈၁ မှု၊ အရွယ်ရောက်ပြီးသူ သက်ကြီး မုဒိမ်းမှု ၄၄ မှု ပေါင်း ၁၂၅ မှု ဖြစ်ပွားခဲ့သည်။

ဇန်နဝါရီလအတွင်း ရန်ကုန်တိုင်းဒေသကြီးတွင် မုဒိမ်းမှု အများဆုံးဖြစ်ပွား၍ သက်ငယ်မုဒိမ်းမှုအနေဖြင့် အမှု ၂၀ ဖြစ်ပွားခဲ့သည်။ ကယားပြည်နယ်အနေဖြင့် ဇန်နဝါရီလ အတွင်း သက်ငယ်ရော သက်ကြီးပါ မုဒိမ်းမှုဖြစ်ပွားခဲ့ခြင်း မရှိကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

# နေပြည်တော်ကောင်စီ၌ တစ်လအတွင်း မီးလောင်မှုခြောက်ကြိမ်ဖြစ်ခဲ့၍ မီးဘေးအန္တရာယ်အသိပညာပေး

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ဇန်နဝါရီလအတွင်း နေပြည်တော်ကောင်စီနယ်မြေ၌ မီးလောင်မှု ခြောက်ကြိမ်ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၇၄၂၅၀၀ ဆုံးရှုံးဆုံးခဲ့ကြောင်း သိရသည်။



ယခုအခါ ပွင့်လင်းရာသီရောက်လာသည်နှင့်အညီ ပူပြင်းခြောက်သွေ့မှုဒဏ်ကြောင့် မီးဘေးကာကွယ်ရေးလုပ်ငန်းများကို စီမံချက်ချ၍ ဌာနအလိုက်၊ မြို့နယ်အလိုက်၊ ရပ်ကွက်အလိုက် မီးသတ်ဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ တည်ဆောက်ရေး(၅)၊ ထိန်းသိမ်းရေး (နေပြည်တော်)ရုံးတို့နှင့် ပုဗ္ဗသီရိမြို့နယ် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၆ ရက်တွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန အုပ်ချုပ်မှုအောက်ရှိ သဲကုန်း ဝန်ထမ်းအိမ်ရာဝင်းအတွင်း ပြုလုပ်ခဲ့သည်။

အဆိုပါ ပညာပေးဟောပြောပွဲတွင် ပုဗ္ဗသီရိမြို့နယ် မီးသတ်ဦးစီးဌာနမှ တက်ရောက်လာကြသည့် အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုများအား မီးဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြောပြီး မီးငြိမ်းသတ်နည်းကို လက်တွေ့သရုပ်ပြ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**ညီညီသန်း(နေပြည်တော်)**

# ကျေးရွာအတွင်း ခားကိုင်ရမ်းကားသူကို အရေးယူ

**ပွင့်ဖြူ ဖေဖော်ဝါရီ ၇**

ပွင့်ဖြူမြို့နယ် ဇီးကိုင်းကျေးရွာတွင် ဖေဖော်ဝါရီ ၆ ရက် ညက ဓားကိုင်ရမ်းကားနေသော အမျိုးသားတစ်ဦးကို ဖမ်းဆီးအရေးယူခဲ့ကြောင်း ကုန်းဇောင်းနယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ကုန်းဇောင်းနယ်မြေရဲစခန်းမှ ရဲဒုတပ်ကြပ် မျိုးဇော်ဦးနှင့်အဖွဲ့သည် နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် ပွင့်ဖြူမြို့နယ် ဇီးကိုင်းကျေးရွာတွင် လူတစ်ဦး ဓားကိုင်ရမ်းကားနေကြောင်း သတင်းအရ သွားရောက်ခဲ့ရာ ကိုမင်း(၃၀ နှစ်)ဇီးကိုင်းကျေးရွာနေသူသည် ရွာလယ်လမ်းမပေါ်တွင် အရိုး ငါးလက်မ၊ အသွား ကိုးလက်မ ခန့်ရှိ သစ်သားရိုးတပ် ဓားဦးချွန် တစ်ချောင်းကိုင်ဆောင်၍ ဆူပူရမ်းကားနေသည်ကို တွေ့ရှိခဲ့သဖြင့် ကိုမင်းအား အရေးယူပေးရန် ရဲဒုတပ်ကြပ် မျိုးဇော်ဦးက တရားလိုပြုတိုင်ကြား၍ ပွင့်ဖြူမြို့နယ် ကုန်းဇောင်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# တမူးမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



**တမူး ဖေဖော်ဝါရီ ၇**

တမူးခရိုင် တမူးမြို့နယ် မြို့သစ်မြို့ မင်းသာကျေးရွာ၌ ဖေဖော်ဝါရီလ ပထမပတ်က မင်းသာလုံခြုံရေးရဲကင်းမှူး ရဲအုပ်အောင်ဆန်းလင်း၊ မူးယစ်တပ်ဖွဲ့စု(၇) မှ ဒုရဲအုပ်ဌေးမင်းလှိုင်နှင့် တပ်ဖွဲ့ဝင်များသည် သတင်းအရ တမူး-စေတီ-မြို့သစ်သွားကားလမ်း မင်းသာရဲကင်းအနီး၌ ပိတ်ဆို့ရှာဖွေစစ်ဆေးနေစဉ် တမူးမြို့ဘက်မှ မင်းသာကျေးရွာဘက်သို့ မျိုးနိုင်(ခ)လွန်ခိုလဲလ် မောင်းနှင်ပြီး နောက်မှ မြင့်လွင် လိုက်ပါလာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ မြင့်လွင် လွယ်ထားသော ကျောပိုးအိတ်အတွင်းမှ ဘိန်းဖြူဟုယူဆရသော အမှုန့် ၁၁ ဂရမ်ခန့်စီပါ ဆပ်ပြာခွက် ၁၀ ခွက်၊ သံဘူးငယ်ဖြင့် ထည့်ထားသည့် ဘိန်းဖြူဟုယူဆရသော အမှုန့် ၀ ဒသမ ၂ ဂရမ်ခန့်ပါ တစ်ဘူး စုစုပေါင်း ဘိန်းဖြူမှုန့် ၁၁၀ ဒသမ ၂ ဂရမ်၊ ပလတ်စတစ်အိတ်ဖြင့် ထည့်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပါ နှစ်ထုပ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၀ ပါ တစ်ထုပ် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၄၄၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၇၄၉၂၀၀၀ တို့ကို တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

၎င်းတို့နှစ်ဦးအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာမှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

**(မြို့နယ် ပြန်/ဆက်)**


## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/တိုးချဲ့)၊ မြေကွက်အမှတ် (၇၅၇၊ ၇၅၈၊ ၇၅၉၊ ၉၇၅၊ ၉၇၆၊ ၉၇၇)၊ ပါမစ်မြေကွက်များအား အရပ်ကတိစာချုပ်များဖြင့်ဝယ်ယူထား၍ ပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုသူ ဦးထွန်းမြတ်ကြွယ်(၁၂/ရကန(နိုင်)၀၀၃၅၃၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဘိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များယူဆောင်၍ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီအပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးမျိုးသန့် (ခ) ဦးမောင်ကြီး
LL.B (စဉ် - ၁၀၅၇၇)
တရားလွှတ်တော်ရှေ့နေ

ဒေါ်တင်မိုးခိုင်
LL.B (စဉ် - ၄၂၁၆၉)
အထက်တန်းရှေ့နေ

အမှတ်(၁၂၁၂/ခ)၊ တိုးချဲ့(၂)လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်။ ဖုန်း - ၀၉-၇၉၇၁၆၃၀၆၅၊ ၀၉-၇၉၅၃၀၆၄၄၇

## ကားမျိုးစုံငှားနိုင်ပါသည်။

ခရီးစဉ်မျိုးစုံအတွက် ကားမျိုးစုံနှင့် လချုပ်များလည်း ငှားနိုင်ပါသည်။ ယဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။

MT&K Tours Ph:01-656573
09-31065335, 09-975599880

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1F/7135 Nissan Condor MK 252kTruck (4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးမိုးဝင်း ၁၂/သခန(နိုင်)၀၉၄၅၆၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

## ဦးသန့်ဇော် B.Sc.IC.Q,DA, DMP, MBA, ACCA (pro)

LCCI I & II (၃)လပြတ်

14 Feb 2017 စမည်/ June, July စာမေးပွဲ

Sec (D): Mon to Wed 9.30 - 11:15 am (သင်တန်းကြေးအရစ်ကျ)
Sec (E) : Fri to Sun 7:00 - 8:30 am ဒဂုံစင်တာအနီး

ORION ၂၆၇၊ ပ-ထပ်၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်း။ 09 5115997

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၄၊ လူနေရပ်ကွက်အမှတ် ၁၂၄၊ မြေကွက်အမှတ် ၃၉၈၊ E (6)/398ဟု ခေါ်တွင်သော အကျယ်အဝန်းပေ (၄၀×၆၀)ရှိ ပါမစ်မြေအမျိုးအစား [ဦးမောင်မောင်သန်း ၉/မရမ(နိုင်)၀၂၁၇၀၁ အမည်ပေါက်] မြေကွက်နှင့် ယင်းမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ရှင်ဖြစ်သူထံမှ အဆင့်ဆင့် ဝယ်ယူလက်ရောက် ရရှိပိုင်ဆိုင်ထားသူ ဒေါ်ပို ၁၂/ဒဂရ(နိုင်)၀၃၀၁၆၇ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ယင်းမြေကွက်တန်ဖိုး တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆိုအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်း အခိုင်အမာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ လာရောက်ကန့်ကွက်ခြင်းမရှိပါက အထက်ပါ မြေကွက်အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ညွန့်ညွန့်သန်း (LL.B, DBL)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၈၁၉)
အမှတ် ၃၂၀၊ ရာဇာဓိရာဇ်လမ်း၊ (၇) ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉-၄၀၁၅၂၆၈၈၀၊ ၀၉-၂၆၀၉၈၃၃၃၁

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ရုံးသုံးစက်ကိရိယာပစ္စည်းများ ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသူများ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | လုပ်ငန်း | ပစ္စည်းအမျိုးအမည် |
|---|---|---|
| (က) | စက်ကိရိယာပစ္စည်းများ | (1) Scorlling Light box (1 Unit)<br>(2) Epson Interactive Projector (1 Unit)<br>(3) E1 Converter (3 Nos) |
| (ခ) | တင်ဒါပုံစံရောင်းချမည့် နေ့ရက်နှင့် အချိန် | ၈-၂-၂၀၁၇ရက်မှ ၁၅-၂-၂၀၁၇ရက် ညနေ ၃နာရီ |
| (ဂ) | တင်ဒါဖွင့်မည့်အချိန်နှင့်နေရာ | ၁၆-၂-၂၀၁၇ရက် မွန်းလွဲ ၁နာရီ ကုန်သွယ်ရေးဦးစီးဌာန၊ တိုးချဲ့ဆောင်အစည်းအဝေးခန်းမ၊ ရုံးအမှတ် (၃)၊ နေပြည်တော် |

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ အောက်ပါဖုန်းနံပါတ်သို့ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန
ရုံးအမှတ် (၃)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၄၁၀


## ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပေးပါရန်

၂-၂-၂၀၁၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၆)၌ မကွေးတက္ကသိုလ်၏ (၁၉)ကြိမ်မြောက်ဘွဲ့နှင်းသဘင်ကျင်းပမည့် အစီအစဉ်တွင် ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော ဥပဒေ(ဘွဲ့)စာမေးပွဲများကို အောင်မြင်ခဲ့သူများဟု ဖြည့်စွက်ဖတ်ရှုပေးပါရန်နှင့် ၁၈-၂-၂၀၁၇ရက် ဒုတိယပိုင်းအစီအစဉ်၌ ရေနံချောင်းမှ သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ ပထဝီအစား ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ ပထဝီဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## နှစ် (၇၀)မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားကျင်းပ

**တာချီလိတ် ဖေဖော်ဝါရီ ၇**

နှစ် (၇၀)မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက်က တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် နိုင်ငံတော်သမ္မတထံမှပေးပို့သည့် ပြည်နယ်နေ့ သဝဏ်လွှာအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေကလည်းကောင်း၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ်ထံမှပေးပို့သော သဝဏ်လွှာအား ခေတ္တမြို့နယ် အုပ်ချုပ်ရေးမှူး ဦးလရော်ကလည်းကောင်း ဖတ်ကြားကြပြီး ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီဝင်တစ်ဦးက ရှမ်းပြည်နယ်နေ့သမိုင်းကြောင်းကို မြန်မာ-ရှမ်း နှစ်ဘာသာဖြင့် ရှင်းလင်းပြောကြားသည်။

**မောင်ယဉ်ကျေး**

## ပြည်ထောင်စုနေ့ကို ဂုဏ်ပြု ဓာတ်ပုံနှင့်စာအုပ်ပြပွဲကျင်းပ

**သထုံ ဖေဖော်ဝါရီ ၇**

မွန်ပြည်နယ် သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းကာ ဖေဖော်ဝါရီ ၆ ရက်က နှစ် (၇၀) မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘင်လှိုင်ရပ်ကွက်ရှိ မရမ်းချောင်နှင့် ဝါးတောမူလွန်ကျောင်းတို့တွင် နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်များကို ခင်းကျင်းပြသပြီး ကျောင်းသူကျောင်းသားများအား ပြည်ထောင်စုနေ့အကြောင်း သိကောင်းစရာများကို ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

အခမ်းအနားများတွင် ခရိုင်ဦးစီးအရာရှိ ဒေါ်ခင်လေးနွယ်က ပြည်ထောင်စုနေ့အကြောင်း သိကောင်းစရာများနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကိုလည်းကောင်း၊ ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်လှကေသီမာက သဘာဝဘေးအကြောင်း သိကောင်းစရာများကိုလည်းကောင်း ဆွေးနွေးဟောပြောကာ မရမ်းချောင် (မူလွန်)ကျောင်းနှင့် ဝါးတော(မူလွန်) ကျောင်းများသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# Job Vacancies

The Global New Light of Myanmar, the country's oldest continuously published English-language newspaper, is looking for experienced journalists to join its expanding editorial team. Applications should be sent no later than 21 February, 2017.

The GNLM currently has openings for a chief editor, two editors, five translators and reporters for its newsroom in Yangon.

1. Candidates for the chief editor (Male, Myanmar national) position must have the following qualifications.

- He must have extensive editorial experience with editing and must possess at least an MA English degree.
- He must have at least 15 years experience with print media in positions at the senior management level and possess good computer skills.
- He must be in good health and willing to work night shifts.
- He must be aged between 40 and 60.
- Salary is negotiable.

- 2. Candidates for two expatriate editors (Male/Female) must have following qualifications.
- He/she must be a native English speaker and must be a university graduate with a specialisation in journalism.
- He/she must have editing experience at newspapers or online publications.
- He/she must be in good health and willing to work night shifts.
- Age should be under 40, but those over 40 will be considered if he/she possesses excellent skills.
- Salary is negotiable.

- 3. Candidates for two senior translators (Male) must have the following qualifications.
- He must be a university graduate.
- He must be able to quickly translate and rewrite multiple stories from Myanmar to English, with at least 10 years experience in translation.
- He must be in good health and willing to work night shifts.
- Salary is negotiable.
-
- 4. Candidates for three junior translators (Male/ Female) must have following qualifications.
- He/she must be a university graduate.
- He/she must be able to translate from Myanmar to English, with at least five years experience in translation.
- He/she can work night shifts.
- Salary is negotiable.

- 5. Candidates for three senior reporters (Male/Female) must have following qualifications.
- He/she must be a university graduate.
- He/she must be fluent in Myanmar and be able to write clear and concise copy in Burmese. Those who can write news stories in English will be preferred candidates.
- He/she must have experience with writing for an English-language newspaper or online publication. This will be a major advantage.
- He/she must have at least three years experience in print or online media.
- Salary is negotiable.

- 6. Candidates for junior reporters must have following qualifications.
- He/she must be a university graduate.
- He/she can write news stories clearly in Burmese.
- Salary is negotiable.
-
- For further information, please call or email the following contacts. Applicants should send a cover letter and CV to No.150 Nga Htat Gyi Pagoda Road, Bahan Township, Yangon, or email:gnlmdaily@gmail.com, dce@globalnewlightofmyanmar.com or call (01)8604529

### INVITATION FOR BIDS

The Republic of the Union of Myanmar
Modernization of Public Finance Management
Supply of Computers (Lot 1 & Lot 2) for Office of the Auditor General of the Union
Ref No: MPFMp-D2-GS241

1. This Invitation for Bids is for the Supply of Computers (Lot 1: Desktop Computers, Qty 100 nos;& lot 2: Laptop Computers, Qty 100 nos) for the Office of the Auditor General of the Union.
2. The Government of the Republic of the Union of Myanmar has received financing from the World Bank and a Grant from UK and Australian governments towards the cost of Modernization of Public Finance Management Project (MPFMp) and it intends to apply part of the proceeds to payments under the agreement(s) resulting from this Invitation for Quotation: Supply of Computers (Lot 1 & Lot 2) for the Office of the Auditor General of the Union,Ref No: MPFMp-D2-GS241.
3. The Office of the Auditor General of the Union serves as an implementing agency for the project now invites sealed bids from eligible Bidders for the Supply of Computers (Lot 1 & Lot 2).
4. Bidders are required to meet the following minimum key qualification criteria and shall furnish documentary evidence that it meets the following requirement(s):
   a) Havecompletedwithinthelast3yearsatleaston econtrac to fasimilar nature of at least 50% of the value of the bid for the lot or have sold similar goods of at least twice the volume /quantity required for the lot. For combined award of both the lots, the aggregate experience in value or volume will be applied.
   b) Have authorization or dealership from the manufacturer to sell the goods
   c) Have shops or offices in Myanmar to provide after sales services
   d) Demonstrate that they are paying taxes to the Government.
   e) Not beunderany notice of suspension or debarment issued by the Government,ortheWorld Bank
5. Bidsmustbedeliveredtotheaddressgivenbelowatorbefore**2 p.m. of 22 February 2017**.Latebidswillberejected.Bidswillbeopenedinpublicimme diately there after at the address given below in the presence of the Bidders' representativesand theproject's beneficiaries who choose to attends hall beallowed to be presentin person.
6. ThePurchasershallawardtheContracttothe Bidderwhoseofferhas been determined to bethelowestevaluated bidandissubstantially responsivetothe Bidding Documents, providedfurtherthatthe Bidderis determinedtobequalifiedtoperformthe Contract satisfactorily.
7. Allbidsmustbeaccompaniedbyabidsecuringdeclarationasdescribedinthe bidding documents, any bid not accompanied by one will be rejected as non-compliant.
8. The address where the document may beinspectedandobtainedis:

**Modernization of Public Finance Management Project**
**Office of the Auditor General of the Union**
**Daw Thandar Lay, Director**
**Office Building No.12, Nay Pyi Taw**
**Phone: 067-407284: 067-407143, Fax: 067- 407143**
**Email: oagpfm@mptmail.net.mm, mpfmpoag@gmail.com, oagmac@gmail.com**
**copy to pcaumm@mptmail.net.mm**

## ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ်၊ မိုးကောင်း(န)ရွာနေ ဦးအောင်စိန်-ဒေါ်တင်စိန်တို့၏ သားထွေး

**ဗိုလ်ကြီးငြိမ်းချမ်း (ငြိမ်း) B.E (Electrical Power),DSTA (11)**
**လက်ထောက်အင်ဂျင်နီယာ (လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ နေပြည်တော်)နှင့်**

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ဆွာမြို့၊ ၄/ခရပ်ကွက်နေ ဗိုလ်ကြီးသန်းဆွေ(ငြိမ်း)-ဒေါ်ယဉ်ယဉ်ဝင်းတို့၏ သမီးငယ်

**မအိမွန်ဝင်း B.E (Electrical Power)၊ (လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ နေပြည်တော်)**

တို့၏ ၄-၂-၂၀၁၇ရက်တွင် နေပြည်တော်၊MICC(2)၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲအခမ်းအနား၌ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဦးသာစိုး (အင်ဂျင်နီယာချုပ်၊ အင်ဂျင်နီယာထောက်ကူဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း)နှင့်ဇနီး ဒေါ်သန်းသန်းဌေး၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော ဦးကိုကိုနိုင် (အင်ဂျင်နီယာချုပ်၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း)နှင့်ဇနီးဒေါက်တာသီရိနွယ်တို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသောစစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာအရာရှိအကြီးအကဲများနှင့်ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ လူကိုယ်တိုင် မလာရောက်နိုင်သော်လည်း ရပ်ဝေးရပ်နီးမှ မင်္ဂလာလက်ဖွဲ့များပေး၍ ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်သက်လင်း(မြန်မာ့အသံ)၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော မအိအိလင်းနှင့် စောင်းအဖွဲ့၊ မင်္ဂလာပန်းကြဲပေးပါသော မအေမီမေဝမ်း၊ မင်္ဂလာပန်းကုံးကိုင်ဆောင်ပေးပါသော မသင်းနုဝါ၊ မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးပါသော မစုစုလှိုင်၊ မင်္ဂလာသတို့သားအရံများ ဗိုလ်ကြီးမျိုးသန်းဇော်၊ ဗိုလ်ကြီးထက်နိုင်ဦးနှင့် မင်္ဂလာသတို့သမီးအရံများ မဇွန်လှိုင်ဝင့်၊ မစကားဝါဖြိုး၊ မင်္ဂလာဝတ်စုံ(Forever)၊ မိတ်ကပ်နှင့် လက်ဝတ်ရတနာ အငယ်လေး(ညီညီမောင်စမ်းချောင်း) Photo & Video ကိုဆန်းမင်းအောင်နှင့်အဖွဲ့ (Studio Art 11)၊ ဧည့်ခံအကျွေးအမွေးနှင့် ပန်းအလှဆင်ပေးပါသော ကိုအောင်မြတ်မင်း (ဘောဂသိဒ္ဓိ)နှင့်အဖွဲ့၊ မေတ္တာဖြင့် ကူညီပေးကြပါသော လုပ်ဖော်ကိုင်ဖက်များနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**နှစ်ဖက်မိဘများနှင့် ဗိုလ်ကြီးငြိမ်းချမ်း(ငြိမ်း)-မအိမွန်ဝင်း**

## ပျောက်ဆုံးကြောင်း

မန်းကျားမောင်၏သမီး နန့်နီနီခိုင် ၁၄/မမန(နိုင်) ၁၈၄၂၃၁၏ နိုင်ငံကူးလက်မှတ် မမှတ်မိမှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၉၆၂၈၃၀၈၁**

## ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၅ယ/၁၅၇၂၁ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ညွန့် ၁၄/ပသန(နိုင်)၀၃၀၄၃၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့် ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး(ပုသိမ်မြို့)**

## ရခိုင်ပြည်နယ်အစိုးရအဖွဲ့
## ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန
# ဖိတ်ကြားလွှာ

ရခိုင်ပြည်နယ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်နှင့် ရခိုင်ပြည်နယ်ရှိ ပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန် ရည်ရွယ်၍ အထောက်အကူဖြစ်စေမည့် ပြည်နယ်လုံးဆိုင်ရာ အများနှင့်သက်ဆိုင်သော ကုမ္ပဏီတစ်ခု ဖွဲ့စည်းနိုင်ရေး ဆွေးနွေးပွဲတစ်ခုကို ၂၆-၂-၂၀၁၇ ရက်တွင် စစ်တွေမြို့၊ ခိုင်သဇင်ခန်းမ၌ နံနက် ၉း၀၀ နာရီတွင် ပြုလုပ်မည်ဖြစ်ပါသည်။

အဆိုပါဆွေးနွေးပွဲသို့ ရခိုင်ပြည်နယ်နှင့် ပတ်သက်၍ စီးပွားရေးအရ ဆက်စပ်မှုရှိကြသော အသင်းအဖွဲ့အစည်းများ၊ ကုမ္ပဏီများနှင့် စိတ်ပါဝင်စားသည့် လူပုဂ္ဂိုလ်များအနေနှင့် အောက်ပါ လူပုဂ္ဂိုလ်များထံတွင် ၂၂-၂-၂၀၁၇ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်း တက်ရောက်နိုင်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

**ဆက်သွယ်ရန်-**

ဦးဇော်မင်းသိန်း ဖုန်း-၀၉-၈၃၉၉၉၉၄ ဦးစိုးပိုင် ဖုန်း-၀၉-၈၅၀၂၂၈၄
ဦးတင်အောင်ဦး ဖုန်း-၀၉-၈၅၀၀၂၁၀ ဦးစောထူးအောင်
ဦးဇော်ဇော်မင်း ဖုန်း-၀၉-၅၁၅၅၅၁၇ ဖုန်း-၀၉-၂၅၄၀၃၃၄၂၇

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အရပ်ရပ်အခွင့်အရေးလိုင်စင်များလေလံတင်ရောင်းချမည့်ရက်
# ပြောင်းလဲကြောင်း ကြော်ငြာခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်အခွင့်အရေးလိုင်စင် (၉၆)ခုအား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည့်အစီအစဉ်ကို ၂၄-၁-၂၀၁၇ရက်ထုတ် နိုင်ငံပိုင်မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့၌ လေလံလျှောက်လွှာပိတ်သည့်ရက် ၇-၂-၂၀၁၇ ရက်နှင့် လေလံတင်ရောင်းချမည့်ရက် ၉-၂-၂၀၁၇ ရက်နှင့် ၁၀-၂-၂၀၁၇ ရက်တို့ ထည့်သွင်းကြော်ငြာခဲ့ပါသည်။

၂။ အဆိုပါလေလံတင်ရောင်းချမည့်ရက်နှင့် လျှောက်လွှာပိတ်မည့်ရက်တို့အား အောက်ပါအစီအစဉ်အတိုင်း ပြောင်းလဲကျင်းပမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) **လေလံတင်ရောင်းချမည့်ရက်** - ၁၅-၂-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့) နှင့် ၁၆-၂-၂၀၁၇ ရက် (ကြာသပတေးနေ့)
(ခ) **လေလံတင်ရောင်းချမည့်အချိန်** - နံနက် ၁၀း၀၀ နာရီ
(ဂ) **လေလံတင်ရောင်းချမည့်နေရာ** - နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာန၊ အစည်းအဝေးခန်းမ
(ဃ) **လျှောက်လွှာပိတ်မည့်ရက်** - ၁၀-၂-၂၀၁၇ ရက် (သောကြာနေ့) ညနေ ၃း၃၀ နာရီ

၃။ လေလံလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာများသို့ စုံစမ်းမေးမြန်းနိုင်ပါသည်-

(က) စီမံရေးရာဌာန ဖုန်း-၀၆၇-၄၁၄၆၁၇
(ခ) အခွန်ဌာန ဖုန်း-၀၆၇-၄၁၄၂၉၄၊ ၀၆၇-၈၁၀၈၂၁၀
(ဂ) ဈေးများဌာန ဖုန်း-၀၆၇-၄၁၄၂၉၃
(ဃ) တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာန ဖုန်း-၀၆၇-၄၃၂၄၉၃
(င) အင်ဂျင်နီယာဌာန (လမ်းတံတား) ဖုန်း-၀၆၇-၄၃၂၀၃၇

**လေလံတင်ရောင်းချရေးအဖွဲ့၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိသာစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၃)၊ ၁၃ရပ်ကွက်၊ ကောလိယလမ်း၊ အမှတ် ၃၂၂/ဂ၊ အကျယ်အဝန်း(၄၀ပေ×၆၀ပေ) အမည်ရှိ မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အဝဝသည် ၂၀-၁၂-၂၀၁၆ ရက်မှစ၍ ကျွန်မ ဒေါ်အေးအေးမြင့်(ခ)ဒေါ်လှလှမိုး (ဘ-ဦးမြဝင်း) ၁၂/သဃက (နိုင်)၀၈၆၂၀၇ နှင့် လုံးဝမသက်ဆိုင်တော့ပါကြောင်းနှင့် ကျွန်မထံ မှတ်ပုံတင် အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ထားသော ဦးမြသန်းကို၏ ကိစ္စအဝဝကို ဆက်လက်ဆောင်ရွက်ရန် အပြီးအပြတ်ရပ်စဲချုပ်ငြိမ်းသွားပြီဖြစ်၍ အဆိုပါ GP အား အသုံးပြု၍ နောက်ထပ် မည်သည့်ကိစ္စကိုမျှ ဦးမြသန်းကို ကိုယ်စား ကျွန်မမှ ဆောင်ရွက်တော့မည်မဟုတ်ပါကြောင်း အများသိသာစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လှလှမိုး(ခ)ဒေါ်အေးမြင့် (ဘ-ဦးမြဝင်း) ၁၂/သဃက(နိုင်)၀၈၆၂၀၇**
**အမှတ်(၉၂၈)၊ ရတနာပုံ ၇ လမ်း၊**
**၉ ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ဟင်္သာတမြို့၊ လယ်တီကွင်းရပ်ကွက်၊ မြို့ပတ်လမ်းနေ ဒေါ်ယဉ်နွယ်ဦး ၁၃/မရတ(နိုင်) ၀၀၀၇၀၈နှင့် ဒေါ်ရင်ကြည်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ယဉ်နွယ်ဦး(ခ)**
**ဒေါ်ရင်ကြည်**

**ဆရာဒွေး** နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**
တစ်နိုင်ငံလုံးမှာ မှလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ)
အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။
ဘွဲ့ကြို ဘွဲ့ရ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
အခြေခံညံ့သည်ဟု ယူဆလျှင် မဖြစ်မနေတက်ပါ။
ဖေဖော်ဝါရီ (၄/၉)ရက်နေ့ (ပ/ဒု)တန်းခွဲသစ် ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
ဇွဲ - Essay, Letter လက်ခံပြီ။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂိုးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဖြိုးသီဟဇော် CDC 81664 ၏ CDC စာအုပ်မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၀၁၇၀၅၅**

**ဖခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ သနပ်ကုန်း အထက(ခွဲ) နဝမတန်းမှ မောင်ကောင်းခန့်ကျော်နှင့် ပဉ္စမတန်းမှ မဖြူစင်သန့်တို့၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်းထိုက် ၈/စလန(နိုင်)၁၄၀၄၈၀ ဖြစ်ပါကြောင်း။

**ဦးမင်းမင်းထိုက်**

# ဘုန်းကြီးကျောင်းသားဘဝမှသည် . . . .

## နာရီတာသောင်းညွန့်

အင်၊ ကြင်း၊ ကြာ၊ အုံ ရတနာပုံ မန္တလေးမြို့ကို ၁၂၂၁ ခုနှစ်တွင် ဘုန်းကြီးကျောင်းသား မောင်လွင်(ခ) မင်းတုန်းမင်းတရားကြီးက တည်ဆောက်ခဲ့သည်။ ထိုမြို့၏ မတောင့်တ ဥယျာဉ်ခြံသည် (၈၆×၈၇) လမ်းနှင့် (၃၅)လမ်းတွင် တည်ရှိသည်။

ထိုမတောင့်တ ဥယျာဉ်ခြံကို လေ့အသင်းအတွင်းဝန်မင်းက ပိုင်ဆိုင်ပြီး ထိုဝန်မင်းမှာ တတိယအင်္ဂလိပ်-မြန်မာစစ်ပွဲတွင် မြင်းခြံမြို့ ခံတပ်မှနေ၍ ရွပ်ရွပ်ချွံချွံခုခံတိုက်ပွဲဝင်ခဲ့သော အာဇာနည်မျိုးချစ်ပုဂ္ဂိုလ်ကြီး ဖြစ်သည်။

သက္ကရာဇ် ၁၂၁၂ ခုနှစ်ကမွေးဖွား၍ ၁၂၄၇ ခုနှစ်တွင် ၃၅ နှစ်အရွယ် အိမ်ထောင်ရှင်ဖြစ်သော ဦးဘိုးသည် အထက်ပါဥယျာဉ်ခြံကို ဝယ်ယူပိုင်ဆိုင်ခဲ့သည်။ ၁၂၈၀ ခုနှစ်တွင် **"မဟာဝေယန်ဘုံသာကျောင်း"** ကမ္ပည်းတင်ဆောက်လုပ်ရန် ထိုခေတ် ငွေတစ်သိန်းကို ရေစက်ချ၍ မုတ္တစာဂီလှူဒါန်းခဲ့သည်။

၁၂၈၃ ခုနှစ်တွင် မဟာဝေယန်ဘုံသာ ပရိယတ္တိစာသင်တိုက် ပေါ်ပေါက်ခဲ့သည်။ မင်းတုန်းမင်းနှင့်စိန်တုံးတိုက်စား မိဖုရားတို့က ဝဇီရာရာမစိန်တုံးတိုက်တော် ဆောက်လုပ်လှူဒါန်းခဲ့ရာ ရေဦးမြို့နယ်၊ ချမ်းသာသွေးသောက်အုပ်စုပါ **"ကုန်းသာရွာဇာတိ"** ဆရာတော် အရှင်ပညာသီရိအား ရာဇဂုရုဘွဲ့တံဆိပ်နှင့်တကွ ကျောင်းတင်ကိုးကွယ်ခဲ့သည်။

ဝဇီရာရာမစိန်တုံးဆရာတော်သည် ရွှေဘိုမြို့နယ်၊ ဆိပ်ခွန်ရွာအနီးရှိ သီးလုံးဆရာတော်အရှင်စန္ဒိမာလင်္ကာရထံတွင် ပရိယတ်၊ ပဋိပတ်ပညာများ သင်ယူခြင်း၊ သင်္ဂဇာဆရာတော်ဘုရားကြီး၏ ဒက္ခိဏဗာဟု လက်ထောက်စာချတပည့်လုပ်ခြင်းဖြင့် ထင်ရှားခဲ့သည်။

ဤဆရာတော်၏ လက်ထောက်တပည့်မှာ မော်လမြိုင် တောက်ပေါက် ဆရာတော်အဖြစ် ထင်ရှားခဲ့သော **"ဆရာတော် အရှင်စက္ကပါလ"** ဖြစ်သည်။ မဟာဝေယန်ဘုံသာကျောင်းတိုက်၏ ပထမကျောင်းထိုင်ပုဂ္ဂိုလ်၊ နိုင်ငံတော်သံဃနာယက၊ ဆဋ္ဌသင်္ဂါယနာဖြစ်မြောက်ရေး ဩဝါဒါစရိယ ဖြစ်သည်။ ဇာတိ မြင်ကွန်းမြို့ အဘပျဉ်းမနားမြို့ စစ်ကဲတော် ဦးရှော-အမိ မလွန် မြို့သူကြီး မျိုးရိုး။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပသော ပါဠိပထမပြန် ဆုနှင်းသဘင်ပွဲတွင် ဘုရင်ခံအမှုဆောင်ကောင်စီ၏ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဦးအောင်ဆန်း (ဗိုလ်ချုပ်အောင်ဆန်း) သည် အစိုးရအဖွဲ့၏ အကြီးအကဲအဖြစ်တက် ရောက်ခဲ့ပြီး ထိုပွဲ သံဃနာယကအကြီးအမှူးမှာ ဆရာတော် အရှင်စက္ကပါလ ဖြစ်သည်။ (ဗိုလ်ချုပ်အောင်ဆန်း၏ လေးနက်သော ဘာသာရေး လျှောက်ထားချက်မှာ သူ၏ မိန့်ခွန်းပေါင်းချုပ်တွင် ပါရှိသည်။)

မန္တလေးမြို့ မဟာဝေယန်ဘုံသာကျောင်းတိုက်ကို ဆရာတော် အရှင်စက္ကပါလ (အဂ္ဂမဟာပဏ္ဍိတ) **"ဗုဒ္ဓသာသနိက ပထဝီဝင်"** ကျမ်းပြု ဆရာတော်မှ စတင်ခဲ့ပြီး ဒုတိယ ဦးဝိသုဒ္ဓ၊ တတိယ ဦးအာစိဏ္ဏ၊ စတုတ္ထ ဦးဓမ္မပါလ၊ ပဉ္စမ ဦးဇောတိပါလ၊ ဆဋ္ဌယခုလက်ရှိ ဦးဇောတိက (နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်) ဆရာတော်တို့က နှစ် ၁၀၀ သမိုင်းရှည်ကာလတွင် အစဉ်အဆက် တာဝန်ယူအုပ်ချုပ်ခဲ့ကြသည်။

ပဉ္စမမြောက် ဆရာတော် ဦးဇောတိပါလ လက်ထက်တွင် ရေဦးမြို့နယ် ရွာမိဿာရွာသား ကျောင်းသား မောင်ကျော်ဌေးသည် တက္ကသိုလ်ပညာသင်ယူရန် ဘုန်းကြီးကျောင်းသားအဖြစ် ရောက်ရှိခဲ့သည်။ **"အမှိုက်လှဲရသည်၊ ရေခပ်ရသည်၊ ကုဋီဆေးကြောရသည်၊ ဘုန်းကြီးစွန့်ပေးသည့် ဆွမ်းကျန်ဟင်းကျန်များ စားရသည်"** ပြီးလျှင် ၈၆×၈၇ လမ်းမှ လမ်း ၈၀တွင် ခြောက်ပြဝေးကွာသည့် ဖားသားလဖုန်းကျောင်း (ဒေသကောလိပ်) သို့ ခြေကျင်ကျောင်းသွားရသည်။ ကျောင်းတက်ရသည်။ မနက်အရုဏ်တွင် သံဃာတော်များအတွက် ဆန်ပြုတ်ကျို ကပ်ရသည်။ ၁၀နှစ်ကြာ ဝတ္တရားမပျက် လုပ်ခဲ့သည်။ ကျောင်းသား မောင်ကျော်ဌေး၏ မိဘများမှာ ရေဦးမြို့နယ် ရွာမိဿာရွာနေ ဦးအုန်းမောင်-ဒေါ်စက်မိတို့ဖြစ်ခဲ့ပြီး သာမန် တောင်သူလယ်သမားမိသားစုပင် ဖြစ်သည်။

သို့သော် လယ်သမားကြီး ဦးအုန်းမောင်က သူ့သား ကျော်ဌေးအား **"မင်းလယ်သမား မလုပ်ရ။ ကုန်သည်လုပ်ပါ၊ ပညာတတ်အောင် သင်ပါ"**ဟု အမြဲလမ်းပြ ဆုံးမသည်။ မွေးချင်း ငါးယောက်တွင် ဒုတိယဖြစ်၍ မွေးချင်းများကိုလည်း ညှာတာ၊ မိဘကိုလည်း ငဲ့၍ အိမ်ပြန်ငွေမတောင်းပါ။ ကျောင်းစရိတ်ရဖို့ရာ ပန်းရန်ဝင်လုပ်သည်။ တစ်ရက်လုပ်ခ ၂၅ ကျပ်ရသည်။ ရငွေဖြင့် ကျောင်းစရိတ်သုံးသည်။ နွေရာသီတွင် ဘုန်းကြီးစွန့်ပေးသည့် ဆွမ်းကျန်များ သိုးနေတတ်၍ ကောင်းတာလေးများကို ရွေးချယ်စားခဲ့ရပြီး ရေသောက်ဗိုက်မှောက်နေသည်။ ရရှိသည့် ပန်းရန်လုပ်ခကို အပိုမသုံး၊ လက်ဖက်ရည်ကော်ဖီ ဝေလာဝေး၊ သူငယ်ချင်းတို့က အလကားခေါ်တိုက်သည်ပင် မသောက်၊ လုံးဝ (လုံးဝ) မသောက်ခဲ့။ သူက ၁၀ ခါတိုက်လျှင် ကိုယ်က တစ်ခါပြန်တိုက်ရမည်။ ကိုယ့်ငွေအတွက် မခံနိုင်၊ ဘဝအကြောင်းနားလည်သည်၊ ဘဝနာနေပြီ။ ငါးတန်းသင်စဉ်က ရွာမိဿာရွာမှ ခုနစ်မိုင်ဝေးကွာသည့် ချမ်းသာရွာ တွဲဖက်အလယ်တန်းကျောင်းကို ချောင်း၊ မြောင်း၊ ကုန်း၊ ကျင်းများကို ဖြတ်၍ ခဲယဉ်းစွာ ဘဝရည်မှန်းချက်အောင်မြင်ရန် တက်ခဲ့ရသည်။ ခံနိုင်ရည်ရှိအောင် လေ့ကျင့်ရမည်။ မဟာဇနက မင်းသားကဲ့သို့ ဇွဲသတ္တိခိုင်မာ ရသည်။

မန္တလေး၊ ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်ပင်မ ဆက်တက်သည်။ ပညာရေး မျက်ခြည်မပြတ်။ ပန်းရန်လုပ်ခ ရသမျှငွေများကို သေချာစွာစုခဲ့ပြီး စက်ဘီးတစ်စီး ဝယ်ခဲ့သည်။ မဟာဝေယန်ဘုံသာကျောင်းမှ စက်ဘီးကလေးဖြင့် တက္ကသိုလ်ကျောင်းမှန်မှန် တက်သည်။ ဘူမိဗေဒအထူးပြု ဘာသာရပ်(ဂုဏ်ထူးတန်း) ဖြင့် ဘွဲ့ရခဲ့သည်။

ထိုအချိန် ထိုကာလတွင် မဟာတန်းကို ဆက်လက်တက်ရန် ရည်မှန်းချက်ကြီးကြီးထားပြီး "ဒေါက်တာကျော်ဌေး" ဖြစ်ရန် အားယူနေဆဲ။ ၁၉၈၈ ခု နိုင်ငံရေးအပြောင်းအလဲများ၏ အဟုန်ကြီးစွာ မြန်ဆန်မှုကြောင့် မူလရည်မှန်းချက်များ ပျောက်ကွယ်သွားခဲ့ရသည်။ ကျောင်းများ ရက်ရှည်ပိတ်ထားချိန်ကာလ ထိုကာလတွင် အခွင့်အလမ်းတစ်ခု ပေါ်ပေါက်လာသည်။ အခွင့်အရေးသည် နှစ်ကြိမ် မလာတတ်။

ကျေးဇူးရှင်ဆရာတော် ဦးဇောတိပါလက သူ့ဆွမ်းခံအိမ်က ကျောက်သွေးဆရာကိုဝင်းညွန့်ထံ ကျောက်သွေး ကျောက်ဖြတ်ပညာ သင်ယူရန် အပ်နှံပေးလိုက်သည်။

**"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊**
**သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊**
**သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဖို့ဝတ်ငါးဖြာ။"**

ဗုဒ္ဓဩဝါဒနှင့်အညီ မေတ္တာဆွတ်ဖျန်း၍ ကျောင်းသားမောင်ကျော်ဌေးအား ခေါ်ယူလမ်းပြ အပ်နှံပေးလိုက်ခြင်းဖြစ်သည်။ ခြောက်လကြာ ဆရာခိုင်းတာမှန်သမျှ အကုန်လုပ်သည်။ လစာမဲ့လုပ်ရသည်။ ရေခပ်၊ အမှိုက်လှဲ၊ ဆရာဝတ်များကို ဆောင်ရွက်ပေးရသည်။

**ပဉ္စမမြောက် ဆရာတော် ဦးဇောတိပါလ လက်ထက်တွင် ရေဦးမြို့နယ်၊ ရွာမိဿာရွာသား ကျောင်းသား မောင်ကျော်ဌေးသည် တက္ကသိုလ်ပညာသင်ယူရန် ဘုန်းကြီးကျောင်းသားအဖြစ် ရောက်ရှိခဲ့သည်။ "အမှိုက်လှဲရသည်၊ ရေခပ်ရသည်၊ ကုဋီဆေးကြောရသည်၊ ဘုန်းကြီးစွန့်ပေးသည့် ဆွမ်းကျန်ဟင်းကျန်များ စားရသည်" ပြီးလျှင် ၈၆×၈၇ လမ်းမှ လမ်း ၈၀တွင် ခြောက်ပြဝေးကွာသည့် ဖားသားလဖုန်းကျောင်း (ဒေသကောလိပ်)သို့ ခြေကျင် ကျောင်းသွားရသည်။ ကျောင်းတက်ရသည်။ မနက်အရုဏ်တွင် သံဃာတော်များအတွက် ဆန်ပြုတ်ကျို ကပ်ရ**

၁။ စိရံကာလ ဘာဝနာအချိန်ကြာမြင့်စွာ လုပ်ခဲ့သည်။
၂။ နိရန္တရ ဘာဝနာ-အဆက်မပြတ် တရစပ်လုပ်သည်။ မီးပွတ် ယောကျ်ားကဲ့သို့ မနားမရပ်လုပ်ခဲ့သည်။
၃။ နိရဝသေသ ဘာဝနာ-ကျောက်သွေး ကျောက်ဖြတ် ပညာရပ်ကို အရယူသည်၊ အကြွင်းမဲ့ တတ်လိုစိတ်ဖြင့် သင်ယူသည်။
၄။ သက္ကစ္စဘာဝနာ- အလုပ်ကို ရိုသေရသည်၊ လေးစားရမည်၊ ထမင်းကျွေးတဲ့အလုပ်ကို လေးစားတန်ဖိုးထားရမည်။
၅။ အဘိရတိ ဘာဝနာ-ကျောက်သွေး ကျောက်ဖြတ်လုပ်ငန်းသည် လက်ကိုပဲကြီးခွံပမာ ရေစိုခံရ၍ ပွယောင်းနေတတ်သည်။ ပျော်သည်။ တေးသီချင်း တကျော်ကျော်နှင့် ပျော်ရွှင်စွာ သင်ယူခဲ့သည်။

မန်းရာပြည့်သီချင်းကား သူ့အကြိုက်တေးပင် တည်း။

ဤသို့ဖြင့် ခြောက်လကျော်သည့်အခါ တစ်နေ့လုပ်ခ ၁၀ ကျပ်ရရှိသည်။ အဖိုးတန်သည့် ငွေ ၁၀ကျပ်။ တစ်လ ၃၀၀ ကျပ်ရရှိခဲ့လေသည်။ ဘဝဒဿန အမြင်ကျယ်ခဲ့ပြီး ရှေ့ကို မည်သို့ ခရီးဆက်ရမည်ကို လမ်းစမြင်တွေ့ခဲ့သည်။ တစ်နေ့ ငါသူဌေးဖြစ်ရမည်။ မဟာဝေယန်ဘုံသာကျောင်းတိုက်ကြီးသည် ၁၂၈၀ ခုမှ ရေတွက်လျှင် ၁၃၈၀ ခုတွင် နှစ် ၁၀၀ပြည့်လေပြီ။ ယခုဆဋ္ဌတိုက်အုပ်ဆရာတော် အရှင်ဇောတိက (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ၏ဩဝါဒအရ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်အဖြစ် ကျမ်းစာရေးခြင်း၊ ပါဠိ၊ အင်္ဂလိပ်၊ မြန်မာသုံးဘာသာ ကျောက်စာရေးခြင်းများ ပြုလုပ် နေစဉ်၊ ဘုန်းကြီးကျောင်းသား မောင်ကျော်ဌေးနှင့် မိတ်ဆက်ပေးခဲ့သည်။

**"မဟာဝေယန်ဘုံသာ ဝိဟာရတ္ထုပကာသနီ"** နှစ် ၁၀၀ ပြည့်သမိုင်း ကျမ်းစာသည် နှစ်နှစ်နှင့် ခုနှစ်လကြာမှ ပြီးစီးခဲ့သည်။ ဆိုဒ်ကြီး၊ စာမျက်နှာ ၆၀၀ ပုံနှိပ်စရိတ်နှင့် စာမူခပါ သိန်း ၁၀၀ ကုန်ကျမည်၊ ဆဋ္ဌ တိုက်အုပ်ဆရာတော်က သူတာဝန်ယူရသည့် ကျောင်းတိုက်နှစ် ၁၀၀ ပြည့် ကာလတွင်-

(၁) နှစ် ၁၀၀ ပြည့် ခေါင်းလောင်း သိန်း (၁၀၀)
(၂) နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် ကမ္ပည်းကျောက်စာ သိန်း (၆၀)
(၃) နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် သမိုင်းကျမ်းစာ သိန်း (၁၀၀)

ကုန်ကျသည်များကို တွက်ချက်၍ စာရေးဆရာ နာရီတာသောင်းညွန့်အား တာဝန်ပေးခဲ့လေသည်။

ထိုတာဝန်များကို နှစ်နှစ်ကျော်ဆောင်ရွက်နေစဉ် ၂၇.၁၂.၂၀၁၆ ရက်တွင် မဟာဝေယန်ဘုံသာဘုန်းကြီးကျောင်းသား မောင်ကျော်ဌေးကို စတင်မြင်တွေ့ရသည်။ သူ၏ လင်ခရူဆာကားကို သူကိုယ်တိုင် မောင်းလာခြင်း ဖြစ်သည်။ ကားပေါ်က ဆင်းစဉ် ဖိနပ် မစီးပုံမြင်ရသည်။ နှစ်ကြိမ် သုံးကြိမ်ပင် မြင်ရသည်၊ ကျောင်းဝင်းအတွင်း သူဖိနပ်မစီး။ ရာပြည့် သမိုင်းကျမ်းစာနှင့် ရာပြည့်ခေါင်းလောင်းကို သူပင် လှူဒါန်းသူဖြစ်ကြောင်း သိရသည်။

ရေဦးမြို့နယ်၊ ရွာမိဿာရွာသား
လယ်သမားကြီး ဦးအုန်းမောင်-ဒေါ်စက်မိတို့၏ သား
မန္တလေး မဟာဝေယန်ဘုံသာ ဘုန်းကြီးကျောင်းသား
သူပိုင်ဆိုင်သည့် နေပြည်တော်၊ "တော်ဝင်ကျောက်စိမ်းဟိုတယ်" သည် ငါးထပ်ဖြစ်ပြီး၊ ကြယ်သုံးပွင့်အဆင့်မီသည်။

**အောင်မြင်သောဘုန်းကြီးကျောင်းသား၏ဒဿန**

အလုပ်အောင်မြင်သူ တစ်ယောက်ဖြစ်လာရန် လိုအပ်သည့် ခံယူချက်များကို ဘုန်းကြီးကျောင်းသားက ဤသို့ရှင်းပြခဲ့သည်။

၁။ အချင်းချင်း ယုံကြည်မှုရှိရန် တည်ဆောက်ပါ။ ကျင့်ပါ။ သေချာစွာကျင့်ပါ။ ယုံကြည်မှု အလွန်အရေးကြီးသည်။ (သဒ္ဓါယ တရတိ ဩဃံ) ဗုဒ္ဓဩဝါဒနှင့် ညီညွတ်သည်။

၂။ အားထားလောက်သည့် အရည်အချင်းရှိပါစေ။ အချင်းချင်းကလည်း အားကိုး အားထားရှိစေရမည်၊ ဆက်ဆံသူ အထက်အောက်လူတိုင်း၏အမြင်တွင် အားထားထိုက်သူဟု ခံယူနိုင်အောင် ကျင့်ပါ။ သေချာစွာကျင့်ယူထားပါ။ (ခရီးသည်က ကားဆရာ၏အပေါ် အားကိုးယုံကြည်စိတ်ချမှုမျိုး။ သင်္ဘောမာလိန်မှူးနှင့် လေယာဉ်ပိုင်းလော့တို့အပေါ် ခရီးသည်က စိတ်ချယုံကြည်မှုမျိုး)

၃။ ဘာသာတရား၏အဆုံးအမကို လေးနက်စွာ ခံယူပါ။ သေချာစွာ ကျင့်သုံးပါ။ အခါအားလျော်စွာ တစ်လ၊ ၁၅ ရက် တန်သည်တရားဘာဝနာပွားပါ။ တရားစခန်းဝင်ပါ။ လုပ်ဖြစ်အောင် လုပ်ပါ။ ခွင့်ပြုပြု၊ မပြုပြု ၊ ဘုန်းကြီးကျောင်းဝင်း ဘုရားဝင်းအတွင်း လုံးဝ ဖိနပ်မစီးပါနှင့်၊ မဖွယ်မရာ၊ မအပ်မရာ မပြုလုပ်ပါနှင့်၊ လိုက်နာပါ၊ ကျင့်သုံးပါ။ ကျောင်းထမင်းစားမိသည့်အခါ ကျောင်းဝေယျာဝစ္စ တစ်ခုခုကို လုပ်ဆောင်ခဲ့ပါ။

၄။ လုပ်ငန်းခွင်တွင် ဆွေမျိုးနှင့် သူစိမ်းမခွဲခြားပါနှင့်၊ အလုပ်အပေါ်မှာ တန်းတူထားပြီး တော်သူကို တော်သလို ချီးမြှင့်ပါ။ ပေးကမ်းပါ၊ လက်မနှေးပါစေနှင့်။

၅။ တော်ဝင်ကျောက်စိမ်းဟိုတယ် တည်ဆောက်ခြင်းသည် အမြတ်ရလိုမှု တစ်မျိုးတည်းမဟုတ်၊ **"ဆီးဂိမ်းပွဲ"** အမီ ဆောက်လုပ်ခဲ့ပြီး ထိုနိုင်ငံ့ဂုဏ်ဆောင်ပွဲ ပြည်ပဧည့်သည်များ၏ အားထားစိတ်ချမ်းမြေ့မှုရအောင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ မဟာဝေယန်ဘုံသာကျောင်းတိုက်၏ ဦးစီးနာယက ဆရာတော် ဘဒ္ဒန္တဇောတိက၏ ကျန်းမာသက်ရှည်စွာ သာသနာပြုနိုင်ရန် ထိုင်းနိုင်ငံသို့ နှစ်ကြိမ် ဆေးဝါးကုသပေးခဲ့ပြီး မဟာမုနိ ဘဏ္ဍာတော်ထိန်း၊ မန်းညွန့်ဆန်စက်ပိုင် ဆန်ဦးဘိုး၏ ၁၂၈၀ ခုက ငွေတစ်သိန်းဖြင့် ဆောက်လုပ်ခဲ့သော အလယ်တိုက်ကြီး ပျက်စီးယိုယွင်းမှုကိုလည်း ငွေကျပ်သိန်း ၁၅၀၀ အကုန်ခံ၍ ပြုပြင်၊ မွမ်းမံ ကျေးဇူးဆပ်ခဲ့သည်။ အလှူရှင်နာမည်ကမ္ပည်း မထိုးခဲ့။

**"ကတညုတ ကတဝေဒီ"** မင်္ဂလာတရားရှိသော ဘုန်းကြီးကျောင်းသား ဖြစ်တော့သည်။



## ဓမ္မစကူးကျောင်းသားများ စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပ

**ဂန့်ဂေါ ဖေဖော်ဝါရီ ၇**

ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဂန့်ဂေါမြို့နယ် အနောက်ဂန့်ဂေါကျေးရွာရှိ သန္တိသုခ ဓမ္မစကူးကျောင်းတို့ ပူးပေါင်း၍ ဓမ္မစကူး ကျောင်းသား၊ ကျောင်းသူများ စာဖတ်စွမ်းရည်ပြိုင်ပွဲကို ဇန်နဝါရီ ၄ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ ကျင်းပခဲ့သည်။

စာဖတ်စွမ်းရည်ပြိုင်ပွဲသို့ ဓမ္မစကူး ကျောင်းသား ကျောင်းသူ ၃၀ ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမြင့်၊ ဒုတိယဦးစီးမှူး ဒေါ်အေးအေးနှင့် သန္တိသုခဓမ္မစကူးကျောင်း ဥက္ကဋ္ဌ ဦးခင်မောင်မြင့်တို့က ဆုများချီးမြှင့်ခဲ့ကြသည်။ စာဖတ်စွမ်းရည်ပြိုင်ပွဲအပြီးတွင် ကလေးများ တီထွင်မှုစွမ်းရည်ရှိစေရေးအတွက် အဖွဲ့ ငါးဖွဲ့ခွဲကာ ကစားပွဲများကို ဆက်လက်ကျင်းပပေးခဲ့ကြောင်း သိရသည်။

ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကလေးငယ်များ စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိလာပြီး စာဖတ်ရှိန်မြင့်တက်လာစေရေးအတွက် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ပုံတူဆွဲပြိုင်ပွဲ၊ ပုံတူဆွဲ ဆေးရောင်ခြယ်ပြိုင်ပွဲ စသည့်သင်တန်းများကို လည်းကောင်း၊ ဆင့်ပွားပန်းချီဆွဲနည်း စသည့် သင်တန်းများကို လည်းကောင်း အပတ်စဉ် စနေနေ့တိုင်း ကျင်းပဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။

(၁၀၁)



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ ''မန္တလေးမျဉ်းဖြောင့်များ''အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ ''မန္တလေးမျဉ်းဖြောင့်များ''ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစုကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ ''မန္တလေးမျဉ်းဖြောင့်များ'' အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ စတုတ္ထတွဲအဖြစ် '' တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး'' အမည်နှင့် အလင်းသစ်စာအုပ်တိုက်က ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော ''မန္တလေး မျဉ်းဖြောင့်များစတုတ္ထတွဲ'' ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေ ဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော ''တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး'' ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# ပွဲစားကထိန်၊ ထုံးဘူးတန်းနှင့် ရာဇဓမ္မသင်္ဂဟကျမ်း

## ဆူးငှက်



***ယခင်အပတ်မှအဆက်***

ညဥ့်ဦးပိုင်းကျွန်တော်တို့ သူငယ်ချင်းတစ်စုညစျေးတန်းသို့ လမ်းလျှောက်ထွက်ကြတော့ မြင်သမျှဖရဲသည်များက လှမ်းခေါ်ကာဖရဲသီးတွေပေးကြသည်။

ပေါလွန်းတော့လည်း မစားချင်။ တစ်လုံးတလေ လောက်သာယူပြီး ၈၆ လမ်းပေါ်ကစျေးခုံတွေပေါ်ဝိုင်းဖွဲ့ကာ ခွဲစားကြသည်။ ပေါက်ကရပြောကြသည်။ သီချင်းဆိုကြသည်။ ပြန်လာတော့လည်းဖရဲသီးသည်များက ဇွတ်ပေးသောကြောင့် အိမ်သို့သယ်သွားကြရ၏။ ဖရဲသီးတစ်လုံး ဘာတန်မှာလဲ။ သုံးမတ်၊ တစ်ကျပ်ခွဲ။

အခုတော့ ကိုင်းတန်းစျေးကြီးက အရင်လိုမဟုတ်တော့၊ အဆင့်မြင့်စျေးသစ်ကြီးဖြစ်သွားပြီ။ မြေညီထပ်ဆိုင်ခန်းတွေက သိန်းဆယ်ဂဏန်း တန်သည်။ ထောင့်ခန်းဆိုရင် ၅၀၊ ၆၀ တဲ့။ ငယ်ငယ်လေးကတည်းက စျေးမှာမွေး၊ စျေးမှာကြီးကာ ပွဲရုံအလုပ်၊ စျေးသည်အလုပ်လုပ်ခဲ့ကြသော ကိုင်းတန်းသူ၊ ကိုင်းတန်းသားတွေ စျေးရုံသစ်ကြီးမှာ ဆက်လက်ရှိဦး လေမည်လားမသိ။

ရန်ကုန်က ရုပ်ရှင်ဒါရိုက်တာနှင့် မင်းသမီး ဇနီးမောင်နှံတို့ကတော့ ကိုင်းတန်းရုံသစ်ကြီးမှာ ဆိုင်ခန်းနှစ်ခန်းရသတဲ့။ မင်းသမီးသည် ကိုင်းတန်းဆိုင်ခန်းမှာထိုင်ကာ-

''ဟောဒီက အင်းသီးနီမာတွေနော်။ နီမာတွေ...''

ဟုဘယ်သောအခါ အော်ဟစ်ရောင်းချလေမလဲမသိ။

ကိုင်းတန်းစျေးအရှေ့ဘက် ရွှေတချောင်းမြောင်းကို ကျော်တော့ ထီးတိုင်စျေးရှိသည်။ ထီးတိုင်စျေးကလည်း ဘာသာရေးပွဲလမ်းများတွင် ရှေ့တန်းက ပါခဲ့သည်ချည်းဖြစ်၏။ ထီးတိုင်စျေးကထိန်ကလည်း စည်ကားသည်။ စစ်ကိုင်းတောင်ရေဦးတိုက်သစ်သို့ ခင်းကျင်းသည့်နှစ်က ထီးတိုင်စျေးကထိန်နှင့် စစ်ကိုင်းသို့လိုက်ဖူးသည်။ ကထိန်လူကြီး ဦးစိုးတင့်နှင့် ဆက်စပ်၍ဖြစ်သည်။ ဦးစိုးတင့်ကဘုန်းကြီးလူထွက်ပီပီ အပြောကောင်း၊ အဟောကောင်းနှင့် ကထိန်အလှူအတန်းတွေ အများကြီးအလှူခံနိုင်၏။ တစ်နှစ်ပတ်လုံးပင် စျေးရုံထဲ အသံချဲ့စက် စပီကာများဆင်ကာ နေ့စဉ်မပြတ်ပြောဟော အလှူခံသည့် စျေးရုံကြီးဖြစ်၏။

တကယ်တော့ မန္တလေးမြို့၏ စီးပွားရေးအချက်အချာ နေရာ ကား ကိုင်းတန်းစျေးကို ဗဟိုပြု၍ အရပ်လေးမျက်နှာ သုံးလေးပြ ပတ်လည်ဖြစ်သည်။ မန္တလေး၏ပထမဦးဆုံး ပွဲစားကုန်သည် အသင်းကလည်း ထိုနေရာတွင် ၁၉၃၀ ပြည့်နှစ်လောက်ကတည်းက အစတည်ခဲ့သတဲ့။ ပထမဆုံး ဥက္ကဋ္ဌက ဦးသန့်ဟု မှတ်သားဖူးသည်။ ဦးသန့်ကားနာမည်ကျော်စာရေးဆရာရုပ်ရှင် သရုပ်ဆောင် ဗိုလ်ဗကို၏ ဖခင်ဖြစ်သည်။

၁၉၅၄ ခုနှစ်တွင်ပွဲစားကုန်သည်အသင်းက ရွှေတချောင်း အနောက်ဘက် ဒေါင်းရိုးရပ်မှာတည်ရှိသည်ဟုလည်းမှတ်သားခဲ့ရဖူးပါသည်။

ငယ်ငယ်တုန်းကတော့ ရွှေတချောင်းအနောက်ခြမ်းကိုင်းတန်းတစ်ဝိုက်မှာ တရုတ်ခေါက်ဆွဲကြော်ဆိုင်တစ်ဆိုင်ပဲရှိခဲ့ဖူးပါသည်။ ၂၉ လမ်းနှင့် ၈၆ လမ်းထောင့်က ဦးကြင်ရွှေခေါက်ဆွဲဆိုင်ဖြစ်၏။ အခါကြီးရက်ကြီးများ၊ သို့မဟုတ်ငွေကြေးဆုကြေးမြိုးမြိုးမြက်မြက်ရသည့်အချိန်များတွင် ဦးကြင်ရွှေခေါက်ဆွဲကြော်ဝယ်ပြီးစားကြရတာ မှတ်မိနေသည်။ သည်တုန်းက အစိမ်းကြော်တောက်တောက်ကြော်ဆိုတာတွေ မစားဖူး။ ခေါက်ဆွဲကြော်လောက် စားရတာကိုပင် အာဂလူဖြစ်နေသည်။

၂၉ လမ်းနှင့် ၈၆ လမ်းထောင့်ကလည်း ယနေ့အထိ ယာဉ်တွေပိတ်ဆို့ရှုပ်ထွေးဆဲ။ ကုန်ကား၊ ဘတ်စ်ကား၊ မြင်းလှည်း၊ ဆိုက်ကား၊ ချယ်ဂါရီ၊ ထော်လာဂျီ၊ တွန်းလှည်းစသည်ဖြင့် အမြဲပိတ်ဆို့မြဲ။အခုတော့ ထိုထောင့်သည် ဆန်အရောင်းအဝယ်အချက်အချာနေရာကြီး ဖြစ်တော့၏။ ထိုထောင့်မှစကာ တောင်ဘက် ၈၆ လမ်းတစ်လျှောက်၊ ထုံးဘူးတန်း၊ သကျသီဟဘုရားဝန်းကျင်တို့ကား ဆန်စျေးကွက်ကြီး ဖြစ်တော့သည်။

ထုံးဘူးတန်းမှာ ဓမ္မာရုံရှိသည်။ ၈၆ လမ်းနှင့်လမ်း ၃၀ အနီး ရွှေတချောင်းအနောက်ဘက်ကမ်းမှာတည်ရှိ၏။ ထုံးဘူးတန်းဓမ္မာရုံပွဲကိုလည်း မျှော်လင့်ကြရသည်။ ဇာတ်ကောင်းငှားသောကြောင့်ဖြစ်သည်။ ပန်တျာကျော်ဝင်း၊ အောင်ကျော်ညွှန့်၊ စိန်လှမြိုင်၊ မြို့တော်ဝင်းမြိုင်၊ ငါးမည်ရ တင်သိန်းစသည့် မန္တလေး၏ ထိပ်တန်းဗလာဇာတ်တွေ ကပြသည့်ပွဲဖြစ်သည်။ ယခင်က ၂၉ လမ်းနှင့်ထုံးဘူးတန်းဓမ္မာရုံကြား ရွှေတချောင်း အနောက်ဘက်ကမ်းမှာ ဘာဆိုင်ခန်းမှမရှိ ကွက်လပ်ကြီးဖြစ်၏။ ပွဲခင်းကြီးဖြစ်၏။ နောက်တော့ ပလက်ဖောင်းခင်းကာ ပျံကျ စျေးသည်များနှင့် ပန်းတန်းကိုနေရာချပေးသည်။ အခုတော့ ဆိုင်ခန်းများနှင့် အခိုင်အခံ့စျေးတန်းကြီးဖြစ်နေပေပြီ။ ပတ်ဝန်းကျင်က စျေးအနေအထားကို ဖန်တီးပေးသည့်သဘောဖြစ်သည်။ စျေးဟူသည် လိုအပ်ချက်အရ ပေါ်ပေါက်လာသည့်သဘော၊ စျေးကိုဇွတ်အတင်းလည်း ဖန်တီးမရသည့်သဘော။

၈၆ လမ်း၊ ၂၉၊ လမ်း ၃၀ကြား ရွှေတချောင်းအရှေ့ဘက်မှာလည်း ပွဲရုံကြီးများရှိသည်။ ယခင်ကဝါးတန်းဦးကျော်၏ ပွဲရုံကြီးများရှိခဲ့၏။ ထို့အတူ လက်ဖက်ပွဲရုံကြီးများလည်းရှိသည်။ ယခင်ကလူနေအိမ်များသာရှိခဲ့သော ၈၆ လမ်းအနောက်ဘက် ၂၉ လမ်းနှင့် လမ်း ၃၀ကြားကလည်း ဝင်းကျယ်ကြီးများဖြစ်ကာ ပွဲရုံ၊ ကုန်လှောင်ရုံကြီးများဖြစ်နေသည်။ တောင်ပေါ်မှဆင်းလာသော ကုန်ကားကြီးများက ဝင်းကြီးတွေထဲဝင်ကာ ဂိုဒေါင်ကြီးတွေကို ဖင်ထိုးပြီး ကုန်တွေတစ်စီးပြီးတစ်စီး အလျင်မပြတ် ချနေကြသည်။

မန္တလေးမှာတော့ ထုံးဘူးတန်းဆန်စျေးကွက်က ပင်မဖြစ်သည်။ ၈၆ လမ်းတစ်လျှောက်၊ လမ်း ၃၀ သကျသီဟဘုရားမြောက်ဘက်မုခ်ဝဲယာ အားလုံး ဆန်ပွဲရုံချည်းဖြစ်သည်။ မြန်မာနိုင်ငံကား တစ်ချိန်က ကမ္ဘာ့ဆန်အတင်ပို့နိုင်ဆုံး တိုင်းပြည်တစ်ပြည်ဖြစ်ခဲ့သတဲ့။ လွန်ခဲ့သောနှစ် ၄၀ ကျော် ကာလက ကုန်စျေးနှုန်းစာရွက်လေးဖတ်ကြည့်တော့ တောင်ထိပ်ပန်း ၃၅ ကျပ်၊ သိပ္ပံ ၃၆ ကျပ်၊ ရွှေဘိုလုံးသေး ၃၇ ကျပ် ၅၀ါး၊ ငစိန်ကြီး ၃၀ ကျပ်ဟု သိရသည်။

ထိုစဉ်ကာလက သတင်းစာများတွင် ဆန်လုံးညိုစားကြရန်အတွက်အထူးလှုံ့ဆော်ကြသည်။ နေရာတိုင်းဆန်လုံးညိုစားပါ။ သတင်းစာမှာလည်း ဆန်လုံးညို၊ ရေဒီယိုမှာလည်း ဆန်လုံးညိုဖြစ်နေ၏။ ထိုအခါ စားသုံးသူတစ်ဦးက သတင်းစာအော်သံအခန်းမှနေ၍ ဤသို့ရေးသားဖူးလေသည်။ ''ဆန်လုံးညိုဝါဒဖြန့်သူတွေ ကိုယ်တိုင်စားကြရဲ့လား''တဲ့။ ဆက်လက်ရေးသားသည်မှာ စျေးထဲ၌ဆန်လုံးညိုဝယ်ချင်လျှင် အလွယ်တကူမရပါ။ စျေးလည်းကြီး၏။

အကြောင်းမေးကြည့်သောအခါ ဝယ်မည့်သူအလွန်နည်းသဖြင့် စက်တွေကပိုကြိတ်မထားဘဲ လိုချင်မှကြိတ်သည့်အတွက်ကြောင့်ဟု ဆိုပါသည်။ ဆန်လုံးညိုစားရေးကို ရုံးနှင့်အဖွဲ့များက ဝါဒဖြန့်ကြသော်လည်း ၎င်းတို့ကိုယ်တိုင်ကမူ စားမှစားကြပါရဲ့လားဟုသံသယ ဖြစ်နေမိပါသည်။ မြူညကဥ္စ၊ ခရိုင်ဆရာဝန်၊ ရဲဝန်၊ ခရိုင်ဝန်၊ တိုင်းမင်းကြီးများဆန်လုံးညိုစားကြလျှင် စားကြောင်းသတင်းစာမှ ကြော်ငြာပါက ပိုကောင်းမည်ထင်ပါသည်။ ''ဆန်လုံးညိုစားသုံးသူ''ဟူ၍ ဖြစ်၏။

၂၇-၇-၅၄ နေ့ထုတ်သတင်းစာတွင်''ဆန်ရောင်းချရေး၌ ဗမာဗိုလ်စွဲခြင်း''ဆိုသောခေါင်းစဉ်ဖြင့် ဗန်ကောက်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ကြီးက ဆန်ကျွမ်းကျင်သူ မစ္စတာကေရာမေက မြန်မာနိုင်ငံ၏ ပြည်ပဆန်တင်ပို့မှုက နှစ်စဉ် တန်ချိန်ပေါင်း ၁၅၀၀၀၀၀ တင်ပို့လို့ ကမ္ဘာမှာ ဆန်အတင်ပို့ အရောင်းချနိုင်ဆုံးနိုင်ငံအဖြစ် ဗိုလ်စွဲလျက်ရှိကြောင်း၊ သို့သော် ကမ္ဘာစစ်ကြီးမဖြစ်မီက တင်ပို့သော တန်ချိန်ပေါင်း၏ ထက်ဝက်မျှသာရှိသေးကြောင်း ပြောဆိုသောသတင်းကိုလည်း ဖတ်ရ၊ မှတ်ရဖူးလေသည်။

ကုန်လွန်ခဲ့သော စီမံကိန်းစီးပွားရေးကာလက ဆန်ကို ပုဂ္ဂလိက ရောင်းဝယ်ဖောက်ကားခွင့်မပြုခဲ့ပေ။ ထို့ကြောင့် ထုံးဘူးတန်းသည် ယခုကဲ့သို့ မစည်ကား...။ ဆန်လေးတစ်ပြည်နှစ်ပြည်စကို တိတ်တိတ်ပုန်း ဝယ်ယူကြရ၏။ မန္တလေး ရွှေဘိုပြေးဆွဲတဲ့ရန်အောင်မန်းကားများပေါ်တွင် ရွှေဘိုမှဆန်ကိုအိမ်ရာလိပ်ထဲ၊ အဝတ်သေတ္တာထဲခိုးဝှက်ယူကြရ၏။ ကုန်စည်ကူးသန်းရောင်းဝယ်မှုကို လွတ်လပ်စွာ အနှောင်အဖွဲ့ကင်းကင်းရောင်းဝယ်ဖောက်ကားနိုင်ရေးသည် နိုင်ငံတိုးတက်ကြီးပွားစေသည့် မူဖြစ်ကြောင်းကို ရှေးမွန်မဆွကပင် ဝေဖန်ပြောဆိုခဲ့ကြဖူးသည်။

ယောအတွင်းဝန်မင်းသည် သူ၏ ''ရာဇဓမ္မသင်္ဂဟ'' ကျမ်းတွင် အောက်ပါအတိုင်းဖော်ပြထား၏။

''ကုန်သည်လယ်လုပ်တို့ကို ကူးသန်းလုပ်ဆောင်အားရှိအောင် အပိတ်အပင်မရှိဖွင့်၍ ခွင့်ပေးခြင်း၊ စောင့်မသင့်သမျှ စောင့်မကြည့်ရှုခြင်း၊ ထို့ထက် အလွန်လည်းကူးသန်းလုပ်ဆောင်ရန်အရင်းအနှီးမရှိသော ဆင်းရဲပင်ပန်းသောကုန်သည်လယ်လုပ်တို့ကို ကူးသန်းလုပ်ဆောင်၍ အတိုးအပွားမရှိ အရင်းအနှီးပေးကမ်းမစခြင်းသည် သမ္မာပါသမည်၏''ဟူလည်းကောင်း...။

''ကုန်သည်၊ လယ်ယာလုပ်ဆောင်သူတို့၏ စိတ်နှလုံးသည် တခြားနိုင်ငံက မှူးမတ်တို့ကို အားကိုးချစ်ခင် စုံမက်စေခြင်းမရှိ၊ ကိုယ်နိုင်ငံက မှူးမတ်တို့ကိုသာ ချစ်ခင်စုံမက်အောင် ကုန်သည်တောင်သူတို့၏ စိတ်နှလုံးကို ကျောချွင်းနှင့် ချည်သကဲ့သို့ ပြုလုပ်တတ်ရာသည်'' ဟူ၍လည်းကောင်း ...။

''ဤကဲ့သို့ ကောင်းမွန်စွာကုန်စည်ကူးသန်းရောင်းဝယ်ရအောင် လယ်ယာလုပ်ဆောင်ရအောင် စောင့်ထိန်းစေရမည်။ စောင့်ထိန်းရန်ဖို့ပေးသည့် အခွန်အတုတ်ကို ယူပြီးလျှင် အလိုရှိရာ လှူဒါန်းပေးကမ်းခြင်းကို မလုပ်သင့် စောင့်ထိန်းရန်ဖို့ပေးသည့် အခွန်အတုတ်ကိုယူ၍ စားသောက်သော မင်းမှူးမတ်၊ ရဲမက်၊ လက်နက်ကိုင်တို့သည် ကုန်သည်လယ်လုပ်တို့ဘေးရန်မရှိအောင် ဧကန်စောင့်ရှောက်သင့်သည်။


မစောင့်မရှောက်အလိုရှိရာလှူဒါန်းပေးကမ်းစားသုံးစားလျှင်ခိုးခြင်း ၂၅ ပါးတို့တွင် (၁)လိမ်လည်လှည့်စားယူသော 'ကူဋဌာဝ ဟာရ'၊ (၂)နှိပ်စက်၍ယူသော 'ပသယှာဝ ဟာရ' တို့မှ လွတ်နိုင်ရန်မရှိ'' ဟူ၍လည်းကောင်းကုန်သည်လယ်သမားတို့ဘက်မှ ရေးသားခဲ့လေသည်။

ယောမင်းကြီး၏ ခေတ်မီလှသောအယူအဆပေတည်း။

***(''တောင်မြောက် အရှေ့အနောက်ထောင့်မတ်မန္တလေး'' ဆောင်းပါးကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

**အလွန်လည်းကူးသန်း လုပ်ဆောင်ရန် အရင်းအနှီးမရှိသော ဆင်းရဲပင်ပန်းသောကုန်သည်လယ်လုပ်တို့ကို ကူးသန်းလုပ်ဆောင်၍ အတိုး အပွားမရှိ အရင်းအနှီး ပေးကမ်းမစခြင်းသည် သမ္မာပါသမည်၏'' ဟူလည်းကောင်း...**

# ရွှေစည်းခုံစေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်း စတင်ကပ်လှူပူဇော်



**ညောင်ဦး ဖေဖော်ဝါရီ ၇**
ညောင်ဦးမြို့ ရှေးဟောင်းသမိုင်းဝင် အံ့ဖွယ်ကိုးစုံ ရွှေစည်းခုံစေတီတော်မြတ်ကြီးကို ဇန်နဝါရီ ၂၈ ရက်မှစ၍ ရွှေစင်ရွှေသားများနှင့် ရွှေသင်္ကန်းများ စတင် ကပ်လှူပူဇော်ခဲ့ကြပြီး ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲဖွင့်ပွဲတွင် ညောင်ဦးမြို့မြစ်ကြည့်တိုက်၊ ရုပ်စုံကျောင်း၊ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တအိန္ဒဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

အဆိုပါ စေတီတော်မြတ်ကြီးကို (၉×၉) ပတ်လည်တစ်ချပ်တွင် ရွှေစင်ရွှေသားတစ်ကျပ်ခွဲသား တန်ဖိုးငွေကျပ် ၁၂ သိန်းကုန်ကျမည်ဖြစ်ပြီး စေတီတော်လုံးတော်ပြည့် ရွှေချမည်ဆိုလျှင် အချပ်အရေအတွက် ၁၆၃၅ ချပ်ကုန်ကျမည်ဖြစ်ကြောင်း ၊ စေတီတော်ရွှေချရာတွင် ကြာမှောက်ကြာလှန်နှင့် ရွှဲတို့အား ရွှေစင်ရွှေပြား ရွှေသားအစစ်များကို ကပ်လှူပူဇော်မည်ဖြစ်ရာ အခြားစေတီတော် ကျန်အစိတ်အပိုင်းများကို မျက်ပါးရွှေ ကပ်လှူပူဇော်မည်ဖြစ်ကြောင်း မျက်ပါးရွှေကပ်လှူ ပူဇော်ရန် စေတီတော် သစ်စေးသုတ်ခြင်းလုပ်ငန်းကိုလည်း လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ အနယ်နယ်အရပ်ရပ်မှ လှူဒါန်းလိုသောကုသိုလ်ရှင်များ အလွယ်တကူလှူဒါန်းနိုင်ရန် ကမ္ဘောဇဘဏ်၊ ထွန်းဖောင်ဒေးရှင်းဘဏ်၊ ရောဝတီဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ စီဘီဘဏ် စသည့်ဘဏ်ငါးခုတွင် အလှူခံများ ဖွင့်ထားလျက်ရှိကြောင်း၊ ဖုန်းဖြင့် ဆက်သွယ်လှူဒါန်းလိုပါက ဖုန်း-၀၉-၂၀၄၃၅၄၈ သို့ လည်းကောင်း၊ ၀၉-၂၀၄၃၉၀၉ တို့သို့ လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ရွှေစည်းခုံဂေါပကအတွင်းရေးမှူး ဦးဝင်းမောင်မြင့်ထံမှသိရသည်။ရွှေစင်ရွှေသားခတ်လုပ်ရာတွင်လည်း လုံခြုံရေးများထားရှိကာ ဘုရားကြီးလုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်းကိုလည်း လာမည့်နှစ်တန်ဆောင်မုန်းလပြည့် ဘုရားပွဲတော်ရက်အတွင်း အပြီးသတ်လုပ်ကိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

**ကျော်ဌေး(ညောင်ဦး)**

# ကျုံပျော်၌ တိုက်ကွမ်ဒို သရုပ်ပြပွဲ ကျင်းပ

**ကျုံပျော် ဖေဖော်ဝါရီ ၇**

တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနနှင့် Pilgreen Co;Ltd တို့ ပူးပေါင်းကျင်းပသည့် Korea Exterm Taekwando (Demonstration Team) တိုက်ကွမ်ဒိုသရုပ်ပြပွဲကို ကျုံပျော်မြို့နယ် ရောမင်းခန်းမ၌ ဖေဖော်ဝါရီ ၄ ရက်က ကျင်းပသည်။

အဆိုပါသရုပ်ပြပွဲတွင် တိုက်ကွမ်ဒို အခြေခံကစားနည်း၊ ခုခံ ကာကွယ်နည်း၊ လက်သီးထိုးနည်း၊ ခြေကန်စွမ်းရည်၊ ဓား၊ နံချပ်ကူကစားနည်းနှင့် ပဝါစည်းကစားနည်းများကို ကိုရီးယားနိုင်ငံကစားသမားများက သေသပ်လှပစွာ ကစား၍ သရုပ်ပြသသွားခဲ့ကြသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းကအမှတ်တရ လက်ဆောင်ပေးအပ်ရာ တိုက်ကွမ်ဒိုအသင်းမှ တာဝန်ရှိသူ တစ်ဦးက လက်ခံယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြား ခဲ့ကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**



# ရေစီးရေလာကောင်းမွန်ရေး ကားလမ်းဘေးရေမြောင်းများပါ ချဲ့ပေးရန်လိုအပ်

**ရန်ကုန် ဖေဖော်ဝါရီ ၇**
ရန်ကုန်မြို့အတွင်း လမ်းသွယ်များတွင် ရေမြောင်းအချို့အသစ်ပြန်လည် ပြုပြင်နေခြင်း၊ လမ်းဖြတ်မြောင်းခုံးတံတားများ အသစ်ပြုလုပ်နေခြင်းများကို လမ်းမတော်မြို့နယ်၊ ကျောက်တံတားမြို့နယ်များတွင် မြင်တွေ့နေရသည်။



လမ်းမတော်မြို့နယ်(၃) ရပ်ကွက် ကိုင်းတန်းလမ်း အရှေ့ခြမ်း ယခင်ရေမြောင်းအကျယ်မှာ ခြောက်ပေမျှပင်မရှိသော်လည်း ယင်းရေမြောင်းအဟောင်းကို ဖျက်ပြီး အကျယ် သုံးပေ၊ အနက် သုံးပေ၊ အရှည် ၈၆၂ ပေ ရေမြောင်းအသစ်နှင့် ရေမြောင်းဖုံးအသစ်ပြုလုပ်ခြင်းတို့ကို သက်ဆိုင်ရာမှ ပြုလုပ်နေသည်ကို တွေ့မြင်ရသည်။

လမ်းမတော်မြို့နယ်အတွင်း တောင်မြောက်လမ်းသွားသော ဘုန်းကြီးလမ်း၊ ရွှေတောင်တန်း၊ လမ်းမတော်၊ လမ်းသစ်လမ်း အစရှိသည့် လမ်းများတွင် ရေမြောင်းအဟောင်း (အကျဉ်း)များအား မူလမြေခင်းအကျယ်ထက် ပိုမိုကျယ်သော မြောင်းအသစ်၊ မြောင်းဖုံးအသစ်များ ပြုလုပ်ပေးထားပြီးဖြစ်ရာ ယခုလပိုင်းတွင် ကိုင်းတန်းလမ်းတွင် ထပ်မံမြင်တွေ့လာရသည်ဟု လမ်းမတော်မြို့အနယ်အတွင်း နေထိုင်သူတစ်ဦးက ပြောသည်။

တောင်-မြောက် လမ်းများတွင် မြောင်းအကျယ် သုံးပေဝန်းကျင်ရှိလာသော်လည်း ယင်းလမ်းသွယ်များမှ ရန်ကုန်မြစ်သို့ ထွက်ပေါက်ဖြစ်သော မြောင်းမကြီးများဖြစ်နေသည့် အရှေ့-အနောက် ကားလမ်းမကြီးများဘေး ရေနုတ်မြောင်းအများစုအကျယ်မှာ တစ်ပြေးညီကျယ်ခြင်းမရှိသေးသည်ကို မြင်တွေ့ရသည်။

မြို့နယ်များရှိ တောင်မြောက် လမ်းသွယ်အချို့ ရေမြောင်းများ ပိုကျယ်လာသော်လည်း ရန်ကုန်မြစ်အတွင်းရောက်ရှိရန် ဖြတ်သန်းရမည့် အရှေ့-အနောက် ကားလမ်းမဘေး ရေမြောင်းကြီးများ၏ အကျယ်မှာ မူလအတိုင်း ကျဉ်းမြောင်းနေဆဲဖြစ်သည်။ သို့ဖြစ်ရာ မိုးရာသီရောက်ချိန် လမ်းသွယ်များမှ ရေလုံး အင်အား အရှိန်ပြင်းစွာ စီးဆင်းလာမှုကို ကားလမ်းမကြီးများဘေးရေမြောင်းများမှ တစ်ပြေးညီ နုတ်သိမ်းနိုင်မှုနည်းနေသဖြင့် နာရီကြာမြင့်စွာ မိုးသည်းထန်ပါက လမ်းပေါ်ရေလျှံတက်မှုများ ကြုံတွေ့လာနိုင်သည်။

သို့ဖြစ်ရာ ကားလမ်းမကြီးများဘေး ရေနုတ်မြောင်းကြီးများ လမ်းသွယ်ဖြတ်ခုံးပေါက်တံတားများကိုပါ လမ်းသွယ်များရှိ ရေမြောင်းများနှင့် တစ်ပြေးညီဖြစ်အောင် ဆောင်ရွက်ပေးသည်နှင့်အမျှ ရေကြီးရေလျှံ မှုဖြစ်စဉ်များ လျော့နည်းသွားမည်ဖြစ်သည်။

**ခင်ဆိုင်**

# အခမဲ့တီဘီဓာတ်မှန်ခန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၇**
ရန်ကုန် အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ဆက်စပ်မြို့နယ်များ အတွင်း တီဘီရောဂါရှာဖွေဖော်ထုတ် ကင်းစင်ပပျောက်ရေးစီမံချက်များအရ အခမဲ့ ဓာတ်မှန်ရိုက် တီဘီရောဂါရှာဖွေပေးမည့် ကျပ် ၇၅ သိန်းတန်ဖိုးရှိ ဓာတ်မှန်စက်ဝယ်ယူ လှူဒါန်း ဖွင့်လှစ်ခြင်းကို ဖေဖော်ဝါရီ ၅ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန အဆောက်အအုံရှေ့၌ ကျင်းပရာ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဖြူဖြူသင်း၊ တီဘီရောဂါတိုက်ဖျက်ရေး တိုင်းဆရာဝန်ကြီး ဒေါက်တာဇော်မြင့်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ဥမ္မာမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ ဓာတ်မှန်ဝယ်ယူလှူဒါန်းရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရရှိသော အသုံးစရိတ်ဖြင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီတို့က ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူးက ဓာတ်မှန်စက်ဝယ်ယူ ဖွင့်လှစ်ရခြင်း အကြောင်းကိုရှင်းလင်းပြောကြားပြီး ဓာတ်ရောင်ခြည် မပြန့်ပွားရအောင် လုံခြုံစွာတည်ဆောက်ရသော ဓာတ်မှန်ခန်း ဖွဲ့စည်းတည်ဆောက်ရာတွင် ပါဝင်လှူဒါန်းကြသော အလှူရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်သန်း(တောင်ညွန့်)**

# လယ်ယာမြေလျော်ကြေးပေးအပ်

**ကလေး ဖေဖော်ဝါရီ ၇**
ကလေးခရိုင် ကလေးမြို့နယ် ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းအတွက် တူးမြောင်းဖောက်လုပ်ရာတွင် ပါဝင်သွားသော လယ်ယာမြေများမှ တောင်သူများအား လျော်ကြေးငွေပေးအပ်ခြင်းကို ဖေဖော်ဝါရီ ၂ ရက် က ရာဇဂြိုဟ်ရေလှောင်တမံဘက်စုံ စီမံကိန်းရှင်းလင်းဆောင်၌ ကျင်းပသည်။

ထိုသို့ လျော်ကြေးပေးအပ်ရာတွင် ရာဇဂြိုဟ်၊ ခုံသာ၊ ကြက်ဖနက်နှင့် ကံကြီးကျေးရွာအုပ်စုအတွင်းရှိ လယ်ဧက ၇၀ ဒသမ ၉၁၊ ယာဧက ၁၈ ဒသမ ၂၆၊ကိုင်းဧက ၁၃ ဒသမ ၄၈၊ ဥယျာဉ်ဧက ၁ ဒသမ ၂၉၊ အိမ်ခြံဧက သုည ဒသမ ၆၅နှင့် နှစ်ရှည်ပင် ၈၁ ပင်မှ တောင်သူ ၁၂၃ ဦးတို့အတွက် လျော်ကြေးငွေများကို တစ်ဦးချင်းပေးအပ်ခဲ့သည်။

အဆိုပါ လျော်ကြေးပေးအပ်ရာတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(၃) ဦးမော်မော်နိုင်နှင့် ဦးစီးအရာရှိ ဦးသိုက်စိုး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ဦးဝေလွင်ဖြိုးနှင့်အဖွဲ့ဝင်များ၏ရှေ့မှောက်တွင် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဂျူနိုင်း**

# ပြည်သူ့ဗဟိုပြုသော ရဲလုပ်ငန်းစနစ်(ဆင့်ပွား)သင်တန်းဖွင့်

**မော်လမြိုင် ဖေဖော်ဝါရီ ၇**
မော်လမြိုင်မြို့ မွန်ပြည်နယ်ရဲတပ်ဖွဲ့ ရာမညဇာနည်ခန်းမ၌ ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ်(ဆင့်ပွား)သင်တန်းအမှတ်စဉ်(၃/၂၀၁၇) သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ ရက်က ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦးက ပြည်သူလူထု ပူးပေါင်းပါဝင်သည့် ရဲလုပ်ငန်းစနစ်ဖြင့် ပြည်သူ့ဘဝလုံခြုံမှုကို ကျယ်ပြန့်စွာရရှိရေးအတွက် ရဲတပ်ဖွဲ့ဝင်များက ရဲလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတကာအသိုင်းအဝိုင်း နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ခေတ်စနစ်နှင့်လျော်ညီသည့် ရဲလုပ်ငန်းအပေါ်ရှုမြင်ပုံ၊ အတွေးအခေါ်အယူအဆများတိုးတက်ပြောင်းလဲရန်၊ ရဲတပ်ဖွဲ့ဝင်များအားလုံးနားလည် သဘောပေါက်ရန်လိုကြောင်း၊ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ဌာနဆိုင်ရာများအပါအဝင် လူမှုရေးအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူများ ပူးပေါင်းပါဝင်သော ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ် (Community Policing) ကို အကောင် အထည်ဖော် ဆောင်ရွက်ရန်လိုကြောင်း ပြောကြားခဲ့သည်။ အဆိုပါသင်တန်းသို့ မွန်ပြည်နယ် ၁၀ မြို့နယ်မှ ရဲအရာရှိများ တက်ရောက်ကြသည်။

**တင်ထွန်း**

# ဒေသနှင့်ကိုက်ညီသော သီးနှံစိုက်ပျိုးနည်း ပညာပေးသင်တန်းဖွင့်

**ဘားအံ ဖေဖော်ဝါရီ ၇**
ကရင်ပြည်နယ် ဘားအံမြို့နယ် ကော့ကဒါကျေးရွာအုပ်စု ကော့စကလိုကျေးရွာ၌ ဒေသခံတောင်သူများ၏ စိုက်ပျိုးရေးကဏ္ဍအတွက် လိုအပ်သော သီးနှံစိုက်ပျိုးနည်းစနစ်များ ရရှိစေရေးနှင့်ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးနိုင်စေရေး ရည်ရွယ်ပြီး ကျေးရွာဒေသနှင့်ကိုက်ညီသော သီးနှံစိုက်ပျိုးနည်းစနစ် ပညာပေးသင်တန်းကို ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှကြီးမှူး၍ ဖေဖော်ဝါရီ ၄ ရက်က ဖွင့်လှစ်ခဲ့သည်။

အဆိုပါ သင်တန်းတွင် ဒေသရေမြေနှင့်ကိုက် ညီပြီး နိုင်ငံခြားဈေးကွက်ဝင်နေသော မဟူရာပုလဲနက်(ခေါ်) ခွေးလှေးယားသီး စိုက်ပျိုးနည်းစနစ်များ၊ ဝဥအထွက်နှုန်းတိုးစေရန် တိုးချဲ့စိုက်ပျိုးနည်း၊ ချက်ကြံနှင့် စားကြံ အထွက်နှုန်းတိုးစိုက်ပျိုးနည်း၊ ဖူးစားပြောင်းစိုက်ပျိုးနည်း စသည့် စိုက်ပျိုး နည်းစနစ်များအပြင် သီးနှံများရိတ်သိမ်းပြီးနောက် ဈေးကွက်ဖော်ဆောင်နိုင်ရေးအတွက် နည်းပညာများကိုပါ အဆင့်ဆင့် ပို့ချပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်း ကာလမှာ နှစ်ရက်ဖြစ်ပြီး သင်တန်းသို့ ကော့စကလိုကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ တောင်သူများနှင့် ကျေးရွာနေလူငယ်များ စုစုပေါင်း ၆၀ တက်ရောက်ကြကြောင်း ပြည်နယ်စိုက်ပျိုးရေးဦးစီး ဌာနမှူး ဦးဝင်းလှိုင်ဦးက ပြောသည်။

ပြည်နယ်အတွင်း ယခုနှစ် ဆောင်းသီးနှံအဖြစ် မတ်ပဲ ဧက ၁၉၀၀၊ ပဲတီစိမ်း ဧက ၁၄၉၀၀ နှင့် ပဲပုပ် ဧက ၉၇၅၀၊ အခြားပဲမျိုးစုံ ဧက ၈၀၀၀ ကျော်တို့ကို စိုက်ပျိုးရန် သီးနှံပုံစံချမှတ် ဆောင်ရွက်ခဲ့ရာ ယနေ့အထိ ပဲမျိုးစုံ ၁၀၂၅၄၃ ဧကကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**

# YBS စနစ်နှင့်ပတ်သက်၍ လှိုင်သာယာမြို့နယ်မှ ပြည်သူများ၏ အသံများ

သန်းထိုက်(လှိုင်သာယာ)၊ မျိုးမင်းသိန်း(မရမ်းကုန်း)

ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှု လျော့ကျစေပြီး အများပြည်သူခရီးသွားလာမှု ပို၍လွယ်ကူချောမွေ့စေရန်၊ မြို့ပြ၏ ခရီးသွားလာမှု ခေတ်မီစေရန် ခြေလှမ်းသစ်တစ်ရပ်ဖြစ်သော Yangon Bus Service(YBS)စနစ်ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ဇန်နဝါရီ ၁၆ ရက်က စတင်ခဲ့သည်။ YBS စနစ် ပြောင်းလဲဆောင်ရွက်ရာတွင် လိုအပ်ချက်များစွာ ရှိနေသော်လည်း အများပြည်သူခရီးသွားလာမှု လွယ်ကူချောမွေ့စေရန် ဝိုင်းဝန်းကူညီဆောင်ရွက်ခြင်းဖြင့် မိမိတို့နေထိုင်ရာမြို့ပြများ ခေတ်စနစ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာမည်သာဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်များတွင် လူဦးရေအများဆုံးဖြစ်သည့် လှိုင်သာယာမြို့နယ်သည် ရပ်ကွက်ပေါင်း ၂၀၊ ကျေးရွာ ရှစ်ရွာရှိပြီး လူဦးရေ ခြောက်သိန်းကျော်နှင့် ရွှေ့ပြောင်းနေထိုင်သူ သုံးသိန်းကျော်တို့ နေထိုင်လျက်ရှိသည်။ ထိုသူများအနက် နေ့စဉ် လှိုင်မြစ်တစ်ဖက်ကမ်းနှင့် ရန်ကုန်မြို့တွင်းသို့ လာရောက်အလုပ်လုပ်ကိုင်နေကြသူများရှိရာ YBS စနစ် စတင်ပြောင်းလဲချိန်တွင် လှိုင်သာယာနေ ပြည်သူများ၊ လှိုင်သာယာမှ တည်ငြိမ်ကုန်း၊ မင်္ဂလာဒုံသို့ အလုပ်သွားရမည့်သူများ အခက်အခဲများ ကြုံတွေ့ခဲ့ရသည်။ သို့သော် ပြောင်းလဲမှုကိုဖော်ဆောင်ရာတွင် အခက်အခဲဟူသည် ကြုံတွေ့ရမြဲဖြစ်၍ တစ်ဦးနှင့်တစ်ဦး စာနာနားလည်စိတ်ဖြင့် ဖေးမကူညီရန်သာ လိုပါသည်။

YBS စနစ်ပြောင်းလဲချိန်မှ ယနေ့ ဖေဖော်ဝါရီ ၅ ရက်အထိအတွင်း လှိုင်သာယာမြို့နယ်နေ ပြည်သူများအနေဖြင့် ခရီးသွားလာမှု ယခင်ကထက် အဆင်ပြေသည်ဟု ပြောဆိုသူများရှိသလို အားမရသူများလည်း ရှိနေသည်။ နေ့စဉ်ခရီးသွားလာမှု အခက်အခဲများနှင့် ယာဉ်ကြောကျပ်မှုကို လှိုင်သာယာတွင် ကြုံတွေ့နေရသော ကြောင့်ဖြစ်သည်။ လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်-ပုသိမ် လမ်းမကြီးနှင့် ရန်ကုန်-ညောင်တုန်း လမ်းမကြီးနှစ်ခုပေါ်မှ မှတ်တိုင်တို့တွင် ရုံးပိတ်ရက်များ၌ပင် ခရီးသွားပြည်သူများ ခပ်များများရှိနေပြီး ပုံမှန် ရုံးဖွင့်ရက်များတွင် နံနက်စောစော စက်ရုံကြိုဖယ်ရီယာဉ်များ၊ ခရီးသွားပြည်သူများဖြင့် လမ်းမကြီးများပေါ်တွင် ပို၍ပင် လူများလျက်ရှိသည်။

**လှိုင်သာယာမှ ဆူးလေ**

ခရီးသွားကုမ္ပဏီဝန်ထမ်းတစ်ဦးဖြစ်သော ကိုမောင်မောင်က "အရင်ထက်စာရင် ကားစီးရတာ အဆင်ပြေလာတယ်။ သွားလာရတာ မြန်လာတယ်။ လှိုင်သာယာကနေ ဆူးလေကို အရင်က နှစ်နာရီကျော်စီးရပေမယ့် အခု တစ်နာရီကျော်နဲ့ ရောက်တယ်။ သစ်တင်ယာဉ်တွေ နေ့ပိုင်းမသွားရလို့ ယာဉ်ကြောရှင်းတာလည်းပါတယ်။ တက္ကစီတွေကြောင့်ယာဉ်ကြောပိတ်တာတွေ ရှိလာတယ်။ ဆူးလေကို သုံးဆင့်စီးရတယ်။ လှိုင်သာယာကနေ စာတိုက်မှတ်တိုင်ကို အမှတ် (၂၀) စီးတယ်၊ စာတိုက်မှတ်တိုင်က သခင်မြ ပန်းခြံကိုစီးပြီး အဲဒီကတစ်ဆင့် ဆူးလေကို ထပ်စီးရတယ်။ ဒီက သခင်မြပန်းခြံကို (၂၂) စီးလို့ရပေမယ့် လူကျပ်တယ်။ ဆူးလေနားကို တိုက်ရိုက်ရောက်မယ့် ယာဉ်တွေ တိုးချဲ့ပေးမယ်ဆိုရင် လှိုင်သာယာစက်မှုဇုန်က ပြည်သူတွေအတွက် အဆင်ပြေနိုင် မယ်"ဟု ၎င်း၏အမြင်ကို ပြောပြသည်။

**လှိုင်သာယာ မီးခွက်စျေး**

လှိုင်သာယာမြို့နယ်အတွင်း မီးခွက်စျေးလမ်းဆုံမှ ဗိုလ်အောင်ကျော်လမ်းမကြီး အတိုင်း မီးခွက်စျေးအောက်ထိပ်သို့၊ ထိုမှ ရန်ကုန်-ပုသိမ် ကားလမ်းမမှတစ်ဆင့် စက်မှုဇုန်မှတ်တိုင်သို့ ပြေးဆွဲရမည့် YBS(၅၃)၊ (၅၄)ယာဉ်များမှာ သတ်မှတ်လမ်းအတိုင်း မသွားဘဲ မီးခွက်စျေးလမ်းဆုံ ဗိုလ်အောင်ကျော်လမ်းကို ရှောင်သွားနေကြခြင်းနှင့်ပတ်သက်၍ (၅၃)ယာဉ်လိုင်းမှ ယာဉ်မောင်းတစ်ဦးက သတ်မှတ်လမ်းအတိုင်း မီးခွက်စျေးလမ်းကို YBS ဖွင့်ပြီး တစ်ပတ်အထိ မောင်းသေးတယ်။ ကားလမ်း သာကျယ်တာ၊ စျေးသည်တွေ လမ်းတစ်လျှောက်ပြည့်နေတော့ ခဏခဏ စကားများတာနဲ့ မသွားတော့ဘူး။ ရန်ကုန်-ညောင်တုန်းလမ်းကပဲ စက်မှုဇုန်မှတ်တိုင်ကို သွားတော့တယ်။ အရင်လို အဆင်မပြေဘူး။ နံနက်နဲ့ ညနေပိုင်းမှာ အောက်ဆိုက်ဆွဲတဲ့ယာဉ်တွေရှိနေတော့ မြို့နယ်တွင်းပြေးဆွဲရတာ တစ်ခေါက်ကို ငါးထောင်က ရှစ်ထောင်လောက်ပဲ ရတယ်။ ပုံမှန်တော့မရှိဘူးပေါ့။ ဒီယာဉ်လိုင်းနှစ်ခုက လှိုင်မြစ်တံတားကျော်လို့မရဘူး"ဟု ပြောသည်။

လူစည်ကားရာ မီးခွက်စျေးရှိသည့် လမ်းမကြီးဖြစ်သော ဗိုလ်အောင်ကျော်လမ်းမကြီးတစ်လျှောက်မှ ရပ်ကွက်များတွင်နေသည့်ပြည်သူများ သွားလာမှုအဆင်ပြေစေရန်အတွက် ယာဉ်လိုင်းဖြတ်သန်းရန် စီစဉ်ပေးထားသော်လည်း လမ်းပေါ်မှ စျေးသည်များပြဿနာကို ဖြေရှင်းနိုင်ခြင်းမရှိသည့်အတွက် လိုင်းကားများမှာ ထိုလမ်းကိုရှောင်ကာ ညောင်တုန်းလမ်းမကြီးမှ ဘုရားလမ်းကိုဖြတ်၍ ပုသိမ်လမ်းမရှိ စက်မှုဇုန်မှတ်တိုင်သို့ ပြေးဆွဲနေခြင်းဖြစ်သည်။

**လှိုင်သာယာမှ ဗိုလ်တထောင်**

လှိုင်သာယာ ရုံးထိပ်မှတ်တိုင်မှ မြို့တွင်း ဗိုလ်တထောင်သို့ နေ့စဉ်သွားနေရသော ဝန်ထမ်းတစ်ဦးဖြစ်သည့် မမြတ်မွန်က "အခု သွားလာရတာ အဆင်မပြေဘူး။ ဗိုလ်တထောင်ကို သုံးဆင့်စီးရတယ်။ အရင်က(၈၆)စီးရင် တိုက်ရိုက်ရောက်တယ်။ အခု လှိုင်သာယာကနေ စာတိုက်မှတ်တိုင်ကို (၂၀)စီးပြီး သခင်မြပန်းခြံကို ၁၉၊ ၂၀ အဆင်ပြေတဲ့ယာဉ်လိုင်းကို စီးရတယ်။ ဗိုလ်တထောင်ကို(၅၇)၊ (၅၈) ထပ်စီးရတာ။ အရင်က လှိုင်သာယာ-ဗိုလ်တထောင်ကို ၃၀၀ ကျပ်ကုန်ပေမယ့် အခု ၆၀၀ ကုန်တယ်။ အခက်အခဲတစ်ခုပေါ့။ တိုးကြိတ်ရတာ သိပ်မရှိဘူး။ အဆင်ပြေတယ်။ သုံးဆင့်စီးရတာပဲရှိတယ်ဟု လက်ရှိကြုံတွေ့နေရသော အခက်အခဲကို ပြောပြသည်။

**အနောက်ပိုင်းတက္ကသိုလ်မှ လှည်းတန်း**

အနောက်ပိုင်းတက္ကသိုလ်တွင် အဝေးသင်တက်ရောက်နေသော ကျောင်းသား မောင်သီဟသက်ခိုင်က "ကျောင်းသားတွေအများစုက ကျူရှင်၊ သင်တန်းကို လှည်းတန်းမှာတက်ရတာ များတယ်။ လှည်းတန်းကို ယာဉ်လိုင်းက တိုက်ရိုက် မရောက်ဘူး။ အရင်က (၁၂၄) ရှိတယ်။ အခု YBS(၆၁) ဆိုရင် မာလာမှတ်တိုင်ကနေ လမ်းလျှောက်ရတယ်။ (၂၂) စီးမယ်ဆိုရင် လှည်းတန်းခုံးကျော်တံတားကို ကျော်ပြီးမှ ရောက်တယ်။ လှိုင်သာယာကနေ ဆူးလေသွားတဲ့ကား နည်းတယ်။ မှော်ဘီ၊ ရွှေပြည်သာကနေ အနောက်ပိုင်းတက္ကသိုလ်ကိုတက်တဲ့ ကျောင်းသားတွေအတွက်တော့ အဆင်ပြေတယ်။ သင်တန်း၊ ကျူရှင်သွားတဲ့အခါမှာ အခက်အခဲရှိတယ်။ မြို့ထဲကအပြန် (၂၀) ကားစီးရတာကျပ်ပြီး သက်ကြီးရွယ်အိုနဲ့ မိန်းကလေးတွေအတွက် အခက်အခဲရှိကြတယ်"ဟု ၎င်း၏အမြင်ကိုပြောသည်။



လှိုင်သာယာမြို့နယ်မှ YBS ကားများနှင့် ခရီးသွားပြည်သူများ

**လှိုင်သာယာမှ တောင်ဒဂုံ**

လှိုင်သာယာမှ တောင်ဒဂုံသို့ ပြေးဆွဲနေသောယာဉ်လိုင်းများ လိုအပ်ချက်ကို စက်ရုံမန်နေဂျာတစ်ဦးဖြစ်သော ကိုထွန်းထွန်းဦးက "တောင်ဒဂုံကို လှိုင်သာယာကနေ YBS(၆)တစ်လိုင်းပဲရှိတယ်။ အရင်က မေတ္တာလှိုင်း(၃)၊(၁၂၉)နဲ့ G 2000 မှန်လုံတွေသွားတော့ အဆင်ပြေတယ်။ ပြောင်းလဲမှုအစမှာ အခက်အခဲရှိပေမယ့် တဖြည်းဖြည်းအဆင်ပြေလာပါပြီ။ အရင် ၃၀၀ ကျပ်ခရီးဟာ အခု ၂၀၀ ပဲပေးရတယ်။ တစ်ဆင့်ပဲ စီးရတာပါ။ လှိုင်သာယာက ညပိုင်းအလုပ်သမားများတော့ အပြန်မှာ အခက်အခဲမဖြစ်အောင် ၁၀ နာရီထိတော့ ပုံမှန်ဆွဲပေးစေချင်တယ်။ ညပိုင်းမှာ ပိုပြီး အခက်အခဲရှိကြတယ်"ဟု ပြောသည်။

ကျောင်းဆရာတစ်ဦးကမူ အောင်ဇေယျတံတား တစ်ထိပ်မှ အနောက်ပိုင်းတက္ကသိုလ်ဝန်းကျင်ရှိ ရွာများတွင် တာဝန်ထမ်းဆောင်နေသော ဆရာမများအတွက် သွားလာမှုအဆင်ပြေစေသောနည်းလမ်းကို ဆောင်ရွက်ပေးစေလိုကြောင်း ပြောသည်။ အောင်ဇေယျကြိုးတံတားအဆင်းရှိ တစ်ထိပ်မှတ်တိုင်သည် တံတားအတက်အဆင်းနေရာဖြစ်သည့်အပြင် စက်မှုဇုန်သို့သွားသော လမ်းဆုံလည်းဖြစ်၍ ယာဉ်ကြောပိတ်ဆို့မှု မကြာခဏဖြစ်လေ့ရှိကာ ကတ္တရာလမ်းများမှာလည်း ပြေပြစ်ခြင်းမရှိသောကြောင့် ပြုပြင်သင့်ပါသည်ဟု ပြောသည်။

**ကားပြိုင်မောင်းပြီး ခရီးသည်ကိုထားခဲ့**

တစ်ထိပ်မှတ်တိုင်တွင် YBS ကားစောင့်နေသော အသက်(၇၈)နှစ်ရှိ အဘအေးထွန်းကမူ YBS ယာဉ်လိုင်းစနစ် ဖော်ဆောင်ခဲ့တာကို ကြိုဆိုတယ်။ ပြောချင်တာက မှတ်တိုင်မှာ ယာဉ်အချို့မရပ်ဘဲ မောင်းပြေးတာ ပြုပြင်ဖို့လိုတယ်။ လူရှိရက်၊ တားနေရက်နဲ့ မရပ်ဘဲ ကားပြိုင်မောင်းပြီး ခရီးသည်ကိုထားခဲ့တာတွေ ခဏခဏကြုံရတယ်။ ညနေပိုင်းဆို ပိုဆိုးတယ်။ စပယ်ယာတွေ အပြောအဆို တချို့မပြောင်းလဲသေးဘူး။ ဆူးလေကိုဆို (၆၁) ရောက်တယ်။ ဒါပေမယ့်ပတ်ပြီးသွားတော့ အချိန်ပိုပေးရတာပေါ့။ ကြည့်မြင်တိုင်ကသွားနိုင်ရင် ခရီးတိုပြီး ပိုအဆင်ပြေနိုင်မယ်။ လှိုင်သာယာမှာက တနင်္ဂနွေနေ့တောင် ခရီးသည်ရှိတယ်။ နံနက်ပိုင်း ညနေပိုင်းတွေမှာ အလုပ်သမားတွေ အများဆုံးသွားတဲ့အတွက် ယာဉ်တွေရှိတယ်ဆိုရင် ခရီးသည်ပြည့်ကျပ်ပြီး အန္တရာယ်မရှိစေချင်ဘူး။ ပြည်သူနဲ့ကားသမားတွေ ယာဉ်စီးတဲ့နေရာမှာ စည်းကမ်းပိုင်းအားနည်းတာကို တွေ့ရတယ်"ဟု ပြောသည်။

**ယာဉ်မောင်းများနှင့် ဝင်ငွေအခြေအနေ**



လှိုင်သာယာအနောက်ပိုင်းတက္ကသိုလ်မှ မော်တင်ပြေးဆွဲသည့် YBS (၂၁) ယာဉ်လိုင်းမှ ယာဉ်ပိုင်ရှင်တစ်ဦးဖြစ်သော ဦးမောင်မောင်လွင်က (၂၁) ယာဉ်လိုင်းသည် လိုင်းကောင်းတစ်ခုဖြစ်ပြီး လှိုင်သာယာအနောက်ပိုင်းတက္ကသိုလ်မှ တည်ငြိမ်ကုန်းလမ်းဆုံ-ဖော့ကန်-အောင်ဆန်း-ပြည်တော်သာ-အင်းစိန်ပန်းခြံ-လှည်းတန်း-မြေနီကုန်း-ကမ်းနားလမ်း မော်တင်တွင် ဂိတ်ဆုံးသောယာဉ်လိုင်းဖြစ်ကြောင်း၊ ယခင်က ကားသမားများ ရှာဖွေငွေရသော်လည်း ယခုအခါ နှုန်းထားအတိုင်း ငွေအပ်ရသောစနစ်ဖြစ်ကြောင်း၊ ယာဉ်မောင်းက ၂၀ ရာခိုင်နှုန်းနှင့် စပယ်ယာက ၁၀ ရာခိုင်နှုန်းရပြီး ယာဉ်မောင်းတစ်ဦးလျှင် တစ်လကျပ် ခြောက်သိန်းမှ ခုနစ်သိန်းကျော်ရရှိ ကြောင်း၊ ယခင်ကထက် ယခုစနစ်သည် ခရီးသည်နှင့် ယာဉ်မောင်း၊ စပယ်ယာများအတွက် ပိုကောင်းသောစနစ်ဖြစ်ကြောင်း၊ ညနေပိုင်းတွင် ခရီးသည်များ မှတ်တိုင်တွင် ပုံနေတတ်၍ ယာဉ်များတိုးချဲ့ရန်လိုအပ်ပြီး ည ၁၀ နာရီအထိ ပြေးဆွဲပေးရန်လည်းလိုကြောင်း အကြံပြုပြောကြားသည်။

အပြင်ပဒုံကျေးရွာတွင် ဂိတ်ထိုးကာ လှိုင်သာယာနည်းပညာတက္ကသိုလ်မှ သခင်မြပန်းခြံအထိ ဘုရင့်နောင်လမ်းအတိုင်း ပြေးဆွဲနေသော YBS (၂၃)ယာဉ်လိုင်းမှ ယာဉ်မောင်းကိုဝင်းချိုဦးက လိုင်းရှိ ယာဉ် ၁၂၀ တွင် အစီးရေ ၈၀ ပြေးဆွဲပေးလျက်ရှိကြောင်း၊ လှိုင်သာယာတွင် အောက်ဆိုက်ပြေးဆွဲနေသော ယာဉ်များကြောင့် ယာဉ်ကြောပိတ်ဆို့မှုကို ကြုံတွေ့နေရဆဲဖြစ်ကြောင်း ပြောသည်။

လှိုင်သာယာနည်းပညာတက္ကသိုလ်-အပေါ်သမိုင်းမှ ပြည်လမ်းအတိုင်း မြေနီကုန်း၊ ထိုမှ ဗဟန်း(၃)လမ်းမှတစ်ဆင့် ဆူးလေ ပြေးဆွဲသည့် YBS (၆၁)ယာဉ်လိုင်းမှ ယာဉ်မောင်းကိုသော်တာလင်းကမူ "တစ်နေ့ နှစ်ခေါက်ပဲ ဆွဲလို့ရတယ်။ လှိုင်သာယာကနေ ဆူးလေမှာဂိတ်ဆုံးပြီး ချက်ချင်းပြန်ထွက်ရတယ်။ အရင်က နှစ်သောင်းနီးပါး ရပေမယ့် အခု ၁၃၀၀၀ ပဲ ရတော့တယ်။ ယာဉ်များတော့(A)အုပ်စု (B)အုပ်စု ခွဲပြီး ထွက်ရတယ်။ ယာဉ်လိုင်းတွေက ငွေရတာမတူကြဘူး။ အဆင်ပြေသူရှိသလို အဆင်မပြေတာလည်းရှိတယ်။ ယာဉ်စီးခကို ငွေထည့်တဲ့ပုံးစနစ် သုံးမယ်ဆိုရင် အချိန်ယူရအုံးမယ်"ဟု YBS စနစ်ပြောင်းလဲမှုတွင် ကြုံတွေ့နေရသည့်အခြေအနေကို ပြောသည်။

**စပယ်ယာတွေရဲ့စိတ်ပိုင်းဆိုင်ရာတွေ ပြောင်းလဲဖို့**

လှိုင်သာယာနည်းပညာတက္ကသိုလ်တွင်ကျောင်းတက်ခဲ့သည့် ကျောင်းသားတစ်ဦးဖြစ်သော မောင်ပိုင်လင်းမောင်က "ကျွန်တော့အမြင်ကိုပြောမယ်ဆိုရင် စင်ကာပူလို စက်ထဲကိုငွေထည့်တာဖြစ်စေ၊ ကတ်ထည့်တာဖြစ်စေ အသုံးပြုမယ်ဆိုရင် စပယ်ယာမလိုတော့ဘူး။ ခရီးသည်တွေအတွက်လည်း အဆင်ပြေမယ်။ စပယ်ယာတွေအတွက်လည်း အလုပ်အကိုင်တစ်ခုကို အစားထိုးဖြည့်ဆည်းပေးဖို့ လိုမယ်။ မထသဖြစ်စေ၊ YBS ဖြစ်စေ ဘယ်လိုပဲပြောင်းပြောင်း စပယ်ယာတွေရဲ့စိတ်ပိုင်းဆိုင်ရာတွေ ပြောင်းလဲဖို့က အဓိကပါ။ လမ်းပြောင်းပြန်မောင်းတာ၊ ပြိုင်မောင်းတာတွေ၊ ခရီးသည်ကို မချေမငံဆက်ဆံတာတွေကအစ ပြုပြင်ရမှာပါ"ဟု ပြောသည်။

**အခက်အခဲတွေရှိတာကို နားလည်ပေးနိုင်**

အခြားကျောင်းသားတစ်ဦးဖြစ်သည့် မောင်ဖိုးပြည့်အောင်ကလည်း "သုံးလနောက်ပိုင်းမှာYBS စနစ် ပိုပြီးအောင်မြင်လာမယ်လို့ မြင်တယ်။ ဘတ်စ်ကားတွေဆိုရင် ဟောင်းနေတာတွေ ကျန်သေးတယ်။ ထိုင်ခုံတစောင်းဖြစ်နေတာ၊ ထိုင်မကောင်းအောင် ပေါက်နေတာတွေ ရှိနေသေးတယ်။ သုံးလနောက်ပိုင်းတော့ ပြောင်းလဲ မယ်ထင်တယ်။ YBS တစ်ခုတည်းရှိတဲ့အတွက် ဘယ်ကားမဆို တက်စီးလို့ရတဲ့ ကတ်စနစ်လေးရှိရင်လည်း အဆင်ပြေမှာပါ။ အဟောင်းကနေ အသစ်ကို ကူးပြောင်းတဲ့အခါမှာ အခက်အခဲတွေရှိတာကို နားလည်ပေးနိုင်ပါတယ်။ နည်းပညာတက္ကသိုလ်မှာ တောင်ဥက္ကလာပက ကျောင်းသားတွေ ကျောင်းတက်ရတာ ဘတ်စ်ကားအခက်အခဲရှိနေကြတယ်။ စာမေးပွဲချိန်မှာ သွားလာရတာ ပိုပြီးအရေးကြီးပါတယ်"ဟု ၎င်း၏အမြင်ကို ပြောသည်။

ရန်ကုန်မြို့တော်၏ မြို့တွင်းသယ်ယူပို့ဆောင်ရေးကဏ္ဍတွင် အကြီးမားဆုံးအပြောင်းအလဲဖြစ်သည့်YBSစနစ်ကို အကောင်အထည်ဖော်ခဲ့ပြီး ရက် ၂၀ ခန့်ကြာချိန်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း လူဦးရေအများဆုံးမြို့နယ်ဖြစ်သည့် လှိုင်သာယာမြို့နယ်မှ ခရီးသွားပြည်သူများ၊ ယာဉ်မောင်းများ၏ ရင်ဖွင့်စကားသံများအရ အချို့မှာ ယခင်ကထက် ပိုအဆင်ပြေလာကြသလို အချို့မှာ အခက်အခဲများရှိလာကြသည့်တိုင်YBS စနစ်ကို အားပေးကြပြီး ပို၍ကောင်းမွန်လာအောင် ပြုပြင်ဆောင်ရွက်ပေးရန် ဆန္ဒရှိနေသည်ကို တွေ့ရှိရသည်။ ။

# ၂၈ ပွဲဆက်တိုက်ရှုံးပွဲမရှိ စံချိန်တင်တဲ့ ဆဲလ်တစ်

စကော့တလန် ပရီမီယာလိဂ်ပြိုင်ပွဲမှာ ဆဲလ်တစ်က စိန့်ဂျွန်စတုန်းအသင်းကို ငါးဂိုး-နှစ်ဂိုးနဲ့ အနိုင်ကစားပြီး ၂၈ ပွဲမြောက် ရှုံးပွဲမရှိ စံချိန်ကို တင်နိုင်ခဲ့ပါတယ်။ ဒီပွဲမှာ ဆဲလ်တစ် နာမည်ကြီး ကစားသမားမော့ဆာဒမ်ဘီလီက လူစားအဖြစ် ဝင်ကစားပြီး ဒုတိယပိုင်းမှာ ဟက်ထရစ်ဂိုး သွင်းယူသွားခဲ့ပါတယ်။ ဒမ်ဘီလီဟာ ဒူးခေါင်းဒဏ်ရာကြောင့် ယခင်နှစ်ပွဲက ပါဝင်ကစားနိုင်ခဲ့ခြင်း မရှိပါဘူး။ အခုပွဲမှာတော့ လူစားအဖြစ် ဝင်ကစားပြီး ဟက်ထရစ်ဂိုးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။ သူဟာ ပရီမီယာလိဂ် ထိပ်သီးကလပ်တွေဖြစ်တဲ့ မန်ယူနဲ့ ချယ်လ်ဆီးတို့က အပြိုင်ခေါ်ယူဖို့ ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ သူဟာ လက်ရှိ ဆဲလ်တစ်အသင်းမှာ အားထားနေရတဲ့ တိုက်စစ်မှူးဖြစ်သလို ခြေစွမ်းပြကစားနေသူလည်း ဖြစ်ပါတယ်။ လောလောဆယ် ဆဲလ်တစ်အသင်းနဲ့အတူ ခြေစွမ်းပြ ကစားနေပေမယ့် လာမည့်နှစ်များအတွင်း ပရီမီယာလိဂ်သို့ ရောက်ရှိလာနိုင်တဲ့ တိုက်စစ်မှူးလို့ ပြောဆိုနေကြပါတယ်။ အာဖရိက ကစားသမားတွေထဲမှာ ထူးချွန်တဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။ ဆဲလ်တစ်အသင်းအနေနဲ့ ကြေးကောင်းရမယ်ဆိုရင် ရောင်းထုတ်ဖို့ ရှိနေပါတယ်။ ဆဲလ်တစ်အသင်းရဲ့ နိုင်ပွဲအများစုဟာ ဒမ်ဘီလီရဲ့ ဂိုးတွေနဲ့ ရရှိခဲ့တာဖြစ်ပါတယ်။ ဆဲလ်တစ်အသင်းဟာ ၂၈ ပွဲ ဆက်တိုက်ရှုံးပွဲမရှိ စံချိန်ကို ထိန်းထားနိုင်ခဲ့ပါတယ်။



# အာဖရိကနိုင်ငံများဖလားလုပွဲမှာ ဗိုလ်စွဲခဲ့တဲ့ ကင်မရွန်း



ကင်မရွန်းအသင်းဟာ အာဖရိကနိုင်ငံများဖလား ဗိုလ်လုပွဲမှာ နာမည်ကြီးအီဂျစ်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရပြီး ဖလားဆွတ်ခူးသွားခဲ့ပါတယ်။ မိုဟာမက် အယ်နီနီဟာ ပွဲစပြီး ၂၂ မိနစ်မှာ အီဂျစ်အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူပေးနိုင်ခဲ့ပေမယ့် နီကိုလတ်အင်ကိုလိုက ဒုတိယပိုင်း ၅၉ မိနစ်မှာ ပြန်လည်ချေပဂိုးသွင်းယူသွားတဲ့အတွက် သရေပွဲဖြစ်နေခဲ့ပါတယ်။ ကင်မရွန်းအတွက် အနိုင်ဂိုးကတော့ ပွဲချိန် ၈၈ မိနစ်မှာ တိုက်စစ်မှူး အဘော်ဘာကာက သွင်းယူပေးခဲ့ပါတယ်။ သူ့ရဲ့ဂိုးကြောင့် အဘော်ဘာကာဟာ ကင်မရွန်းပရိသတ်တွေက တစ်ချိန်က နာမည်ကြီးခဲ့တဲ့ ဆမ်မြူရယ်အီတိုးလို့ ချီးကျူးပြောဆိုခဲ့ကြပါတယ်။ အဘော်ဘာကာရဲ့ လုပတဲ့ ဂိုးကြောင့် အီဂျစ်အသင်းရဲ့ ရှစ်လုံးမြောက် အာဖရိကနိုင်ငံများဖလား အိပ်မက်ဟာ အဆုံးသတ်ခဲ့ရပါတယ်။ အီဂျစ်အသင်းဟာ ဒီပြိုင်ပွဲမှာ အကြိတ်အနယ် ကစားပြီး ရှစ်လုံးမြောက် အာဖရိကနိုင်ငံများဖလားကို ဆွတ်ခူးဖို့ ကြိုးစားခဲ့တာပါ။ အဘော်ဘာကာဟာ ဘက်ရှီးတက်တိုက်စစ်မှူးဖြစ်ပါတယ်။ သူ့ရဲ့ဂိုးကြောင့် ကင်မရွန်းအသင်းရဲ့ သမိုင်းမှတ်တိုင်သစ်ကို စိုက်ထူနိုင်ခဲ့ပြီဖြစ်ပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**



# ဒေါ့မွန်တို့ ကျော်ဖြတ်မယ့် ဂျာမန်ပိုကယ်ဖလား တတိယအဆင့်ပွဲစဉ်

ဒီတစ်ပတ်ကြားရက်ဖြစ်တဲ့ ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းမှာတော့ ဂျာမန်ပိုကယ်ဖလား တတိယအဆင့်ပွဲစဉ်ကို ကစားဖို့ ရှိနေပါတယ်။ ဒီပွဲစဉ်မှာ ပရိသတ် စိတ်ဝင်စားမှု အရှိဆုံးကတော့ ဒေါ့မွန်နဲ့ ဟာသာဘာလင်တို့ ပွဲဖြစ်ပြီး အကြိတ်အနယ်ရှိမယ့်ပွဲကောင်းတစ်ပွဲဖြစ်လာပါလိမ့်မယ်။ ဒီတစ်ပတ်ရဲ့ ဂျာမန်ပိုကယ်ဖလား တတိယအဆင့်မှာတော့ အသင်းကြီးတွေဖြစ်တဲ့ ဒေါ့မွန်၊ ရှော်လ်ကေး၊ ဖရန့်ဖတ်တို့ အခြေအနေကောင်းတွေ ကြုံတွေ့ရဖို့ များနေတာတော့အမှန်ပါပဲ။

### ဒေါ့မွန်နှင့် ဟာသာဘာလင်

ဒီနှစ်ဘွန်ဒက်စ်လီဂါမှာ ခြေစွမ်းပိုင်း ကျဆင်းနေတဲ့ ဒေါ့မွန်တို့က ဂျာမန်ပိုကယ်ဖလားကို ရည်မှန်းချက်ထားနေတာတော့ အမှန်ပါပဲ။ ဒေါ့မွန်ရဲ့ လက်ရှိခြေစွမ်းက လိုက်ပ်ဇစ်ကို တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ခဲ့သလို မိန့်ဇ်အသင်းကို တစ်ဂိုးစီ သရေပွဲဖြစ်ကာ ဝါဒါဘရီမင်ကိုတော့ နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ခဲ့တာမို့ ခြေစွမ်းပြန်တက်လာအောင် ကြိုးစားနိုင်တာတွေ့ရပါတယ်။ ဒေါ့မွန်မှာ အူဘာမီယန်၊ ဒမ်ဘီလီနဲ့ မာကိုရပ်စ်တို့ စွမ်းဆောင်မှုတွေ ကောင်းနေတာမို့ ဟာသာဘာလင်တို့ ပွဲမချောင်ပါဘူး။ အဝေးကွင်းမှာ ရလဒ်မကောင်းတဲ့ ဟာသာဘာလင်မှာ ကာလူး၊ ရာဂူချီတို့က နားလည်မှုရှိရှိနဲ့ တွဲဖက်ကစားနိုင်နေပြီး ဂိုးသမား ဂျက်စတီယန်ကလည်း လက်စွမ်းပြနေတာမို့ ဒေါ့မွန်တိုက်စစ်မှူးတွေလည်း ခက်ခဲပါလိမ့်မယ်။ ဒါပေမယ့် အိမ်ကွင်းမှာ နိုင်ပွဲရအောင် အားသွန်ကစားတတ်တဲ့ ဒေါ့မွန်ရဲ့စွမ်းအားက ဟာသာဘာလင် ခံစစ်ကို ပြိုလဲသွားစေမှာ သေချာနေပါတယ်။

### ဆန်ဟတ်ဆန်နှင့် ရှော်လ်ကေး

ဒီနှစ်သင်းရဲ့နောက်ဆုံးတွေ့ဆုံပွဲမှာတော့ ရှော်လ်ကေးတို့က သုံးဂိုးပြတ်နိုင်ပွဲရထားခဲ့ပါတယ်။ ဘွန်ဒက်စ်လီဂါ-၂ အသင်းဖြစ်တဲ့ ဆန်ဟတ်ဆန်တို့ကတော့ ဒီနှစ် တန်းစီဇယားမှာ အဋ္ဌမနေရာမှာ ရပ်တည်နေတဲ့ အသင်းဖြစ်လို့ ရှော်လ်ကေးကို ခြေရည်တူ ကစားဖို့ သိပ်မလွယ်ပါဘူး။ ရှော်လ်ကေးတို့ လောလောဆယ်မှာ ဘိုင်ယန်မြူးနစ်အသင်းကို အဝေးကွင်းမှာ တစ်ဂိုးစီသရေပွဲဖြစ်အောင် အားထုတ်နိုင်ခဲ့လို့ စိတ်ဓာတ်တက်ကြွနေပါတယ်။ ဒါပေမယ့် အဝေးကွင်းမှာ နိုင်ပွဲပျောက်ဆုံးတတ်တဲ့ ရှော်လ်ကေးရဲ့ကစားအားကလည်း အားရစရာတော့ မရှိပါဘူး။ ဆန်ဟတ်ဆန်တို့ကတော့ ဘွန်ဒက်စ်လီဂါ-၂ မှာ လောလောဆယ် ဒက်ဆယ်ဒေါ့ဖ်အသင်းကို သုံးဂိုးပြတ်နိုင်ခဲ့ပေမယ့် အော့ဖန်ဘတ်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးထားခဲ့တာမို့ ဒီပွဲမှာ ရှော်လ်ကေးတို့အလေးထားကစားရင် အနိမ့်ဆုံး တစ်မှတ်ရနိုင်တဲ့ ပွဲပါပဲ။

### ဟန်နိုဗာနှင့် ဖရန့်ဖတ်

ဂျာမန်ပိုကယ်ဖလားကို လေးကြိမ်ရရှိခဲ့ဖူးတဲ့ ဖရန့်ဖတ်တို့က ဒီနှစ်ဘွန်ဒက်စ်လီဂါမှာလည်း ခြေစွမ်းကောင်း ပြသနေပါတယ်။ ဖရန့်ဖတ်ရဲ့အားသာချက်က ခံစစ်ပိုင်းဖြစ်ပြီး ဒီပွဲမှာ ဟန်နိုဗာ တိုက်စစ်မှူးတွေ ထိုးဖောက် ဂိုးသွင်းဖို့ ခက်ခဲပါလိမ့်မယ်။ ဒီနှစ်မှာ အိမ်ကွင်း၊ အဝေးကွင်းတွေမှာ ရလဒ်ကောင်းအောင် အားထုတ်နိုင်နေတဲ့ ဖရန့်ဖတ်တို့က အခုပွဲ အဝေးကွင်းဆိုပေမယ့် ဟန်နိုဗာကို ဖိအားပေးကစားပါလိမ့်မယ်။ ဖရန့်ဖတ်တိုက်စစ်မှူးတွေက ဂိုးသွင်းစွမ်းရည်ထက်မြက်သူတွေ မဟုတ်ပေမယ့် ဂိုးသွင်းသေချာသူတွေဖြစ်ပြီး အခွင့်အရေးရရင် ဂိုးရအောင် သွင်းယူနိုင်သူတွေဖြစ်ပါတယ်။ ဘွန်ဒက်စ်လီဂါ-၂ မှာ ခြေစွမ်းပြနေတဲ့ ဟန်နိုဗာတို့ ဒီနှစ်မှာ တန်းပြန်တက်နိုင်ရေး ကြိုးစားနေတာမို့ ဒီနှစ်ဘွန်ဒက်စ်လီဂါ-၂ မှာ အိမ်ကွင်း ရှုံးပွဲမရှိသေးတဲ့ ဟန်နိုဗာတို့ အဲဒီမှတ်တမ်းကောင်းကို ဆက်လက်ရေးထိုးနိုင်မလားကြည့်ရမှာပါ။ ဒါပေမယ့် ဒီနှစ် ဂျာမန်ပိုကယ်ဖလားရယူနိုင်ရေး ကြိုးစားနေတဲ့ ဖရန့်ဖတ်တို့ပဲ လက်ရှိခြေစွမ်းအရ အောင်ပွဲခံသွားပါလိမ့်မယ်။

### လော့တီနှင့် ၁၈၆၀ မြူးနစ်

လော့တီအသင်းက ဂျာမန် တတိယတန်းမှာ ကစားနေတဲ့အသင်းဖြစ်ပြီး ဒီနှစ်တန်းစီဇယားမှာ အဆင့်(၁၀)မှာ ရပ်တည်နေသူတွေ ဖြစ်ပါတယ်။ ၁၈၆၀ မြူးနစ်တို့ကတော့ ဘွန်ဒက်စ်လီဂါ-၂ မှာ ကစားနေပြီး ဒီနှစ် တန်းစီဇယားမှာ န၀မနေရာမှာရှိနေတဲ့ အသင်းဖြစ်ပါတယ်။ လော့တီရဲ့လောလောဆယ်ခြေစွမ်းကိုကြည့်ရင် ဟန်နိုဗာအသင်းကို လေးဂိုး-တစ်ဂိုးနဲ့ ရှုံးပြီး ဝါဒါဘရီမင်-၂ အသင်းကိုတော့ နှစ်ဂိုး-တစ်ဂိုးနဲ့ ဆက်တိုက်ရှုံးပွဲ ကြုံတွေ့ထားပါတယ်။ ၁၈၆၀ မြူးနစ်တို့ကတော့ ကိုဗာအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပြီး ဂရူသာဖို့အသင်းကိုလည်း နှစ်ဂိုး-တစ်ဂိုးနဲ့ ဆက်တိုက်နိုင်ပွဲရထားခဲ့ပါတယ်။ လက်ရှိအနေအထားမှာ ခြေစွမ်းတက်ရိပ်ပြနေတဲ့ ၁၈၆၀ မြူးနစ်တို့ပဲ ဂိုးမပြတ်ပေမယ့် ကပ်ပြီး နိုင်ပွဲရသွားနိုင်ပါတယ်။ ။

**မိုးမြင့်လင်းလက်**

# မန်စီးတီးနဲ့အတူ တောက်ပလာမယ့် ကြယ်တစ်ပွင့်



ဂါဘရီရယ်ဂျီးဆက်ဟာ မန်စီးတီးအသင်းမှာ တောက်ပလာမယ့် ကြယ်တစ်ပွင့်အဖြစ် တွေ့မြင်နေရပါတယ်။ ဘရာဇီးနိုင်ငံသား ဂျီးဆက်ဟာ ဆွမ်ဆီးနဲ့ ကစားတဲ့ပွဲမှာလည်း မန်စီးတီးအတွက် ဂိုးသွင်းယူပေးခဲ့ပါတယ်။ သူ့ကို ကာရေဂါက မိုက်ကယ်အိုဝင်နဲ့ ရှန်းနီအငယ်စားလို့ ချီးကျူးပြောဆိုနေတာလည်း ဖြစ်ပါတယ်။ ဂျီးဆက်ဟာ အလားအလာကောင်းတဲ့ ကစားသမားဖြစ်ပြီး မန်စီးတီးအသင်းမှာ စူပါစတားဖြစ်လာနိုင်တဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ အဂူရိုထွက်ခွာသွားမယ်ဆိုရင် သူ့နေရာမှာ အစားဝင်လာမယ့် လူငယ်တိုက်စစ်မှူးလည်းဖြစ်ပါတယ်။ လက်ရှိအချိန်မှာ အဂူရိုအနေနဲ့ မန်စီးတီးအသင်းရဲ့ အခြေအနေကို စောင့်ကြည့်နေပါတယ်။ မန်စီးတီးအသင်းမှာ ဆက်ရှိဖို့ဆန္ဒရှိပေမယ့် အသင်းရဲ့အောင်မြင်မှုအနေအထားအရ ထွက်ခွာသွားဖွယ်ရှိပါတယ်။ ဘရာဇီး ဆယ်ကျော်သက် ဂျီးဆက်ဟာ ဆွမ်ဆီးကို မန်စီးတီးက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရတဲ့ပွဲမှာ အနိုင်ဂိုးသွင်းယူပေးခဲ့သူလည်း ဖြစ်ပါတယ်။

# မြတ်မော်တင်စွန်း ဘုရားပွဲတော် တစ်လတိုင်တိုင် ကျင်းပမည်



**ပုသိမ် ဖေဖော်ဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့၌ တည်ထားကိုးကွယ်သော ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် မြတ်မော်တင်စွန်း ဘုရားပွဲတော်ကို တပို့တွဲ လပြည့်ကျော် ၁ ရက် မှ တပေါင်းလပြည့်နေ့(ဖေဖော်ဝါရီ ၁၂ ရက်မှ မတ် ၁၂ ရက်)အထိ တစ်လတိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ တောင်ဘက်စွန်း ပင်လယ်ကမ်းခြေတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ထင်ရှားသည့် အဆိုပါ ဘုရားပွဲတော်ကြီးကို အောင်မြင်စွာကျင်းပနိုင်ရန် ယခုချိန်မှစ၍ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ ဘုရားပွဲတော်ကြီး စည်ကားစွာ ကျင်းပရေးအတွက် တိုင်းဒေသကြီး အစိုးရ၏ ဦးဆောင်မှုဖြင့် ပုသိမ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးကြပ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

ပွဲတော်ကာလအတွင်း လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရန်အတွက် ရေလမ်းခရီးတွင် ကမ်းရိုးတန်းသွား ရေယာဉ်များဖြင့် လည်းကောင်း၊ ကုန်းလမ်း သယ်ယူပို့ဆောင်ရေးအတွက် လေအိတ်မှန်လုံကားကြီးများ ပြေးဆွဲ၍လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုအခါ ဘုရားဖူးလာသူများ အနေဖြင့် ပုသိမ်-မော်တင် ကားလမ်းရှိ မိုင်တိုင်အမှတ်( ၉၅/၆)မှ မော်တော်ယာဉ်များဖြင့် စေတီတော်ကြီး၏ ရင်ပြင်ပေါ်သို့ လွယ်ကူစွာ တိုက်ရိုက်သွားရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်းပြည်ပဘုရားဖူးဧည့်သည်များ အဆင်ပြေစွာ တည်းခိုနိုင်ရေးအတွက် စေတီတော်၏ အနောက်ဘက် ကမ်းခြေတွင် ချောင်းသာဟိုတယ်ပိုင်ရှင်များ အသင်းက အခန်း ၅၀ ပါ ဟိုတယ် တစ်လုံး၊ ဒိုင်းမွန်းပဲလေ့(စ်) ကုမ္ပဏီက အခန်း (၅၀) ပါ ဟိုတယ် တစ်လုံးတို့ကို ဆောက်လုပ်ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဘုရားဖူးပြည်သူများအနေဖြင့် ဆံတော်ရှင်စေတီတော်ကြီးကို ဖူးမြော်ကြည်ညိုပြီး မြွေတောင်ရေချိုးဆိပ်၏ ပင်လယ်ကမ်းခြေ သဘာဝအလှအပများကို ကြည့်ရှုခံစားကာ သန့်ရှင်းလတ်ဆတ်သော ပင်လယ်လေကို ရှူရှိုက်ရင်း စိတ်ချမ်းမြေ့စွာ အပန်းဖြေနိုင်ရေးတို့ကိုလည်း စီစဉ်ဆောင်ရွက်ထားကြောင်း ပွဲတော်ကျင်းပရေးကော်မတီထံမှ သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အခမဲ့ပေးမည့်သစ်ပင်များကို စိုက်ပျိုးပေးရန် ဟောပြော

**ကသာ ဖေဖော်ဝါရီ ၇**

ကသာမြို့နယ် ကြာအင်းကျေးရွာနှင့် ပိန္နဲချောင်းကျေးရွာများ၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူဖြစ်စေရန်နှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်းအတွက် သစ်တောဦးစီးဌာနမှ အခမဲ့ပေးအပ်မည့် သစ်ပင်များကို ဒေသခံပြည်သူများက စိုက်ပျိုးပေးရေး တိုက်တွန်းဟောပြောပွဲကို ဖေဖော်ဝါရီ ၄ ရက်က ကသာမြို့နယ်သစ်တောဦးစီးဌာန၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်ထွဏ်းနှင့် သစ်တောဝန်ထမ်းများက ဒေသခံပြည်သူများအား မိမိတို့၏နေထိုင်ရာ ခြံဝိုင်းအတွင်းရှိ ယာမြေများတွင် စီးပွားဖြစ်သစ်ပင်များ စိုက်ပျိုးလိုပါက စိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်များကို သစ်တောဦးစီးဌာနမှ ပျိုးထောင်ပေးမည်ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သစ်ပင်စိုက်ပျိုးထားရှိပါမှ မိုးများခြင်း၊ ငလျင်လှုပ်ခြင်း၊ ရေကြီးခြင်း၊ တောင်ပြိုခြင်းစသည့် သဘာဝဘေးဆိုးကျိုးများ ဖြစ်ပွားခြင်းကို လျော့နည်းစေမည်ဖြစ်ကြောင်း၊ မိမိအတွက်သာမဟုတ်ဘဲ အများအကျိုးဖြစ်ထွန်းစေရန် ရည်ရွယ်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဆောင်ရွက်ပေးကြရန်၊ သဘာဝအလှများကို ဖျက်ဆီးလိုက်ခြင်းဖြင့် တစ်ခဏတာ အကျိုးရရှိနိုင်သော်လည်း တောနေသားရဲတိရစ္ဆာန်များ၊ ငှက်မျိုးစုံများ၊ ဇီဝမျိုးကွဲသတ္တဝါများ ပျောက်ဆုံးပျက်စီးသွားနိုင်သဖြင့် သဘာဝသယံဇာတကို ရောင်းစား၍ရသော ဈေးကွက်တန်ဖိုးမှာ အနည်းငယ်မျှသာဖြစ်ကြောင်း၊ သစ်တောဦးစီးဌာနအနေဖြင့် ပျိုးပင်ပေါင်း ခြောက်သိန်းကျော်ခန့် ပျိုးထောင်ထားရှိပြီးဖြစ်ကာ မျိုးမကြာမီတွင် ဒေသခံပြည်သူများထံ ဖြန့်ဖြူးပေးသွားမည်ဖြစ်၍ ဝိုင်းဝန်းပါဝင်စိုက်ပျိုးပေးကြရန် တိုက်တွန်းလိုပါကြောင်း စသည်တို့ကို ဟောပြောခဲ့သည်။

ထို့နောက် ကြာအင်းကျေးရွာနှင့် ပိန္နဲချောင်းကျေးရွာများမှ ဟောပြောပွဲတက်ရောက်သော ဒေသခံပြည်သူများအား ထင်းအစားထိုး စွမ်းအားမြှင့်မီးဖိုများ၊ ကော်ဖီမစ်ထုပ်များနှင့် ခေါင်းလျှော်ရည်ထုပ်များကို ဗလာမပါ ကံစမ်းမဲများအဖြစ် မဲဖောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ငွေအိုး(ကသာ)**

# မျက်စိရောဂါများ အခမဲ့စစ်ဆေးခြင်းနှင့် ခွဲစိတ်ကုသမှု ဆောင်ရွက်ပေး



**ကန့်ဘလူ ဖေဖော်ဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့မဟာရွှေစည်ကြီးစေတီတော် (၁၇)ကြိမ်မြောက်ဗုဒ္ဓပူဇနိယပွဲတော်၌ အေးမြစိုးဖောင်ဒေးရှင်း၏ လှူဒါန်းမှုဖြင့် မျက်စိရောဂါများ အခမဲ့စစ်ဆေးခြင်းနှင့် ခွဲစိတ်ကုသပေးခြင်းများကို ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းမှစ၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မျက်စိ အခမဲ့စမ်းသပ်စစ်ဆေးခြင်းနှင့် ခွဲစိတ်ကုသခြင်းများကို ညောင်အိုင် အထက(ခွဲ)ကျောင်း ဒေါက်တာဉာဏဝရခန်းမ၌ ဆောင်ရွက်ပေးခြင်းဖြစ်သည်။ မျက်စိအထူးကုဆရာဝန်ကြီးများဖြစ်ကြသော ဒေါက်တာသန်းထွန်းဦး၊ ဒေါက်တာစိုးထက်ဝင်းသောင်းတို့ ဦးဆောင်ကာ မုံရွာ၊ စစ်ကိုင်းနှင့် ရွှေဘိုမြို့များမှ အထူးကုဆရာဝန်ကြီးများ၊ မျက်မှန်ကျွမ်းကျင်ပညာရှင်များနှင့် ကျန်းမာရေးဝန်ထမ်းများက မျက်စိရောဂါ စမ်းသပ်စစ်ဆေးခြင်းကို ဒေါက်တာဉာဏဝရခန်းမ၌ ဆောင်ရွက်ပေးပြီး အကြီးစား၊ အသေးစား ခွဲစိတ်ကုသခြင်းများကို မြို့နယ်ခုတင် ၁၀၀ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆောင်ရွက်ပေးကြောင်း သိရသည်။

မျက်စိစမ်းသပ်စစ်ဆေးပေးရာသို့ ကန့်ဘလူ၊ ကောလင်း၊ ခင်ဦးနှင့် တန့်ဆည်မြို့နယ်များမှ မျက်စိဝေဒနာရှင် ရဟန်းရှင်လူပြည်သူများ လာရောက် ပြသလျက်ရှိပြီး မျက်စိရောဂါ အခမဲ့စမ်းသပ်စစ်ဆေး ကုသပေးခြင်းကို ဖေဖော်ဝါရီ ၁၀ ရက်အထိ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဆေးဝါးကုသမှုများ အဆင်ပြေစေရေးအတွက် ကန့်ဘလူမြို့ခုတင် ၁၀၀ ဆေးရုံမှ ဆေးရုံအုပ် ဒေါက်တာနေမိုးနှင့် ဝန်ထမ်းများ၊ မြို့နယ် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများကလည်း လိုအပ်သည်များကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## သတင်းတိုများ

### ကျိုက်ခေါက်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်တွင် ရိုးရာလက်ဝှေ့ပွဲကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ရှိ ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ်ကြီး (၂၃၁၉)နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်၌ မြန်မာ့ရိုးရာလက်ဝှေ့အစည်းအရုံး၏ အစီအစဉ်ဖြင့် မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲကို ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ မြန်မာရိုးရာလက်ဝှေ့ပွဲစဉ်များကို ဖေဖော်ဝါရီ ၁၁ ရက်နှင့် ၁၂ ရက်တွင် ညနေ ၆ နာရီမှ စတင်ကျင်းပမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၁ ရက်တွင် ဟံသာဝတီသား (အဖြူရောင်သွေးသစ်)နှင့် သားကျော်ပြောင်(သထုံ T&T)၊ သွေးသစ်မောင် (အဖြူရောင် သွေးသစ်)နှင့် ထယ်ကြီး(S .T. I.)၊ သိန်းစိုး(အဖြူရောင်သွေးသစ်)နှင့် မိုက်မိုက်( S .T. I.)၊ ဆန္ဒအောင်(အဖြူရောင်သွေးသစ်)နှင့် ပါပါး (ထွန်းသွင်)တို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျော်ဝင်းအောင် (အဖြူရောင်သွေးသစ်)နှင့် ဇွဲရွှေကို (သထုံ T&T)၊ ရဲရင့်အောင်(အဖြူရောင်သွေးသစ်)နှင့် ပိုက်ထွေး(သထုံ T&T)၊ မှန်တန်း (အဖြူရောင်သွေးသစ်)နှင့် ငမန်းရိုင်း(သထုံ T&T)၊ ကြယ်စင်ထွန်း (အဖြူရောင်သွေးသစ်)နှင့် ချစ်ဆူးငယ် (သထုံ T&T)တို့ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး နေ့စဉ် စိန်ခေါ်ပွဲများအပြင် ကြားပွဲငါးပွဲလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**သက်ခိုင်(သန်လျင်)**

### လူငယ်များအသိပညာတိုးတက်ရေး စာပေဟောပြောပွဲကျင်းပ

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ Knowledge Development Foundation (KDF)က ကြီးမှူး၍ အနာဂတ်လူငယ် ဗဟုသုတတိုးတက်ပြန့်ပွားရေး အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၅ ရက်က မြို့နယ်ခန်းမဆောင်၌ ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် ဖောင်ဒေးရှင်းနာယက အငြိမ်းစားပညာရေးမှူး ဆရာမကြီးဒေါ်ရင်စိန်နှင့် မြို့နယ်ပညာရေးမှူး ဆရာမကြီးဒေါ်ခင်စုတို့က အမှာစကားပြောကြားပြီး ဖောင်ဒေးရှင်းနာယက ဦးသိန်းမြင့်(ရောမင်းသိန်းကုမ္ပဏီ)က ဖောင်ဒေးရှင်း ဖြစ်ပေါ်လာပုံနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မန္တလေးမြို့မှ လူငယ်အကျိုးပြုစာရေးဆရာ ဦးမိုသျှန်းနှင့် စာရေးဆရာ ဦးဘုန်း(ခတု)တို့က စာပေရေးရာများကို ဟောပြောခဲ့ကာ ဟောပြောပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးကြည်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ထွန်းနှင့် မြို့မိမြို့ဖများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ စာပေချစ်မြတ်နိုးသူ ပြည်သူများ တက်ရောက်ခဲ့သည်။ **အောင်မြတ်လင်း(ပြန်/ဆက်)**

### ရေဘုတ်ဆည်ရေသောက်ဧရိယာအတွင်း သီးထပ်နွေနှမ်းစိုက်ပျိုးနည်းသရုပ်ပြ

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် ရေဘုတ်ဆည်ဧရိယာအတွင်း စပါးစိုက်ပျိုးရိတ်သိမ်းပြီးချိန်တွင် သီးထပ်စိုက်ပျိုးခြင်းဖြင့် သီးနှံစိုက်စွမ်းအား မြင့်မားစေရန်နှင့် တောင်သူများ ဝင်ငွေတိုးတက်ရရှိစေရေးအတွက် သီးထပ်နွေနှမ်းစိုက်ပျိုးနည်း တောင်သူပညာပေး သရုပ်ပြပွဲကို ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ သမ္ဘာန်ကျေးရွာ၌ ဖေဖော်ဝါရီ ၅ ရက်က ပြုလုပ်ခဲ့ပြီး သရုပ်ပြပွဲသို့ ဒေသခံတောင်သူများ လာရောက်လေ့လာကြည့်ရှုကာ ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးခွန်မျိုးတင့်၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်လင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်တို့လည်း လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### ရထားပို့ဆောင်ရေးလုပ်ငန်းအကြောင်း ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဈေးကုန်းအရှေ့ရပ်ကွက်မှ ပြည်သူများအား ရထားပို့ဆောင်ရေးလုပ်ငန်းအကြောင်း အသိပညာပေး ဆွေးနွေးပွဲကို ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဖေဖော်ဝါရီ ၄ ရက်က ပြုလုပ်ခဲ့ပြီး ရထားရဲတပ်ဖွဲ့ အမှတ်(၁၄)(အင်းစိန်)မှ တပ်ခွဲမှူး ဒုတိယရဲမှူးစိုးမိုးလွင်နှင့် အင်းစိန်ဘူတာ (အထူးတန်း)ရုံပိုင်ကြီး ဦးမင်းမင်းဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစောလှထွန်း၊ အရန်မီးသတ်တပ်ခွဲမှူး ဦးပေါက်တို့က ရထားလမ်းနယ်မြေအတွင်းရှိ ပြည်သူများအား ရထားနှင့် လူ/ယာဉ်များ တိုက်မိမှုကြောင့် ထိခိုက်ဒဏ်ရာရသေဆုံးမှုများ လျော့နည်းကျဆင်းရေး၊ မြန်မာ့မီးရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေအကြောင်းနှင့် ပြစ်မှု၊ ပြစ်ဒဏ်များကို ဆွေးနွေးဟောပြောကာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**မြင့်ဦး(အင်းစိန်)**

### သံလွင်မြစ်ကမ်းဘေးမှ ဗုံးသီးဟောင်းတစ်လုံးတွေ့ရှိ

ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၄)ရပ်ကွက် ကမ်းနားလမ်း သံလွင်မြစ်ကမ်းဘေး၌ ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းက ဗုံးသီးဟောင်းတစ်လုံး တွေ့ရှိကြောင်း သိရသည်။ ဘားအံမြို့မရဲစခန်းမှူး ဒုတိယရဲမှူး တင်မောင်ဦး ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များနှင့် နယ်မြေခံတပ်ရင်းမှ ဗိုလ်ကြီးထိန်လင်း ဦးစီးသည့်အဖွဲ့များနှင့် ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ အရှည် ၂၂ လက်မ၊ လုံးပတ် ၁၉ လက်မ၊ အချင်းငါးလက်မ အရွယ်အစားရှိ သံချေးတက်နေသော ဗုံးသီးဟောင်းတစ်လုံးကို စစ်ဆေးတွေ့ရှိခဲ့သဖြင့် ဗိုလ်ကြီးထိန်လင်း ဦးစီးသည့်အဖွဲ့က သိမ်းဆည်းသွားကြောင်း သိရသည်။

**မင်းသူ/ထွန်းထွန်းထွေး(ဘားအံ)**

# တွီးဆောမ်း- တွီးဇောလ် ကားကူးကြိုးတံတား တည်ဆောက်မှု ကွင်းဆင်းစစ်ဆေး

**တွန်းဇံ ဖေဖော်ဝါရီ ၇**

ချင်းပြည်နယ် တွန်းဇံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော မွာလ်ပီးကျေးရွာနှင့် နတ်ဇန်ကျေးရွာကြားလမ်းပေါ်၌ အရှည်ပေ ၃၀၀ ရှိ တွီးဆောမ်း-တွီးဇောလ် ကားကူးကြိုးတံတား တည်ဆောက်ခြင်းလုပ်ငန်းကို ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ ဖေဖော်ဝါရီ ၄ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် တည်ဆောက်ရန်နှင့် နည်းပညာပိုင်းဆိုင်ရာ ဆောင်ရွက်မည့်နည်းလမ်းများကို လမ်းညွှန်မှာကြားခဲ့သည်။

အဆိုပါ တွီးဆောမ်း- တွီးဇောလ် ကားကူးကြိုးတံတားသည် ၂၀၁၅ ခုနှစ် မိုးရာသီက သဘာဝဘေးအန္တရာယ်ကြောင့် ရေတိုက်စားပျက်စီးခဲ့ခြင်းဖြစ်၍ ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၁၈၀ အကုန်ကျခံကာ ပြန်လည်တည်ဆောက်ခြင်းဖြစ်ကြောင်း၊ ကြိုးတံတားများတည်ဆောက်ခြင်းလုပ်ငန်း ပြီးစီးပါက မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေးကို ပိုမိုအဆင်ပြေစေမည်ဖြစ်ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

# ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအထောက်အကူပြု ဇီဝဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာအေးဖေ၊ ပါမောက္ခ၊ ဌာနမှူး၊ ရုက္ခဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ ဇီဝဗေဒဘာသာရပ် ဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူများ စာမေးပွဲ လွယ်ကူစွာဖြေဆိုနိုင်စေဖို့ ရည်ရွယ်ပြီး ပို့ချမှာဖြစ်တယ်။ ဒီပို့ချချက်မှာ ပြဋ္ဌာန်းထားတဲ့ သင်ခန်းစာကို လေ့လာသင့်တဲ့ပုံစံနဲ့ စာမေးပွဲအထောက်အကူပြု သိကောင်းစရာများကို ဖော်ပြပါမယ်။

ဇီဝဗေဒသင်ရိုးမှာပါတဲ့ သင်ခန်းစာကို လေ့လာကြည့်ရင် ပွင့်ဆောင်ပင် (Flowering Plants) တွေကို အခြေခံအားဖြင့် မြေအောက်ပိုင်း အမြစ်အဖွဲ့အစည်း (Underground Root System) နဲ့ မြေပေါ်ပိုင်း ပင်စည်အဖွဲ့အစည်း (Aerial Shoot System) ဆိုပြီး ခွဲခြားလို့ရတယ်။

Underground Root System မှာ Tap root ရေသောက်မြစ်နဲ့ Lateral roots ဘေးမြစ်တွေပါဝင်သလို Aerial shoot system မှာ Stem ပင်စည် Branch အကိုင်း Leaf အရွက် Flower ပန်းပွင့်နဲ့ Fruit အသီးတွေ ပါဝင်ပြီး အပင်ရဲ့ ဘယ်နေရာမှာရှိတယ်၊ ဘယ်လိုတည်ဆောက်ထားတယ်ဆိုတာ သိရပါမယ်။

အပင်အမျိုးအစားခွဲခြားခြင်းနှင့် ပတ်သက်လို့ လေ့လာရင် ပင်စည်ရဲ့သဘာဝ (Nature of stem) နှင့် ကြီးထွားမှု (Growth habit) ပေါ်မူတည်ပြီးတော့ Tree သစ်ပင် Shrub ချုံပင် Herb သစ်ပျော့ပင် Climber နွယ်ပင်နဲ့ Creeper တွားသွားပင်လို့ ခွဲခြားနိုင်တယ်။

**PLANT TYPES BASED ON NATURE OF STEMS AND GROWTH HABIT**

| No. | Types | Prominent features | Examples |
|---|---|---|---|
| 1 | **Trees** | woody plant with one main trunk | mango, kokko, kyun |
| 2 | **Shrubs** | medium-sized, many branches from the ground level | *Hibiscus*, croton, rose |
| 3 | **Herbs** | soft stems | tomato, most grasses |
| 4 | **Climbers** | weak stems which need support to grow upright | rattan |
| 5 | **Creepers** | weak stems which creep about without growing upright | grasses, strawberries |

သက်တမ်း (Length of life) ပေါ်မူတည်ပြီးလည်း Annual တစ်ရာသီခံပင် Biennial နှစ်ရာသီခံပင်နဲ့ Perennial နှစ်ရှည်ခံပင်ဆိုပြီး ခွဲခြားနိုင်တယ်။

**PLANTS DISTINGUISHED ACCORDING TO THE LENGTH OF LIFE**

| No. | Types | Prominent features | Examples |
|---|---|---|---|
| 1 | **Annuals** | one growing season | peas and beans |
| 2 | **Biennials** | two growing seasons | carrot, cabbage |
| 3 | **Perennials** | many years | mango, gladiolus |

အပင်များကို ပေါက်ရောက်ရာဒေသ (Habitat) ရဲ့ ရေရရှိမှုပေါ်မူတည်ပြီးတော့လည်း Hydrophyte ရေကြိုက်ပင် Xerophyte ရေနည်းခံပင်နဲ့ Mesophyte ရေအသင့်အတင့်ကြိုက်ပင်ဆိုပြီး ခွဲခြားနိုင်တဲ့အတွက်ကြောင့် သက်ဆိုင်ရာ နေရာ၊ အခြေအနေနှင့် ဥပမာပြအပင်တွေကို မှတ်သားစေချင်တယ်။

**PLANTS DISTINGUISHED ACCORDING TO HABITATS**

| No. | Types | Prominent features | Examples |
|---|---|---|---|
| 1 | **Hydrophytes** | live in water or in very wet soil | waterlilies |
| 2 | **Xerophytes** | live in dry places | cacti, *Acacia* species |
| 3 | **Mesophytes** | intermediate between the two extremes of very dry and very wet situations | peas and beans |

အပင်တွေကို အစာအာဟာရရယူပုံနည်းလမ်း (Mode of nutrition) ပေါ်မူတည်၍လည်း Autophyte ကိုယ်တိုင်အာဟာရပြုပင် Parasite ကပ်ပါးအာဟာရပြုပင် Saprophyte အဆွေးစားပင် Epiphyte သစ်ကပ်ပင်နဲ့ Insectivorous or Carnivorous plant အင်းဆက်ပိုးစားပင်ဆိုပြီး ခွဲခြားထားတာတွေကို ဥပမာများနှင့်တကွ လေ့လာမှတ်သားဖို့လိုတယ်။

**PLANTS DISTINGUISHED ACCORDING TO MODE OF NUTRITION**

| No. | Types | Prominent features | Examples |
|---|---|---|---|
| 1 | **Autophytes** | can manufacture their own food | all green plants |
| 2 | **Parasites** | cannot manufacture their own food, depend on other organisms for their nutrition | dodder |
| 3 | **Saprophytes** | live upon dead organic matter | fungi |
| 4 | **Epiphytes** | grow attached to other plants but do not obtain any food from them | orchids |
| 5 | **Insectivorous** | obtain their nourishment by feeding insects | pitcher, sundew |

Root, stem, leaf ရဲ့ အခြေခံတည်ဆောက်ပုံနဲ့ အာဟာရပြုပုံတွေကို သိပြီးပြီဆိုရင် သူတို့ရဲ့ထူးကဲမှု modification ကိုထပ်ပြီး နားလည်သဘောပေါက်ဖို့လိုတယ်။

Modification ဆိုတာ အပင်ရဲ့ အစိတ်အပိုင်းတစ်ခုဟာ သူ့ရဲ့မူလတာဝန်အပြင် အခြားတာဝန်တွေကိုပါ ပူးတွဲလုပ်ဆောင်တာကို ခေါ်တယ်။

ဥပမာ အမြစ်ရဲ့တာဝန်က Anchorage ကုပ်တွယ်ခြင်းနဲ့ Absorption စုပ်ယူခြင်းကိုလုပ်ရမှာဖြစ်ပေမယ့် အချို့အမြစ်တွေဟာ ပင်စည်ရဲ့ တာဝန်ဖြစ်တဲ့ Support အထောက်အကန်ပေးခြင်းကို လုပ်ကြတယ်။ ဒီလိုပဲ ပင်စည်တချို့ကလည်း အရွက်တွေလိုပြားပြီး စိမ်းရောင်ခြယ် Chlorophyll ရှိလို့ အရွက်ရဲ့တာဝန်ဖြစ်တဲ့ Photosynthesis အလင်းမှီစုအစာဖွဲ့စည်းခြင်းလုပ်ငန်းကို လုပ်ကြတယ်။ အရွက်အချို့ကလည်း ပင်စည်ရဲ့ လုပ်ငန်းဖြစ်တဲ့ Support အထောက်အကန်ပေးခြင်းကို လုပ်ဆောင်ကြတာဟာ ထူးကဲခြင်းတွေပဲဖြစ်တယ်။ Root, Stem နဲ့ Leaf တို့ရဲ့ Modification တွေအကြောင်းကို မှတ်မိဖို့က သူတို့ရဲ့တာဝန်တွေကို နားလည်ထားရင် လွယ်လွယ်ကူကူ မှတ်မိမှာပါ။ အထောက်အကန်ပေးတဲ့ Modification မျိုးကို Adventitious roots မူခြားမြစ် Stems ပင်စည်နဲ့ Leaves အရွက်တွေမှာ တွေ့ရတယ်။ Reproduction မျိုးပွားခြင်းနဲ့ Food and water storage အစာရေစာ သိုလှောင်ခြင်းစတဲ့တာဝန်တွေကို ပင်စည်နဲ့ အရွက်တို့က ထူးထူးခြားခြား Modification အနေနဲ့ လုပ်ဆောင်နေကြတာကို တွေ့ရလိမ့်မယ်။

**MODIFIED PLANTS**

| Modified Function | Modified Roots | Modified Stems | Modified Leaves |
|---|---|---|---|
| **Storage** | **Modified Tap Roots** e.g. carrot, radish and sugar beat | **Underground Stems** **Rhizome** e.g. ginger **Tuber** e.g. potato | **Food storage leaves** e.g. onion bulb **Water storage leaves** e.g. *Sansevieria* |
| **Support** | **Prop roots** e.g. banyan **Climbing roots** e.g. betel | **Twiner** e.g. *Ipomoea* **Tendril climber** e.g. cucurbit | **False trunk or supporting leaf sheath** e.g. banana **Buoyancy by leaf float** e.g. water hyacinth (beda) |
| **Respiration** | **Respiratory roots or Pneumatophore** e.g. *Jussiaea* | | |
| **Absorption** | **Sucking roots or Haustoria** e.g. dodder & *Loranthus* | | **Insectivorous plants** e.g. pitcher plant (*Nepenthes*), sundew (*Droera*), venus fly-trap (*Dionaea*) and bladder-word (*Utricularia*) |
| **Food Manufacture (Photosynthesis)** | | **Phylloclade** e.g. cactus | |
| **Propagation (Reproduction)** | | **Runner** e.g. strawberry | *Bryophyllum* |

အဲဒီ Modify ဖြစ်နေတဲ့ အမြစ်၊ ပင်စည်နဲ့ အရွက်တော်တော်များများကိုလည်း မိမိရဲ့ပတ်ဝန်းကျင်မှာ အလွယ်တကူ မြင်တွေ့နိုင်တာကြောင့် ပိုမိုသဘောပေါက်အောင် လေ့လာနိုင်တယ်။ Modification အပင်အမျိုးအစားတွေကို ပုံတွေနဲ့ ဖော်ပြထားတာကြောင့် ပုံရဲ့အညွှန်း (Label) ပုံခေါင်းစဉ် (Caption) တို့ကို မှတ်သားထားပြီး ပုံဆွဲတတ်အောင်လည်း လေ့ကျင့်ထားဖို့လိုတယ်။

အခုဆက်လက်ပြီး ပန်းပွင့်နှင့် ပန်းခိုင်များအကြောင်းကို ရှင်းပြမှာ ဖြစ်တယ်။ ပန်းပွင့်ဆိုတာ အပင်တစ်ပင်ရဲ့ မျိုးပွားတဲ့အင်္ဂါ (Reproductive structure) ဖြစ်တယ်။

ပန်းတစ်ပွင့်ရဲ့အစိတ်အပိုင်းများ (Parts of a flower) ကို ကြည့်မယ်ဆိုရင် ပန်းတစ်ပွင့်ဟာ Pedicel ပွင့်ညှာနဲ့ Receptacle ပွင့်ရင်းခံတို့ပေါင်းစပ်ဖြစ်ပေါ်လာတဲ့ Axis ရိုးတံပေါ်မှာတည်ရှိနေပြီး ပွင့်ရင်းခံရဲ့အပေါ်မှာ Floral leaves ပွင့်ရွက်များဖြစ်တဲ့ Calyx ပွင့်ဖတ်အုံ Corolla ပွင့်ချပ်အုံ Androecium ဖိုအင်္ဂါအုံနဲ့ Gynoecium မအင်္ဂါအုံတွေဟာ Whorls or circle ပုံစံနဲ့ တည်ရှိကြတယ်။

အဲဒီပွင့်ရွက်တွေတစ်ခုခြင်းရဲ့ Structure နဲ့ Functions ကိုလည်း လေ့လာမှတ်သားကြရမယ်။

**PARTS OF A FLOWER**

| Floral parts | Position | Consisting parts | Functions |
|---|---|---|---|
| Calyx | outermost whorl | sepals | - protection<br>- assimilation<br>- attraction<br>- special function |
| Corolla | second whorl | petals | - protection<br>- attraction |
| Androecium | third whorl | stamens | - reproduction |
| Gynoecium | fourth whorl | carpels | - reproduction |

ပွင့်ရင်းခံရဲ့ပေါ်မှာ ပွင့်ရွက်များရဲ့ တည်နေပုံ သုံးမျိုးဖြစ်တဲ့ Hypogyny အထက်တည်မ Perigyny အလယ်တည်မနဲ့ Epigyny အောက်တည်မတို့ကို လေ့လာမယ်ဆိုရင် ဥပမာပေးထားတဲ့ ပန်းပွင့်တွေကို လက်တွေ့ကြည့်ရှုပြီး လေ့လာရင် ပိုမိုနားလည်ပြီး မှတ်သားမိမှာပါ။

**POSITION OF FLORAL LEAVES ON THE RECEPTACLE**

| Elements | Hypogyny | Perigyny | Epigyny |
|---|---|---|---|
| **Nature of receptacle** | - The receptacle is more or less convex. | - The receptacle forms a shallow or deep cup-like structure.<br>- The receptacle wall remains distinct from the ovary. | - The receptacle grows further upward, completely enclosing the ovary and fusing with it. |
| **Position of stamens, petals and sepals** | - The stamens, petals and sepals are inserted on the side of the receptacle below the gynoecium.<br>- inferior in relation to ovary. | - The stamens, petals and sepals on the rim or margin of the receptacle.<br>- half-inferior in relation to ovary. | - The stamens, petals and sepals are inserted on top of the ovary.<br>- superior in relation to ovary. |
| **Position of ovary** | - The ovary is at the apex of the convex receptacle.<br>- ovary superior. | - The ovary is in the centre of the cup.<br>- ovary half-inferior. | - The ovary is below the stamens, petals and sepals.<br>- ovary inferior. |
| **Examples** | - mustard, eggplant | - rose, peach | - sunflower, guava, cucumber |

ပန်းခိုင် (Inflorescence) လို့ ဆိုတာနဲ့ ပန်းပွင့်များဟာ တစ်ခုတည်းသော ပွင့်ကိုင်း (Peduncle) ပေါ်မှာ တည်ရှိနေကြတယ်ဆိုတာ သိရမယ်။ အဲ့ဒီပန်းခိုင်တွေရဲ့ ထိပ်မှာအဖူးနဲ့ဆုံးတဲ့ ပန်းခိုင်ဟာဆက်ပြီး တိုးရှည်နိုင်တဲ့အတွက် အဆုံးမရှိပန်းခိုင် (Indefinite or Racemose) လို့ခေါ်တယ်။ ပန်းခိုင်ရဲ့ထိပ်မှာ ပန်းပွင့်နဲ့ အဆုံးသတ်နေရင် အဆုံးရှိပန်းခိုင် (Definite or Cymose) လို့ခေါ်တယ်။ Racemose အမျိုးအစားတစ်ခုဖြစ်တဲ့ Head or Capitulum ဦးခေါင်းငယ်ပန်းခိုင်ကို နေကြာပန်းနဲ့ ဥပမာထားပြီး လေ့လာနိုင်တယ်။

ဝတ်မှုန်ကူးခြင်း (Pollination) ကဏ္ဍမှာ ပွင့်တည်းဝတ်မှုန်ကူးခြင်း (Self-pollination) ရဲ့ adaptation နှစ်ခုဖြစ်တဲ့ Homogamy ပြိုင်တူရင့်ခြင်းနဲ့ Cleistogamy ငုံခြင်းတွေဟာ ပန်းပွင့်များကိုယ်တိုင်က ထူးကဲစွာပြောင်းလဲနေတာဖြစ်တယ်။ ပွင့်ခြားဝတ်မှုန်ကူးခြင်း (Cross-pollination) ဖြစ်တဲ့ ပန်းပွင့်တွေမှာ ဝတ်မှုန်ကူးဖို့ ပြင်ပအကူ (External agents) တွေလိုတယ်။

စာမျက်နှာ (၂၂) သို့

စာမျက်နှာ (၂၁) မှ

အဲဒီ Agent တွေအရ Insect အားဖြင့် ဝတ်မှုန်ကူးရင် Entomophily, လေအကူအညီကြောင့် ဝတ်မှုန်ကူးရင် Anemophily, ရေအကူညီကြောင့်ဖြစ်ရင် Hydrophily နဲ့ သတ္တဝါကြောင့် ဝတ်မှုန်ကူးရင် Zoophily ဆိုပြီး မှတ်သားရမယ်။

**POLLINATION**
transference of pollen grains from anther to stigma

**Self-pollination** → (same flower)
*occur in* {bisexual flowers}

1. **Homogamy**
   e.g., paddy, tobacco, wheat, and some legumes
2. **Cleistogamy**
   e.g., *Commelina* and *Impatiens*

**Cross-pollination** → (another flower)
{unisexual and self-sterile bisexual flowers}

1. **Entomophily** → **by insect**
   e.g., sunflower
2. **Anemophily** → **by wind**
   e.g., maize
3. **Hydrophily** → **by water**
   e.g., *Vallisneria*
4. **Zoophily** → **by animals**
   e.g., *Bombax,Colocasia*

သန္ဓေအောင်ခြင်း Fertilization ဖြစ်စဉ်ဟာ အလွန်သေးငယ်ပြီး Microscope အကူအညီနဲ့ကြည့်မှ မြင်ရလေ့လာလို့ရတဲ့ ဖြစ်စဉ်ဖြစ်တယ်။ သန္ဓေအောင်ခြင်းကို လေ့လာဖို့အတွက် အခြေခံအကျဆုံး သိထားရမှာကတော့ Ovary အစေ့အိမ်နဲ့ Ovule အစေ့လောင်းကို သိထားရမှာဖြစ်သလို Anther ဝတ်မှုန်အိတ်နဲ့ Pollen ဝတ်မှုန်တို့ကိုလည်း သိထားရမှာ ဖြစ်တယ်။

ပန်းပွင့်ရဲ့ Ovaries များကနေ Fruits အသီးများ ဖွံ့ဖြိုးလာတယ်။ အစေ့အိမ်နံရံ Fruit wall အပေါ်မူတည်ပြီး အသားထူခြင်းနှင့် အရည်ရွှမ်းခြင်း Fleshy fruits သို့မဟုတ် ခြောက်သွေ့ခြင်းနှင့် အသီးခွံမာခြင်း Dry fruits ရယ်လို့ နှစ်မျိုးခွဲနိုင်တယ်။

အသီးစို Fleshy fruits နှစ်မျိုးရှိတယ်။ အသီးစိုရဲ့ Mesocarp အပိုင်းကို စားသုံးပြီးနောက် အစေ့တွေကို လွှင့်ပစ်ခြင်းအားဖြင့် Dispersal ပြန့်လွင့်ခြင်းကို ဖြစ်စေတယ်။

အသီးခြောက် Dry fruits ကိုတော့ Dehiscent fruits အက်ကွဲသီးနဲ့ Indehiscent fruits မအက်ကွဲသီးအဖြစ် ခွဲခြားနိုင်တယ်။ အက်ကွဲသီးများက အက်ကွဲခြင်းအားဖြင့် ပျံ့နှံ့သလို မအက်ကွဲသီးများကတော့ လေအားဖြင့် ရေအားဖြင့် စသည်ဖြင့် ပျံ့နှံ့ကြတယ်။

Ovules တွေရင့်မှည့်လာခြင်းကနေ Seed အစေ့ကို ဖြစ်စေတယ်။ အစေ့တစ်စေ့မှာ Embryo ပင်လောင်းတစ်ခု၊ Cotyledons အစေ့ရွက် တစ်ခု သို့မဟုတ် နှစ်ခုနဲ့ Seed coat အစေ့ခွံတို့ ပါဝင်တယ်။ အစေ့အများစုမှာ စေ့တွင်းစာ Endosperm လည်းရှိကြတယ်။ စေ့ရွက်ပါဝင်မှုပေါ် မူတည်ပြီး Monocotyledons စေ့ရွက်ထီးနှင့် Dicotyledons စေ့ရွက်စုံဆိုပြီး ခွဲခြားနိုင်တယ်။

အစေ့အညှောက်ပေါက်ခြင်း Germination နှစ်မျိုးမှာ Epigeal Germination စေ့ရွက်မြေပေါ် ပေါက်ခြင်းနှင့် Hypogeal Germination စေ့ရွက်မြေအောက် ပေါက်ခြင်းတို့ဖြစ်တယ်။ အသီး၊ အစေ့နှင့် အပင်ပေါက်ခြင်း အကြောင်းအရာများကို သက်ဆိုင်ရာ ဥပမာများနဲ့လေ့လာရင် ပိုပြီးနားလည်သဘောပေါက်မှာ ဖြစ်တယ်။

နို့တိုက်သတ္တဝါအကြောင်းကို လေ့လာရာမှာလည်း သက်ဆိုင်ရာပုံများနှင့် တွဲဖက်လေ့လာမယ်ဆိုရင် နားလည်မှု စွမ်းရည်မြင့်တက်မှာ ဖြစ်တယ်။

Nutrition အပိုင်းရဲ့ အဓိကဖြစ်စဉ်ကတော့ Photosynthesis (အလင်းမှီစု အစာဖွဲ့စည်းခြင်း) ဖြစ်တယ်။ Chloroplast ဟာ အပင်ဆဲလ် အတွင်းရှိတဲ့ Organelle ဖြစ်ပြီး Chlorophyll များကို သယ်ဆောင်ထားတယ်။

အလင်းမှီစုအစာဖွဲ့စည်းရန်အတွက် Chlorophyll ရှိရန် လိုအပ်သလို ကာဗွန်ဒိုင်အောက်ဆိုက် (Carbon dioxide) နှင့် ရေတို့ ရရှိရန်လည်း လိုအပ်တယ်။ အပင်များဟာ အလင်းရောင်ရရှိချိန်မှာ ကာဗွန်ဒိုင်အောက်ဆိုက်နှင့် ရေကို ပူးပေါင်းစေပြီး အခြေခံသကြား Glucose အဖြစ်ဖွဲ့စည်းကာ Starch ကစီဓာတ်အသွင်ဖြင့် သိုလှောင်ထားလေ့ရှိတယ်။

ဒီလိုအစာဖွဲ့စည်းခြင်းဖြစ်စဉ်ဟာ အများအားဖြင့် အရွက်များမှာသာ ဖွဲ့စည်းတတ်လို့ Leaf Structure ရဲ့ Table မှာ ဖော်ပြထားတဲ့ Cell အလွှာတစ်ခုချင်းရဲ့ ဖွဲ့စည်းတည်ဆောက်ပုံနဲ့ လုပ်ငန်းတာဝန်တွေကိုပါ အသေးစိတ် သိရှိနားလည်ဖို့လိုအပ်တယ်။ အလင်းရောင်၊ ရေနဲ့ကာဗွန်ဒိုင်အောက်ဆိုက်တို့ကို ရယူနိုင်ဖို့အတွက် အရွက်ရဲ့ လိုက်လျောညီထွေစွာ ဖွဲ့စည်းထားရှိမှုကို ကောင်းစွာ သိရှိနားလည်သင့်တယ်။

Summarized plant nutrition ရဲ့ Word diagram မှာ ဖော်ပြထားတဲ့ Box များနှင့် Arrow များကိုအရေအတွက်မှန်ကန်စွာနဲ့ နေရာတိကျစွာ ညွှန်းပြရန် လိုအပ်တယ်။ အကယ်၍ Box အတွင်းမှ စာလုံးပေါင်းသတ်ပုံနဲ့ စာလွဲမှားခဲ့ရင် ဒါမှမဟုတ် မြားခေါင်းညွှန်ပြမှုနေရာများ လွဲမှားခဲ့ရင် အမှတ်လျော့နိုင်လို့ အထူးဂရုစိုက်ဖို့လိုတယ်။

သက်ရှိဆဲလ်ထဲမှာ Glucose ပြိုကွဲမှုကြောင့် Chemical energy ဓာတုစွမ်းအင်ထွက်ရှိခြင်းကို Respiration စွမ်းအင်ထုတ်ခြင်းလို့ခေါ်တယ်။

စွမ်းအင်ထုတ်ခြင်းမှာ Aerobic respiration လေရှိစွမ်းအင်ထုတ်ခြင်းနှင့် Anaerobic respiration လေမဲ့ စွမ်းအင်ထုတ်ခြင်းဆိုပြီး နှစ်မျိုးရှိတယ်။ Aerobic respiration မှာ အောက်ဆီဂျင် ($O_2$) ကို အသုံးပြုပြီး အစာ Glucose ကို ဖြိုခွဲတဲ့အခါ ကာဗွန်ဒိုင်အောက်ဆိုက် ($CO_2$), ရေ ($H_2O$) နှင့် စွမ်းအင် (Energy) တို့ထွက်လာတယ်။ Anaerobic respiration မှာတော့ အောက်ဆီဂျင် ($O_2$) မသုံးဘဲ Glucose ကို ဖြိုခွဲတဲ့အခါ Ethanol, ကာဗွန်ဒိုင်အောက်ဆိုက် ($CO_2$) နှင့် စွမ်းအင် (Energy) တို့ထွက်လာတယ်။

ထွက်ပေါ်လာတဲ့စွမ်းအင်ကို ATP (Adenosine Triphosphate) အဖြစ် ဆဲလ်ရဲ့ Mitochondria ထဲမှာ သိုလှောင်ထားတယ်။ ATP က ထွက်လာတဲ့ စွမ်းအင်ကို သက်ရှိတို့ရဲ့ လှုပ်ရှားဆောင်ရွက်မှုများအတွက် နည်းလမ်းအမျိုးမျိုးနဲ့ အသုံးပြုကြတယ်။

လူအပါအဝင် သတ္တဝါတွေဟာ လေရှိစွမ်းအင်ထုတ်ပေမယ့် ပြင်းပြင်းထန်ထန် လေ့ကျင့်ခန်းလုပ်နေရင် ကြွက်သားဆီကို အောက်ဆီဂျင် ($O_2$) မြန်မြန်နဲ့ လုံလောက်အောင် မရောက်နိုင်လို့ လေမဲ့စွမ်းအင် ထုတ်ကြရတယ်။

Water Relation ရေနှင့်သက်ရှိများရဲ့ နီးနွယ်ဆက်စပ်မှုသင်ခန်းစာမှာ ရေရဲ့အသုံးဝင် အရေးပါမှုအကြောင်းရင်း (၅) ခုဖြစ်တဲ့ (၁) Solvent, (၂) Reactant, (၃) Coolant, (၄) Support နှင့် (၅) Lubricant စတဲ့ အကြောင်းအရာများကိုလည်း သိထားရမယ်။

အဲဒီနောက် Diffusion (ပျံ့ရောခြင်း) နှင့် Osmosis (တစ်ဖက်စိမ့်ခြင်း) အကြောင်းအရာများရဲ့ အဓိပ္ပာယ်များကိုလည်း သိထားဖို့လိုတယ်။ ဥပမာအနေနဲ့ အပင်များမှာ ရေကိုအမြစ်များမှတစ်ဆင့် ပင်စည်သို့ ပို့ဆောင်ပေးခြင်းဟာ Osmosis နည်းနဲ့ သယ်ပို့ခြင်းဖြစ်တာကို နားလည်သဘောပေါက်ရမယ်။ အဲဒီလို စုပ်ယူလိုက်တဲ့ ရေထဲမှ ရေပမာဏများစွာဟာ အပင်များမှ ရေငွေ့ပြန်ခြင်းဖြစ်စဉ် (Transpiration) နည်းနဲ့ ရေဆုံးရှုံးမှုကို ဖြစ်စေတယ်။

ရေငွေ့ပြန်ခြင်းကြောင့်ရရှိတဲ့ အကျိုးကျေးဇူးတွေကတော့ (a) Transpiration pull (ရေဆွဲတင်အား)၊ (b) Transport of salt (ဓာတ်ဆားများကိုသယ်ပို့ပေးခြင်း) နှင့် (c) Cooling (အေးစေခြင်း) တို့ဖြစ်တယ်။ ဆက်လက်ပြီး အပင်များအတွင်း ရေနှင့်ပျော်ဝင်ပစ္စည်းများဟာ အပင်တစ်လျှောက် Translocation (ရွှေ့ပြောင်းခြင်း) နည်းနဲ့ ရွေ့လျားနိုင်ခြင်းရှိတာကိုပါ သိရှိရမှာဖြစ်တယ်။

အခုပြောပြခဲ့တဲ့ပုံစံနဲ့ Co-ordination, Reproduction, Inheritance နဲ့ Environmental Biology အကြောင်းအရာတွေကိုလည်း ကျောင်းသား ကျောင်းသူများအနေနဲ့ အလွတ်ကျက်ခြင်းထက် အခြေခံအကြောင်းအရာဖြစ်စဉ်များကို သေချာစွာ နားလည်သဘောပေါက်အောင် ဖတ်ရှုပြီးမှ မေးခွန်းဟောင်းများကို လေ့ကျင့်ဖြေဆိုမယ်ဆိုရင် ပိုမိုထိရောက်မှုရှိမှာ ဖြစ်တယ်။

ဇီဝဗေဒဘာသာရပ်ရဲ့ မေးခွန်းပုံစံကို လေ့လာကြည့်မယ်ဆိုရင်

1. TRUE or FALSE
2. Completion
3. Short Questions (2 marks)
4. Short Questions (4 marks)
5. Long Questions (8 marks)

အခန်းလိုက် မေးခွန်းပျံ့နှံ့ပုံ

| Chapter | Question Number | 1 Mark (True/False) | 1 Mark (Completions) | Question Number | 2 Marks | Question Number | 4 Marks | Question Number | 8 Marks | Total Marks |
|---|---|---|---|---|---|---|---|---|---|---|
| I | 1 (i, ii), 2 (i, ii) | 2 | 2 | 3 (a) | 1 | 4 (a) | 1 | 5 (a) | 1 | 28 |
| II | 1 (iii, iv), 2 (iii, iv) | 2 | 2 | | | | | | | |
| III | 1 (v), 2 (v) | 1 | 1 | | | | | | | |
| IV | 1 (vi, vii), 2 (vi, vii) | 2 | 2 | | | | | | | |
| V | 1 (viii, ix), 2 (viii, ix) | 2 | 2 | 3 (b) | 1 | 4 (b) | 1 | 5 (b) | 1 | 18 |
| VI | 1 (x, xi), 2 (x, xi) | 2 | 2 | 3 (c) | 1 | 4 (c) | 1 | 5 (c) | 1 | 18 |
| VII | 1 (xii), 2 (xii) | 1 | 1 | 3 (d) | 1 | | 1 | 5 (d) | 1 | 16 |
| VIII | 1 (xiii, xiv), 2 (xiii, xiv) | 2 | 2 | | 1 | 4 (d) | 1 | | 1 | 18 |
| IX | 1 (xv, xvi) 2 (xv, xvi) | 2 | 2 | 3 (e) | 1 | | 1 | 5 (e) | 1 | 18 |
| X | 1 (xvii), 2 (xvii) | 1 | 1 | | 1 | 4 (e) | 1 | | 1 | 16 |
| XI | 1 (xviii, xix), 2 (xviii, xix) | 2 | 2 | 3 (f) | 1 | | 1 | 5 (f) | 1 | 18 |
| XII | 1 (xx), 2 (xx) | 1 | 1 | | 1 | | 1 | | 1 | 16 |

မေးခွန်း No. 1 နှင့် 2 ဟာ Objective types ဓမ္မဓိဋ္ဌာန်အမျိုးအစား ဖြစ်တယ်။ အတိအကျပြောမယ်ဆိုရင် မေးခွန်း No. 1 ဟာ TRUE or FALSE ဖြစ်ပြီး မေးခွန်း No. 2 ဟာ Completion အမျိုးအစားဖြစ်တယ်။ မေးခွန်း No. 1 နှင့် 2 အတွက် (၁) ပုဒ်လျှင် (၁) မှတ်နှုန်းနဲ့ အပုဒ် (၂၀) မေးပြီး စုစုပေါင်း အမှတ် (၄၀) ဖိုးဖြစ်တယ်။ ဒီအမှတ် (၄၀) ဖိုး အတွက် အခန်းလိုက် မေးခွန်းပျံ့နှံ့ပုံဇယားကို ကြည့်ရင် အခန်း (၁၂) ခန်းလုံးဖြန့်ပြီး မေးထားတာကို တွေ့ရမယ်။

TRUE or FALSE နဲ့ Completion မေးခွန်းဟာ နားလည်သဘောပေါက်မှုနဲ့ Conceptual ကို အခြေခံတဲ့အတွက် Chapter တစ်ခုစီမှာပါတဲ့ သက်ဆိုင်ရာ ဝေါဟာရ (Terminology) များကို စာလုံးပေါင်းနဲ့တကွ သေချာစွာ လေ့လာမှတ်သားဖို့လိုတယ်။ အဓိကပါဝင်တတ်တဲ့ မေးခွန်းတွေက ပြဋ္ဌာန်းစာအုပ်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက် (Definition) များနှင့် Statements များ ဖြစ်တယ်။ ရွေးချယ်ဖြေဆိုစရာမရှိတဲ့အတွက် အမှတ်ပြည့်ရလိုသူများအနေနဲ့ ပြဋ္ဌာန်းစာအုပ် တစ်အုပ်လုံးကို ခြုံငုံလေ့လာဖတ်ရှုထားဖို့လိုမယ်။

မေးခွန်း No. 3 ကတော့ (၂) မှတ်တန်မေးခွန်းတို ဖြစ်တယ်။ 3 (a) မှ (f) ထိ (၆) ပုဒ်ပါရှိပြီး (၁၂) မှတ်ဖိုး ဖြစ်တယ်။ (၂) မှတ်တန် မေးခွန်းတို ဖြေဆိုဖို့အတွက် အခန်း (၁) မှ (၆) ထိကို မဖြစ်မနေ လေ့လာပြင်ဆင်ထားရမှာဖြစ်ပြီး (or) ခံမေးတဲ့ အခန်းတွေအတွက်တော့ နှစ်သက်ရာ (၁) ခန်းစီမှ ရွေးချယ်ဖြေဆိုနိုင်တယ်။

မေးခွန်း No. 4 ကတော့ (၄) မှတ်တန် မေးခွန်းတို ဖြစ်ပြီး 4 (a) မှ (e) ထိ (၅) ပုဒ်မေးပြီး နှစ်သက်ရာ (၄) ပုဒ် (၁၆) မှတ်ဖိုး ရွေးချယ်ဖြေဆိုရမှာ ဖြစ်တယ်။ မေးခွန်း No. 5 ကတော့ (၈) မှတ်တန် မေးခွန်းရှည်ဖြစ်ပြီး 5 (a) မှ (f) ထိ (၆) ပုဒ်မေးပြီး နှစ်သက်ရာ (၄) ပုဒ် (၃၂) မှတ်ဖိုးကို ရွေးချယ်ဖြေဆိုရမှာ ဖြစ်တယ်။

မေးခွန်းတိုမှာ တိုတိုနဲ့လိုရင်းကိုသာ ဖြေဆိုရမှာဖြစ်ပြီးတော့ မေးခွန်းရှည်မှာ ဘာသာရပ်ဆိုင်ရာ နားလည်တတ်ကျွမ်းမှုကို ဖြေဆိုရမှာဖြစ်တယ်။ မေးခွန်းရှည်မှာ ပုံဆွဲ၊ အညွှန်းတပ်တဲ့မေးခွန်း၊ အညွှန်းပဲတပ်ခိုင်းတဲ့ မေးခွန်းများအပြင် စာချည်းသက်သက်သာဖြေရတဲ့ မေးခွန်းတွေကိုလည်း မေးလေ့ရှိတယ်။

ဒါကြောင့် သင်ခန်းစာများကို လေ့လာတဲ့အခါ သရုပ်ဖော်ပုံနဲ့တွဲပြီး လေ့လာဖို့လိုသလို Word diagram နဲ့ Table များကိုပါ လေ့လာထားဖို့လိုတယ်။

ဇီဝဗေဒဘာသာရပ် ဖြေဆိုတဲ့အခါ သတိပြုရမည့်အချက်တွေကတော့

(၁) မေးခွန်းကိုသေချာစွာဖတ်ပါ၊ နားလည်သဘောပေါက်အောင် ဖတ်ပြီးမှ ဖြေဆိုပါ။ မေးခွန်းမှာ

- Mention / Name / List နဲ့စထားရင် အမည်များဖော်ပြဖြေဆိုရန်။
- Enumerate နဲ့စရင် အမှတ်စဉ်ထိုး၍ဖြေဆိုရန်။
- Define နဲ့စရင် အဓိပ္ပာယ်သတ်မှတ်ရန်။
- What / How / Cite / Give / State / Describe / Discuss / Explain/ Clarify / Write နဲ့စထားရင် ရေးပါ၊ ရှင်းပြပါ၊ ဖြေရှင်းပါ၊ ဆွေးနွေးပါ၊ ဖော်ပြပါ၊ ဘယ်လိုနားလည်သလဲ အစရှိတဲ့ မေးခွန်းတွေကို စာသားအားဖြင့် အဖြေထုတ်ရန်။
- Distinguish / Classify / Differentiate နဲ့စရင် အုပ်စုနှင့် အမျိုးအစားတို့ကို ခွဲခြားပြရန်။
- Comparative / Compare and contrast / versus နဲ့စထားရင် နှိုင်းယှဉ် ဖြေဆိုရန်။
- Give a table / Tabulate နဲ့စရင် ဇယားဆွဲ၍ ဖြေဆိုရန်။
- Give a word diagram နဲ့စရင် စကားလုံးများကို ညွှန်ချက်မြားတန်းများဖြင့် ချိတ်ဆက်ဖော်ပြရန်။
- Draw / Illustrate / illustration / drawing / diagram နဲ့စထားရင် သရုပ်ဖော်ပုံ ဆွဲပေးရန်။
- Provide labels and caption နဲ့စရင် ပုံကိုပြန်ကူးဆွဲရန် မလိုဘဲ အညွှန်းမြားတို့က ညွှန်ပြသောနေရာကို အမည်ဖော်ပေးရန်နှင့် ပုံခေါင်းစဉ်တတ်ပေးရန်ဖြစ်ပြီး နောက်ဆက်တွဲ မေးသည့် မေးခွန်းရှိခဲ့လျှင် ဖြေဆိုရန် သတိပြုပါ။

(၂) အဖြေလွှာရဲ့ သတ်မှတ်ထားတဲ့နေရာမှာ ခုံနံပါတ်ကို မှန်အောင်တပ်ပါ။
(၃) အဖြေလွှာပေါ်က ညွှန်ကြားချက်များကို သေချာစွာလိုက်နာပါ။
(၄) ဘေးမျဉ်းကို ခဲတံသုံးပြီး မျဉ်းသားပါ။
(၅) ဖြေဆိုမည့်နံပါတ်ကို ဘေးမျဉ်းအတွင်း မှန်အောင်တပ်ပါ။
(၆) မေးခွန်းနံပါတ် (၁) နှင့် (၂) Objectives များကို ဖြေဆိုရာမှာ i မှ x ကို အဖြေလွှာရဲ့ တစ်ခြမ်းမှာရေးပြီး xi မှ xx ကို နောက်တစ်ခြမ်းမှာ ရေးခြင်းဖြင့် ဖြေဆိုပါ။
(၇) ပုံဆွဲခိုင်းခဲ့လျှင် အချိုးကျသပ်ရပ်သောပုံကို ခဲတံဖြင့်ဆွဲပြီး အညွှန်းပြည့်စုံအောင်တပ်ပါ။
(၈) သိပ္ပံအမည်များကို ရေးသားဖော်ပြရာမှာတော့ မျိုးစု (Genus) ဖြစ်ခဲ့လျှင် အစစာလုံးကို Capital နဲ့ စရေးပြီး မျဉ်းသားပေးပါ။
(၉) ဖြေဆိုပြီး အဖြေများ မှန်ကန်မှုရှိ၊ မရှိ ပြန်လည်စစ်ဆေးပါ။

ယခုတင်ပြခဲ့တဲ့ အကြံပြုချက်များကို လိုက်နာပြီး တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများ ဂုဏ်ထူးမှတ်များနဲ့ ထူးထူးချွန်ချွန်အောင်မြင်အောင် ကြိုးစားကြပါလို့ တိုက်တွန်းလိုက်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**မြန်မာ့သစ်လုပ်ငန်း**

## လျှောက်လွှာခေါ်ယူခြင်း

**ကြော်ငြာစာအမှတ် ၀၁-၂၀၁၇**
**၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ ၆ရက်**

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်းတွင် လစ်လပ်လျက်ရှိသော စီမံစီးပွား(အဆင့်-၂) လစာနှုန်း(ကျပ်-၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)သစ်အုပ်ကြီး (၆၄)နေရာအတွက် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်။

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) သိပ္ပံ(သစ်တော)ဘွဲ့ B.Sc( Forestry )ရရှိသူ ဖြစ်ရမည်။
(ဂ) ၃၁-၁-၂၀၁၇ ရက်တွင် အသက် (၃၀)နှစ်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။
(ဃ) မဟာဘွဲ့ရပြီးသူများအတွက် အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(င) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်၍ နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
(စ) သစ်တောအတွင်း၌ အချိန်မရွေး တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာများကို ကိုယ်ရေးမှတ်တမ်းအကျဉ်းနှင့်အတူ အောက်ပါအထောက်အထားများ ပူးတွဲလျက် မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်ရေးဌာန၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်သို့ ၂၈-၂-၂၀၁၇ရက်အရောက် ပေးပို့လျှောက်ထားရမည်။
(က) ဘွဲ့လက်မှတ်မိတ္တူ(စာမေးပွဲဖြေဆိုသည့်အခါ ဘွဲ့လက်မှတ်မူရင်းတင်ပြရန်။)
(ခ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းစာမေးပွဲ အောင်လက်မှတ်မိတ္တူမှန်(စစ်ဆေးသည့်အခါ အောင်လက်မှတ်မူရင်းတင်ပြနိုင်ရမည်။)
(ဂ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၆)လအတွင်း သက်ဆိုင်ရာရဲစခန်းမှ ထောက်ခံထားသည့် ပြစ်မှု/မှုခင်း ကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း။
(ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်းရိုက်ကူးထားသော ရောင်စုံလိုင်စင်ဓာတ်ပုံ(၂)ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်အသား ဖော်ပြရန်။)
(င) ပြင်ပမှ လျှောက်ထားသူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူမှန်။
(စ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်း။

၄။ ရေးဖြေစာမေးပွဲကို ရန်ကုန်တွင် ၂၀၁၇ ခုနှစ်၊ မတ်လအတွင်း ကျင်းပပြုလုပ်မည်ဖြစ်ပြီး ကျင်းပမည့် ရက်၊ အချိန်နှင့်နေရာတို့ကို သတင်းစာများ၌ အချိန်မီ ကြိုတင်ကြေညာပါမည်။ တစ်ဦးချင်းထံသို့ အကြောင်းကြားမည်မဟုတ်ပါ။

၅။ ရေးဖြေစာမေးပွဲတွင် အောက်ပါ ဘာသာရပ်များဖြေဆိုရပါမည်-
(က) အင်္ဂလိပ်စာ
(ခ) အထွေထွေဗဟုသုတ

၆။ စည်းကမ်းနှင့် မကိုက်ညီသော သို့မဟုတ် မပြည့်စုံသော သို့မဟုတ် သတ်မှတ်ရက်ထက်ကျော်လွန်မှ ရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၇။ ရေးဖြေစာမေးပွဲလာရောက်ဖြေဆိုရာတွင်လည်းကောင်း၊ လူတွေ့စစ်ဆေးခံရန် လာရောက်သည့်အခါတွင်လည်းကောင်း မိမိစရိတ်ဖြင့် လာရောက်ကြရပါမည်။

၈။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းပြုပါမည်။

၉။ အခြားစုံစမ်းမေးမြန်းလိုပါက သစ်ထုတ်ရေးရုံးချုပ်၊ အနောက်ကြို့ကုန်း၊ အင်းစိန်သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်(၅၂၈၇၈၅၊ ၅၂၈၇၉၂) တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**မြန်မာ့သစ်လုပ်ငန်း**

## လျှောက်လွှာခေါ်ယူခြင်း

**ကြော်ငြာစာအမှတ် ၀၂-၂၀၁၇**
**၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ ၆ရက်**

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်းတွင် လစ်လပ်လျက်ရှိသော ပညာရှင်(အဆင့်-၃) လစာနှုန်း(ကျပ်-၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ဒုတိယတိရစ္ဆာန်ဆေးကုမှူး (၁၅)နေရာအတွက် လျှောက်လွှာများတင်သွင်းနိုင်ပါသည်။

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တိရစ္ဆာန်ဆေးပညာဘွဲ့(B.V.Sc)ရရှိသူ ဖြစ်ရမည်။
(ဂ) လုပ်ငန်းသဘာဝအရ အမျိုးသားဖြစ်ရမည်။
(ဃ) ၃၁-၁-၂၀၁၇ ရက်တွင် အသက် (၃၀)နှစ်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။
(င) မဟာဘွဲ့ရပြီးသူများအတွက် အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(စ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်၍ နေရာဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
(ဆ) သစ်တောအတွင်း၌ အချိန်မရွေး တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာများကို ကိုယ်ရေးမှတ်တမ်းအကျဉ်းနှင့်အတူ အောက်ပါအထောက်အထားများ ပူးတွဲလျက် မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်ရေးဌာန၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်သို့ ၂၈-၂-၂၀၁၇ရက်အရောက် ပေးပို့လျှောက်ထားရမည်။
(က) ဘွဲ့လက်မှတ်မိတ္တူ(စာမေးပွဲဖြေဆိုသည့်အခါ ဘွဲ့လက်မှတ်မူရင်းတင်ပြရန်။)
(ခ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းစာမေးပွဲ အောင်လက်မှတ်မိတ္တူမှန်(စစ်ဆေးသည့်အခါ အောင်လက်မှတ်မူရင်းတင်ပြနိုင်ရမည်။)
(ဂ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၆)လအတွင်း သက်ဆိုင်ရာရဲစခန်းမှ ထောက်ခံထားသည့် ပြစ်မှု/မှုခင်း ကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း။
(ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်းရိုက်ကူးထားသော ရောင်စုံလိုင်စင်ဓာတ်ပုံ(၂)ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်အသား ဖော်ပြရန်။)
(င) ပြင်ပမှ လျှောက်ထားသူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူမှန်။
(စ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်း။

၄။ ရေးဖြေစာမေးပွဲကို ရန်ကုန်တွင် ၂၀၁၇ ခုနှစ်၊ မတ်လအတွင်း ကျင်းပပြုလုပ်မည်ဖြစ်ပြီး ကျင်းပမည့်ရက်၊ အချိန်နှင့် နေရာတို့ကို သတင်းစာများ၌ အချိန်မီ ကြိုတင်ကြေညာပါမည်။ တစ်ဦးချင်းထံသို့ အကြောင်းကြားမည်မဟုတ်ပါ။

၅။ ရေးဖြေစာမေးပွဲတွင် အောက်ပါဘာသာရပ်များဖြေဆိုရပါမည်-
(က) အင်္ဂလိပ်စာ
(ခ) အထွေထွေ ဗဟုသုတ

၆။ စည်းကမ်းနှင့် မကိုက်ညီသော သို့မဟုတ် မပြည့်စုံသော သို့မဟုတ် သတ်မှတ်ရက်ထက်ကျော်လွန်မှ ရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၇။ ရေးဖြေစာမေးပွဲလာရောက်ဖြေဆိုရာတွင်လည်းကောင်း၊ လူတွေ့စစ်ဆေးခံရန် လာရောက်သည့်အခါတွင်လည်းကောင်း မိမိစရိတ်ဖြင့်လာ ရောက်ကြရပါမည်။

၈။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းပြုပါမည်။

၉။ အခြားစုံစမ်းမေးမြန်းလိုပါက သစ်ထုတ်ရေးရုံးချုပ်၊ အနောက်ကြို့ကုန်း၊ အင်းစိန်သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်း အမှတ်(၅၂၈၇၈၅၊ ၅၂၈၇၉၂) တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၉င/၁၂၁၁ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၉ယ/၈၁၄၈၂ Honda Wave 110(M/C) ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းဆီဖောင်း ၁၃/ကတန(နိုင်)၁၆၂၅၇၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)၊ကျိုင်းတုံမြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံတက္ကသိုလ်၊ သချ်ာ(မဟာတန်းပထမနှစ်)မှ မမာရီယာနှင့် မမာရီယာ ၁၃/ကတန(နိုင်)၁၃၅၅၈၈မှာ တစ်ဦးတည်း ဖြစ်ပြီး၄င်း၏မွေးသက္ကရာဇ်အမှန်မှာ ၂၁-၂-၁၉၉၅ ဖြစ်ပါကြောင်းနှင့်၄င်း၏ဖခင် ဦးဖာဂျို ၁၃/ကတန(နိုင်)၀၁၄၈၄၈နှင့် ဦးဖားဂျေမှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ၄င်း၏မိခင် ဒေါ်အားဆူ ၁၃/ကတန(နိုင်)၁၁၇၀၇၆နှင့် ဒေါ်ဘူးဘီမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## မဂ္ဂိမဝံသ ဗုဒ္ဓဓမ္မသင်တန်း (ဗဟိုအဆင့်) စာမေးပွဲ အသိပေး နှိုးဆော်လွှာ

မဂ္ဂိမဝံသ မြန်မာရဟန်းတော်များအဖွဲ့က ကြီးမှူးကျင်းပအပ်သော မဂ္ဂိမဝံသ ဗုဒ္ဓဓမ္မသင်တန်း (ဗဟိုအဆင့်) စာမေးပွဲကို ( ၅ - ၄ - ၂၀၁၇ ) ဗုဒ္ဓဟူးနေ့ နေ့လည် ( ၁၂ ) နာရီ အချိန်တွင် အောက်ဖော်ပြပါ စာဖြေဌာနများ၌ တပြိုက်နက်တည်း ကျင်းပ ပြုလုပ်ပါမည်။
ဝင်ခွင့်ပုံစံများကို (၂၇-၃-၂၀၁၇) နေ့ နောက်ဆုံးထား၍ လိုင်စင်ဓာတ်ပုံ (၃) ပုံနှင့်အတူ နီးစပ်ရာ စာဖြေဌာနများသို့ ပေးပို့ ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်စာဖြေဌာန - တာဝန်ခံဆရာတော် ဒေါက်တာအရှင်တ္ထုနေ္တာဘာသ
ဖုန်း - ၀၉ - ၅၀၆၃၄၆၅၊ ၀၉ - ၇၉၅၃၅၇၁၈၀
နေပြည်တော်စာဖြေဌာန - တာဝန်ခံဆရာတော် ဒေါက်တာအရှင်ဝိါယာမ
ဖုန်း - ၀၉ - ၅၁၀၆၀၉၆၊ ၀၆၇ - ၂၃၄၀၄၊
တောင်ငူစာဖြေဌာန - တာဝန်ခံဆရာတော် ဒေါက်တာအရှင်ကုဏ္ဍလ
ဖုန်း - ၀၉ - ၇၉၃၄၂၄၈၈၇၊၀၉ - ၂၅၀၉၂၄၈၈၇
ဒေးဒရဲစာဖြေဌာန - တာဝန်ခံဆရာတော် ဒေါက်တာအရှင်ဥတ္တမသိရီ ၊ အရှင်တေဇဓမ္မ
ဖုန်း၊၀၉ - ၂၅၀၇၄၄၇၄၇၊ ၀၉ - ၇၉၃၄၈၀၄၇၄၊ ၀၉ - ၇၉၂၄၈၀၄၇၄

**ဒီကရီအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း**

## ထုချေစေရန်အကြောင်းကြားစာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်၂၁၊ နည်းဥပဒေ၂၂)**
**ပုသိမ်ခရိုင်တရားရုံး**
**၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်(၂၄)နှင့်ဆက်နွှယ်သည့်**
**၂၀၁၆ခုနှစ်၊ တရားမဇာရီမှုအမှတ် ၂၉**

ဦးငွေးရင် နှင့် ၁။ ကိုမြင့်ကြိုင်
၂။ မငယ်ငယ်
ကြံခိုင်ရေးလမ်းနှင့်ခိုင်ရွှေဝါလမ်းထောင့်
ရွှေသောင်ယံမြို့နယ်ခွဲ၊ ချောင်းသာကျေးရွာ၊
ပုသိမ်မြို့နယ်၊ပုသိမ်ခရိုင်၊
ဧရာဝတီတိုင်းဒေသကြီး
(ယခုနေရပ်လိပ်စာမသိသူ)
**တရားနိုင်** **တရားရှုံးများ**

အထက်ပါအမှုမှ တရားရှုံးကိုမြင့်ကြိုင်ပါ-၂ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။ ၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ် (၂၄)တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးငွေးရင်ကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်၏အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေ ဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၇ခုနှစ် ဖေဖော်ဝါရီ ၂၄ရက် (၁၃၇၈ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ၁၀နာရီတွင် ဤရုံးတော် ရှေ့လာရောက်စေ။

၂၀၁၇ခုနှစ် ဇန်နဝါရီ ၃၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက် မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စန္ဒာအေး)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ပုသိမ်ခရိုင်တရားရုံး**

**ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း**

## ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ပုသိမ်ခရိုင်တရားရုံး**
**၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၈၅ နှင့်ဆက်နွှယ်သည့်**
**၂၀၁၆ ခုနှစ် တရားမဇာရီမှုအမှတ်-၃၅**

ဦးငွေးရင် နှင့် ဦးဝင်းရွှေ
ရွှေလက်ဆောင်သရက်တောထိုးမုန့်ဆိုင်၊
Lai Lai ဟိုတယ်ရှေ့
ပုသိမ်-ချောင်းသာ ကားလမ်းမကြီးနံဘေး
ရွှေသောင်ယံမြို့နယ်ခွဲ၊
ချောင်းသာကျေးရွာ၊ ပုသိမ်မြို့နယ်၊
ပုသိမ်ခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး
(ယခုနေရပ်လိပ်စာမသိသူ)
**တရားနိုင်** **တရားရှုံး**

အထက်ပါအမှုမှ တရားရှုံး ဦးဝင်းရွှေ(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ် (၈၅)တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးငွေးရင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရ ကိုယ်စားလှယ်ဖြစ်စေ ၂၀၁၇ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက် (၁၃၇၈ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးရှေ့လာရောက်စေ။

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စန္ဒာအေး)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ပုသိမ်ခရိုင်တရားရုံး**

**ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း**

## ထုချေစေရန်အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ပုသိမ်ခရိုင်တရားရုံး**
**၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၂၃ နှင့်ဆက်နွှယ်သည့်**
**၂၀၁၆ ခုနှစ် တရားမဇာရီမှုအမှတ်-၂၈**

ဦးငွေးရင် နှင့် ဦးသက်ပိုင်ဦး
ကိုကြီးကောင်း-ကွမ်းယာဆိုင်
ကြံခိုင်ရေးလမ်းနှင့်စာသင်ကျောင်းရှေ့
ရွှေသောင်ယံမြို့နယ်ခွဲ၊
ချောင်းသာကျေးရွာ၊ ပုသိမ်မြို့နယ်၊
ပုသိမ်ခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး
(ယခုနေရပ်လိပ်စာမသိသူ)
**တရားနိုင်** **တရားရှုံး**

အထက်ပါအမှုမှ တရားရှုံး ဦးသက်ပိုင်ဦး(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၂၃တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးငွေးရင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရ ကိုယ်စားလှယ်ဖြစ်စေ ၂၀၁၇ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက် (၁၃၇၈ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးရှေ့လာရောက်စေ။

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စန္ဒာအေး)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ပုသိမ်ခရိုင်တရားရုံး**

**ဒီကရီအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း**

## ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်၂၁၊ နည်းဥပဒေ၂၂)**
**ပုသိမ်ခရိုင်တရားရုံး**
**၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်(၈၃)နှင့်ဆက်နွှယ်သည့်**
**၂၀၁၆ခုနှစ်၊ တရားမဇာရီမှုအမှတ် ၃၃**

ဦးငွေးရင် နှင့် ဦးသိန်းဇော်
(အောင်သပြေခရုဆိုင်)
Lai Lai ဟိုတယ်ရှေ့
ပုသိမ်-ချောင်းသာ ကားလမ်းမကြီးနံဘေး
ရွှေသောင်ယံမြို့နယ်ခွဲ၊ ချောင်းသာကျေးရွာ၊
ပုသိမ်မြို့နယ်၊ပုသိမ်ခရိုင်၊
ဧရာဝတီတိုင်းဒေသကြီး
(ယခုနေရပ်လိပ်စာမသိသူ)
**တရားနိုင်** **တရားရှုံး**

အထက်ပါအမှုမှ တရားရှုံးဦးသိန်းဇော်(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်(၈၃)တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးငွေးရင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်၏အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေ ဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၇ခုနှစ် ဖေဖော်ဝါရီ ၂၄ရက် (၁၃၇၈ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ၁၀နာရီတွင် ဤရုံးတော် ရှေ့လာရောက်စေ။

၂၀၁၇ခုနှစ် ဇန်နဝါရီ ၃၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စန္ဒာအေး)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ပုသိမ်ခရိုင်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၂)၊ ဦးပိုင်အမှတ်(၁၀၅)၊ မနော်ဟရီလမ်းနှင့် နှင်းဆီလမ်းကြား၊ ၅၂× ၅၃ လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ် ၅၉၈၄/၉၂-၉၃ အရ ဦးသိန်းလွင် MNN-၀၀၆၅၈၇ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဦးတင်လှထွေး ၉/မရတ(နိုင်)၁၀၂၉၄၉မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၃၈)၊ ဦးပိုင်အမှတ်(၁၅၉)၊ ၄၄×၄၅လမ်းကြား၊ အောင်ဆန်းလမ်းနှင့် ငကျွဲလမ်းကြားရှိ ဦးအောင်ဆန်းအမည်ဖြင့်ချထားပေးသော မြေကွက်အား ဦးဇော်မင်းကျော် ၉/အမဇ(နိုင်)၀၁၂၄၄၄မှ မြေစလစ်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ် ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်းအမှုတွဲ ဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဆွမ်းကွမ်းဝေယျာဝစ္စအတွက် ၂၀၁၇ခုနှစ် ဇန်နဝါရီ ၁ရက်မှ ၃၁ရက်အထိ ကျပ်(၁)သိန်းနှင့်အထက် အလှူရှင်များစာရင်း

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | အလှူငွေ |
|---|---|---|
| ၁။ | ဦးသိန်းထူး-ဒေါ်သူဇာလှိုင်၊သား-မောင်မြတ်ထူးမောင်၊ မောင်ဟန်မင်းထူးမောင်၊ အမှတ်(G/2) ရွှေအင်ကြင်းရိပ်မွန်၊ သုဝဏ္ဏမြို့နယ် | ၁၅၀၀၀၀ိ/- |
| ၂။ | ဗိုလ်မှူးကျော်သူရဝင်း(ငြိမ်း)-ဒေါ်ချိုချိုမွန်မိသားစု၊အမှတ်(၈/B)၊ ဘုရင့်နောင်လမ်း၊ ရန်ကုန်သစ်၊ သုဝဏ္ဏမြို့နယ် | ၁၀၀၀၀၀ိ/- |
| ၃။ | ဖခင်ကြီးဦးထွန်းတင်အားရည်စူး၍ သား-ဒေါက်တာဇော်ဝင်းထွန်း၊ ဒေါက်တာဝင်းမြင့်သန်း၊ ဦးကျော်လင်း-ဒေါ်ရီရီအောင်၊ ဦးစိုးမင်းထက်၊ ဒေါက်တာခင်စောရီမိသားစု၊အမှတ်(၅၉)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန် | ၃၀၀၀၀၀ိ/- |
| ၄။ | ကွယ်လွန်သူဦးသိန်းရွှေ-ဒေါ်ခင်ခင်သာ၊ သားသမီးမြေးမြစ်တစ်စုကောင်းမှု | ၅၁၀၀၀၀ိ/- |
| ၅။ | ဗိုလ်မှူး အောင်လင်းမောင်-ဒေါ်မွန်မွန်သိန်း၊ သား ကောင်းမြတ်သွေး၊ (၁)နှစ်ပြည့်မွေးနေ့ကောင်းမှု | ၃၁၅၀၀၀ိ/- |
| ၆။ | ဒေါ်လှဲ့လှဲ့သိန်း မွေးနေ့ဆွမ်းအလှူ၊ အမှတ်၄၀၆၊ ရွှေဟင်္သာကွန်ဒို(B)၊ လှိုင်မြို့နယ် | ၃၀၀၀၀၀ိ/- |
| ၇။ | မောင်ဟန်မင်းထူး(၁၂)ပြည့်မွေးနေ့၊ အမှတ် (G/2)၊ ရွှေအင်ကြင်းရိပ်မွန်၊ သုဝဏ္ဏမြို့နယ် | ၁၅၀၀၀၀ိ/- |
| ၈။ | ကွယ်လွန်သူမိဘနှစ်ပါးအားရည်စူး၍ ဦးအေးကို-ဒေါ်နီလာငွေးမောင်နှမတစ်စုကောင်းမှု၊ အမှတ်၇၉၊ (၃၁)ရပ်ကွက်၊ဝန်ထမ်းကြီးများရိပ်သာ၊ (၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် | ၂၀၀၀၀၀ိ/- |
| ၉။ | ဒေါ်တင်တင်လှ(၈၃)နှစ်ပြည့်မွေးနေ့ကောင်းမှု၊ အမှတ်(၁၈/၁)၊မြဝတ်ရည်(၅)လမ်း၊ ပါရမီ၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် | ၁၂၀၀၀၀ိ/- |
| ၁၀။ | ကွယ်လွန်သူကျေးဇူးရှင် မိဘနှစ်ပါးအားရည်စူး၍ အစ်မကြီးမတင်နွဲ့နှင့် ညီအစ်မ(၅)ယောက်ကောင်းမှု၊ ကန်ပေါက်ကျေးရွာ၊ ပြည်မြို့ | ၂၀၀၀၀၀ိ/- |
| ၁၁။ | မအိန္ဒြာရီ၏(၈)နှစ်ပြည့် မွေးနေ့၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် | ၁၅၀၀၀၀ိ/- |
| ၁၂။ | ကွယ်လွန်သူမိဘနှစ်ပါးနှင့်ခင်ပွန်းဖြစ်သူအားရည်စူး၍ ဒေါ်မြင့်ဝေမိသားစု၊ ကွန်ဒို(A)၊ အခန်း(၇)၊အထပ်(၁၀)၊ သီရိကွန်ဒို(၉)မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ် | ၂၃၀၀၀၀ိ/- |
| ၁၃။ | ကိုဝင်းသန်းစိုး-မမေဖြူမိသားစု၊ အမှတ်(၂၁/C/1)၊ အောင်ဇေယျလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ် | ၁၅၀၀၀၀ိ/- |
| ၁၄။ | ကွယ်လွန်သူဦးမြင့်ချိုအားရည်စူး၍ ဒေါ်ခင်စီလွင်မိသားစု၊ အမှတ် ၆၂၊ (၁)လမ်း၊ လမ်းမတော်မြို့နယ် | ၁၉၀၀၀၀ိ/- |
| ၁၅။ | ဦးမြင့်သိန်း(၇၄)နှစ်ပြည့်အားရည်စူး၍ ဒေါ်ခင်ခင်လှိုင် မိသားစု၊အမှတ်(G/2)၊ ရွှေအင်ကြင်းရိပ်သာ၊ သုဝဏ္ဏမြို့နယ် | ၄၀၀၀၀၀ိ/- |
| ၁၆။ | ကွယ်လွန်သူ ဦးသက်ရှည်အားရည်စူး၍ ဦးမြင့်ဦးသာ-ဒေါ်အမာကြည်မိသားစု၊ အမှတ် ၉၃၁၊ ပျဉ်မမြိုင်လမ်း၊ (၃၄)သစ်တောရပ်ကွက်၊ မြောက်ဒဂုံမြို့နယ် | ၁၀၀၀၀၀ိ/- |
| ၁၇။ | ဦးသိန်းအောင်-ဒေါ်ဟိုင်လင်း၊သားမောင်အောင်ကျော်ပိုင် မွေးနေ့၊ အမှတ်၇၉၀၊ဗိုလ်ချုပ်လမ်းနှင့် ဝါးတန်းလမ်းထောင့်၊ အမှတ် ၃၀၃၊ နေသီဟစင်တာ၊ လမ်းမတော်မြို့နယ် | ၃၅၀၀၀၀ိ/- |
| ၁၈။ | ဖခင်(ဦးနီ)၊ သား(ဦးဗိုလ်ဗိုလ်)နှင့် ဦးအောင်ကျော်နိုင်တို့အား ရည်စူး၍ ဒေါ်မကြီး၊သမီး ဒေါက်တာသီဂီ မောင်နှမတစ်စု ကောင်းမှု အမှတ်၅၂၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ် | ၂၈၇၅၀၀ိ/- |
| ၁၉။ | ဦးမောင်မောင်မြင့်-ဒေါ်ပုလေးမိသားစု၊ အမှတ်၆/က-ခ၊ ဗိုလ်အောင်ကျော်လမ်း၊ လှိုင်သာယာမြို့နယ် | ၁၀၀၀၀၀ိ/- |
| ၂၀။ | သမီး-မချိုသံဇဉ်လင်း မွေးနေ့ဆွမ်းအလှူ အမှတ် ၂၆၊ ဗိုလ်မင်းခေါင်လမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ် | ၂၀၀၀၀၀ိ/- |
| ၂၁။ | သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးနှင့်ဇနီးဒေါ်ချိုချိုဝင်းမိသားစုကောင်းမှု | ၂၇၀၀၀၀ိ/- |
| ၂၂။ | ရဲမှူးရန်ရှင်း-ဒေါ်နန်းခင်နု မိသားစု အခန်း ၄၀၂၊ လိပ်ကန်တာဝါ၊ ပုဇွန်တောင်မြို့နယ် | ၁၂၀၀၀၀ိ/- |
| ၂၃။ | ဒုတိယဗိုလ်မှူးကြီး သူရသိန်းထွန်းအောင်-ဒေါ်ခင်စန်းမူ မိသားစု၊တိုက်အမှတ် (A/7)၊ အခန်း ၂၀၁၊ ရွှေကမ္ဘာအိမ်ရာ၊ မင်းဓမ္မလမ်း၊မရမ်းကုန်းမြို့နယ် | ၂၂၀၀၀၀ိ/- |
| ၂၄။ | ဦးတေဇာလှိုင်(၄၄)နှစ်ပြည့်မွေးနေ့၊ အမှတ်(G/2)၊ ရွှေအင်ကြင်းရိပ်မွန်၊ သုဝဏ္ဏမြို့ | ၁၅၀၀၀၀ိ/- |
| ၂၅။ | ဒေါ်သူဇာခိုင်နှင့် ရွှေပြည့်စုံ (B)ပိုးကာကွယ်ရေး၊ ပရဟိတအဖွဲ့မောင်နှမများ | ၁၀၀၀၀၀ိ/- |
| ၂၆။ | နှစ်ဖက်သောမိဘများအားရည်စူး၍ ဦးရန်ပြေ-ဒေါ်သူဇာဦး မိသားစု၊ ဦးရန်ပြေနှင့်သား ဇော်ထက်ဦး မွေးနေ့ကောင်းမှု အမှတ်၂၃၈၊ ကမာကြည်လမ်း၊ ၂၉ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ် | ၂၄၀၀၀၀ိ/- |
| ၂၇။ | ဦးစိန်မော် (ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းသာသနာရေးမှူးရုံး)-ဒေါ်ခင်စန္ဒာ မိသားစု | ၄၀၀၀၀၀ိ/- |
| ၂၈။ | မဟာသရေစည်သူ ဒု-ဗိုလ်ချုပ်ကြီးရဲမြင့်-ဒေါက်တာဒေါ်တင်လင်းမြင့် မိသားစု၊ ကမ္ဘာအေးဗီလာ | ၂၀၀၀၀၀ိ/- |
| ၂၉။ | ဦးကျော်မြင့်-ဒေါ်ခင်မမမိုးမိသားစု၊အမှတ်၄၁၊ခေမာလမ်း၊ ခေမာသီရိရပ်ကွက်၊ စမ်းချောင်းမြို့နယ် | ၃၅၀၀၀၀ိ/- |
| ၃၀။ | ကွယ်လွန်သူမိခင်ကြီး ဒေါ်လှလှအားရည်စူး၍ ဦးတင်မောင်မြအုန်း-ဒေါ်ခင်မေညွန့်၊ ဦးသိန်းထွန်း-ဒေါ်တင်ခိုင်ခိုင်အုန်းမိသားစု၊ ၁၀ မိုင်ကုန်း၊ မရမ်းကုန်းမြို့နယ် | ၂၀၀၀၀၀ိ/- |
| ၃၁။ | ဦးတင်ရွှေ+ကိုစိန်ဝင်းနှင့်(၇)ရက်သားသမီးများကောင်းမှု ရန်ကုန်မြို့ | ၁၀၀၀၀၀ိ/- |
| ၃၂။ | ဒေါ်အုံတင်မိသားစုကောင်းမှု မြောက်ဥက္ကလာပမြို့နယ် | ၅၈၈၀၀၀ိ/- |
| ၃၃။ | ကွယ်လွန်သူမိဘများဖြစ်သည့်ဦးညီစိန်၊ဒေါ်ဖွားမို၊ဦးအေးလှ၊ ဒေါ်နှင်းရင်တို့အားရည်စူး၍ ဒု-ဗိုလ်မှူးကြီးသိန်းလွင်(ငြိမ်း)နှင့် ဇနီးဒေါ်ခင်ရွှေလှ သားသမီးမြေးတစ်စုကောင်းမှု ရွှေပြည်သာ | ၁၅၀၀၀၀ိ/- |
| ၃၄။ | ဒေါ်မိမိခင်၏ (၈၀)ပြည့်မွေးနေ့ အမှတ်ကွန်ဒို(C)၊ အခန်း၂၀၁၊ ကမ္ဘာအေးဗီလာ၊ မရမ်းကုန်းမြို့နယ် | ၂၀၀၀၀၀ိ/- |
| ၃၅။ | ဦးရန်အောင်-ဒေါ်ဖြူဝင်းမော်၊သားဗိုလ်ကြီးဝဏ္ဏရန်အောင် မွေးနေ့၊ အမှတ် ၇၈/၈၂၊ ဗိုလ်တထောင်ဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ် | ၂၀၀၀၀၀ိ/- |
| | စုစုပေါင်း | ၈၀၀၀၅၀ိ/- |

ဆက်သွယ်ရန် ဖုန်း-၀၉-၄၂၀၁၄၄၅၀၃၊ ၀၉-၂၅၃၃၈၉၇၉၄

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဆွမ်းပဒေသာပင်အတွက် ၂၀၁၇-ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်မှ (၃၁)ရက်အထိ ကျပ်(၁)သိန်းနှင့်အထက် အလှူရှင်များစာရင်း

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | အလှူငွေ |
|---|---|---|
| ၁။ | ဦးသိန်းထူး-ဒေါ်သူဇာလှိုင်၊ သား-မောင်မြတ်ထူးမောင်၊ သား-မောင်ဟန်မင်းထူးမောင် မိသားစုကောင်းမှု၊ အမှတ် (G/2)၊ ရွှေအင်ကြင်းရိပ်မွန်၊ သုဝဏ္ဏမြို့နယ် | ၁၅၀၀၀၀ိ/- |
| ၂။ | လက်ပံတန်းမြို့မှ ကွယ်လွန်သူမိဘများဖြစ်ကြသော ဦးမောင်တင်-ဒေါ်လှရွှေနှင့် ဦးကျော်လင်း၊ ဦးတင်အုန်းတို့အား ရည်စူး၍ ဒေါ်တင်လှ၊ ဒေါ်တင်မြ မိသားစုကောင်းမှု၊ အောင်သိဒ္ဓိကျောင်းလမ်း၊ ရွာမအရှေ့၊ အင်းစိန်မြို့နယ် | ၁၀၀၀၀၀ိ/- |
| ၃။ | ကွယ်လွန်သူ မိခင်ဒေါ်တင်အေးအား ရည်စူး၍ သမီး-ဒေါ်မြင့်မြင့်ရီနှင့်ဒေါ်ထားထားရီ မိသားစုကောင်းမှု၊ အမှတ်၆၆၊ ခေမာသီလမ်းသွယ်၊မိချောင်းကန်အပိုင်း(၃)၊ သင်္ဃန်းကျွန်းမြို့နယ် | ၁၀၀၀၀၀ိ/- |
| ၄။ | ကွယ်လွန်သူ ဖခင်ကြီးဦးချစ်စိန်အားရည်စူး၍ ဇနီး-ဒေါ်သန်းမေမိသားစုကောင်းမှု၊ အမှတ်(၂၅/E/5)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ ဗဟန်းမြို့နယ် | ၁၅၀၀၀၀ိ/- |
| ၅။ | ဦးလှထွန်း၊ အမှတ် (၁၈၀၆)၊ ဒေါ်လှဝင်းလမ်း၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ် | ၁၀၀၀၀၀ိ/- |
| ၆။ | ဖခင်ကြီး- ဦးဖိုးထို- မိခင်ကြီး- ဒေါ်ခင်သိန်း တို့အားရည်စူး၍ ဦးကျော်ကျော်သိန်းထို-ဒေါက်တာဖြူဖြူမေသန်း၊ သား-သိန်းထိုအောင်၊ သမီး-ငြိမ်းမြတ်မွန် မိသားစုကောင်းမှု၊အမှတ်(၇)၊ရွှေတောင်ကြားရိပ်သာလမ်း၊ ဗဟန်းမြို့နယ် | ၁၅၀၀၀၀ိ/- |
| ၇။ | ဖခင်ကြီး ဦးဖိုးထို- မိခင်ကြီး ဒေါ်ခင်သိန်း တို့အားရည်စူး၍ ဦးကျော်ကျော်သိန်းထို-ဒေါက်တာဖြူဖြူမေသန်း၊ သား-သိန်းထိုအောင်၊ သမီး-ငြိမ်းမြတ်မွန် မိသားစုကောင်းမှု၊ အမှတ် (၇)၊ရွှေတောင်ကြားရိပ်သာလမ်း၊ ဗဟန်းမြို့နယ် | ၁၁၀၀၀၀ိ/- |
| ၈။ | ဖခင်ကြီး ဦးသန်းဖေနှင့် မိခင်ကြီး ဒေါ်မြရီ၊ ဖခင်ကြီး ဦးမောင်ကြည်နှင့်မိခင်ကြီး ဒေါ်ရင်ကြည်တို့အား ရည်စူး၍ ဗိုလ်ချုပ်ဇေယျကျော်ထင်ဝင်းသန်း(ငြိမ်း)နှင့် ဇနီး- ဗိုလ်ကြီးဒေါ်ရီရီဝင်း(ငြိမ်း)သားသမီးမြေးတစ်စုကောင်းမှု | ၁၅၀၀၀၀ိ/- |
| ၉။ | ဦးမြင့်သိန်း (၇၄)နှစ်အားရည်စူး၍ ဒေါ်ခင်ခင်လှိုင် မိသားစု၊အမှတ်(G/2)၊ ရွှေအင်ကြင်းရိပ်သာ၊သုဝဏ္ဏမြို့နယ် | ၁၀၀၀၀၀ိ/- |
| ၁၀။ | ကွယ်လွန်သူဖခင်ကြီး ဦးသန်းထွဋ်အားရည်စူး၍ ဦးဇော်ဝင်း-ဒေါ်ခင်ခင်ကြီး မိသားစု၊(၄၅/၇) တေးနယဉ်လမ်း၊(၇)မိုင်၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့ | ၂၀၀၀၀၀ိ/- |
| ၁၁။ | ဦးရန်အောင်မြင့်- ဒေါ်မိမိအောင်၊ သမီးဒေါက်တာ ငြိမ်းထက်ရန်၊ ဒေါက်တာသည်းသုသုရန် မိသားစုကောင်းမှု၊ | ၅၀၀၀၀၀ိ/- |
| ၁၂။ | ဒေါ်စန်းစန်းရီကောင်းမှု၊ အမှတ်၇၃၉၊ ဗိုလ်တေဇလမ်း၊ (၁၀)မိုင်၊ မရမ်းကုန်းမြို့နယ် | ၁၀၀၀၀၀ိ/- |
| ၁၃။ | ဦးမောင်မောင်မြင့်- ဒေါ်ပုလေး မိသားစု၊ အမှတ် (၆/က-ခ)၊ ဗိုလ်အောင်ကျော်လမ်း၊လှိုင်သာယာမြို့နယ် | ၉၀၀၀၀၀ိ/- |
| ၁၄။ | ဦးသန်းဇော်လင်း-မနန်းယုယုမွန်၊သား-မောင်ဟိန်းဉာဏ်ဖွဲ့ထက်မိသားစု၊ ဦးသန်းဇော်လင်း၏ မွေးနေ့၊ အမှတ်(၁၅၄)၊ တတိယထပ်၊မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ် | ၁၀၀၀၀၀ိ/- |
| ၁၅။ | မိဘနှစ်ပါးအားအမှူးထား၍ ကိုလင်းသာကောင်းမှု၊ အမှတ် ၁၀၆၊ ၇လွှာ၊ ၂၃လမ်း၊ လသာမြို့နယ် | ၁၀၀၀၀၀ိ/- |
| ၁၆။ | မိဘနှစ်ပါးအားအမှူးထား၍ ကိုဝေယံကောင်းမှု၊ အမှတ် ၁၀၆၊ ၇လွှာ၊ ၂၃လမ်း၊ လသာမြို့နယ် | ၁၀၀၀၀၀ိ/- |
| ၁၇။ | မိဘနှစ်ပါးအားအမှူးထား၍ ဒေါ်ရီရီလွင်ကောင်းမှု၊ အမှတ် ၁၊ ၇လမ်း၊ (၄) ရပ်ကွက်၊ကမာရွတ်မြို့နယ် | ၁၀၀၀၀၀ိ/- |
| ၁၈။ | ဦးတေဇာလှိုင် (၄၄)နှစ်ပြည့် မွေးနေ့၊ အမှတ် (G/2)၊ ရွှေအင်ကြင်းရိပ်သာ၊ သုဝဏ္ဏမြို့နယ် | ၁၀၀၀၀၀ိ/- |
| ၁၉။ | ကွယ်လွန်သူ ဦးကျော်၊ ဒေါ်ခင်လေး၊ ဗိုလ်ကြီး သောင်းစိန်၊ ဒေါ်ရီရီကျော်တို့အားရည်စူး၍ ဒေါ်မေစိုးမိသားစု၊ အမှတ် ၂၅၁၊၃၇ လမ်း၊ ကျောက်တံတားမြို့နယ် | ၁၀၀၀၀၀ိ/- |
| ၂၀။ | ကွယ်လွန်သူ ဦးကျော်၊ ဒေါ်ခင်အေး၊ ဗိုလ်ကြီးသောင်းစိန်၊ ဒေါ်ရီရီကျော်တို့အားရည်စူး၍ ဒေါ်မေစိုး မိသားစု၊ အမှတ် ၂၅၁၊ ၃၇လမ်း၊ကျောက်တံတားမြို့နယ် | ၁၀၀၀၀၀ိ/- |
| ၂၁။ | ဒု-ဗိုလ်ဆောင်းမင်းဦး (၂၁)နှစ်ပြည့်မွေးနေ့ကောင်းမှု၊ ဘောဂီဦးစံရိပ်ငြိမ်၊ ခြံအမှတ်(၃၉/၄၀)၊ ဝေဘာဂီလုံးချင်းအိမ်ရာ၊ မြောက်ဥက္ကလာပမြို့နယ် | ၁၅၀၀၀၀ိ/- |
| ၂၂။ | ဦးမောင်မောင်ဇော်- ဒေါ်သန်းသန်းဝေ၊ သမီး-နှင်းသန္တာအောင်မိသားစု၊ အမှတ် ၁၀၁၊ သုမနလမ်း၊ (၂/တောင်)ရပ်ကွက်၊ သာကေတမြို့နယ် | ၁၅၀၀၀၀ိ/- |
| ၂၃။ | ဦးကျော်အေးလွင်-ဒေါ်သီတာငွေး၊သား-မောင်ဝိုင်းနေလွင် မိသားစု၊ အမှတ် ၂၄၊ ဒေါ်သိန်းတင်လမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ် | ၁၀၀၀၀၀ိ/- |
| ၂၄။ | ဦးမောင်မောင်-ဒေါ်ဥမ္မာခင် မိသားစု၊ ဆစ်ဒနီမြို့၊ ဩစတြေးလျနိုင်ငံ | ၁၀၀၀၀၀ိ/- |
| ၂၅။ | ကွယ်လွန်သူ မိဘနှစ်ပါးဖြစ်ကြသော (ဦးအုံမောင်-ဒေါ်တင်တင်ဝေ)တို့အားရည်စူး၍ ကျန်ရစ်သူ မိသားစုများကောင်းမှု၊ အမှတ်၃၈၊(၈)ရပ်ကွက်၊ ဂန္ဓမာလမ်း၊ မရမ်းကုန်းမြို့နယ် | ၁၀၀၀၀၀ိ/- |
| | စုစုပေါင်း | ၄၉၆၀၀၀ိ/- |

ဆက်သွယ်ရန် ဖုန်းနံပါတ်များ- ၀၉- ၄၂၀၁၄၄၅၀၃
၀၉-၂၅၃၃၈၉၇၉၄

### အများသိစေရန် ကြေညာချက်

၁။ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ်(၂၂၂)တွင် ၁ခန်းတည်း (၈ ½)ထပ်တိုက် (Lift ပါ)အဆောက်အဦ ဆောက်လုပ်ခွင့်အား မြေရှင် ဒေါ်အေးမြင့်၊ လိုင်စင်ရကန်ထရိုက်တာ ဦးဇော်ဇော်နိုင်(LC-793)၊ လိုင်စင်ရအင်ဂျင်နီယာ ဦးရောင်ခြည်ဦး(LS-1227)တို့မှ လျှောက်ထားလာပါသဖြင့် ဤဌာန၏(၂၁-၉-၂၀၁၆) ရက်စွဲပါစာအမှတ်၊၁၁၂၉/ ၁၁၃၀/ စည်ပင်-ယာ(အုံ)ဖြင့် ဆောက်လုပ်ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။

၂။ ယခုအခါအဆိုပါဆောက်လုပ်ဆဲ ၁ခန်းတည်း (၈ ½)ထပ်တိုက် (Lift ပါ) အဆောက်အဦဆောက်လုပ်ခွင့်အား လိုင်စင်ရကန်ထရိုက်တာ ဦးဇော်ဇော်နိုင်(LC-793) အစား လိုင်စင်ရကန်ထရိုက်တာ ဒေါ်ခင်စန်းရီ(LC-668)ဖြင့်လည်းကောင်း၊ လိုင်စင်ရ အင်ဂျင်နီယာ ဦးရောင်ခြည်ဦး(LS-1227)အစား လိုင်စင်ရအင်ဂျင်နီယာ ဦးမင်းကျော်လွင် (LS-2140)ဖြင့်လည်းကောင်း ပြောင်းလဲဆောင်ရွက်ခွင့်ပြုပါရန် မြေရှင်နှင့်လိုင်စင်ရ ကန်ထရိုက်တာ၊ လိုင်စင်ရအင်ဂျင်နီယာတို့မှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန် ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

### အင္ဂမအကြိမ် အထက(၄) သင်္ဃန်းကျွန်း (ယခင် အလက-၁)

## မြတ်ဆရာပူဇော်ပွဲဖိတ်ကြားလွှာ

သင်္ဃန်းကျွန်းမြို့နယ်၊ အထက(၄)(ယခင် အလက-၁) တွင် အနည်းဆုံး (၂)နှစ်ထမ်းဆောင်ခဲ့ပြီး အသက်(၆၀)နှင့်အထက် ကျောင်းအုပ်ကြီးများနှင့် ဆရာကြီး၊ ဆရာမကြီးများအား တပည့်ကျောင်းသား/သူများမှ ပူဇော်ကန်တော့မည်ဖြစ်ပါ၍ ဖိတ်စာရသည်ဖြစ်စေ၊ ဖိတ်စာမရသည်ဖြစ်စေ ကြွရောက်အပူဇော်ခံ ချီးမြှင့်ပေးပါရန် ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်နေ့ရက်** - ၂၆-၂-၂၀၁၇ (တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - နံနက်(၉)နာရီ
**ကျင်းပမည့်နေရာ** - အထက(၄)သင်္ဃန်းကျွန်း(ကျောင်းအားကစားကွင်း)

ကျောင်းသား/သူဟောင်းများအနေဖြင့် အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်၍ အလှူငွေများထည့်ဝင်လှူဒါန်းနိုင်ပါသည်။

| | |
|---|---|
| **အထက(၄)၊ သင်္ဃန်းကျွန်း** | **ကိုစိုးစံ(ခ)စည်သူ** |
| ဖုန်း-၀၁-၅၇၇၉၀၈ | ဖုန်း-၀၉-၇၉၉၅၄၂၂၅၇ |
| **ဒေါ်သိန်းတင်(ကျောင်းအုပ်ကြီး-ငြိမ်း)** | **မတင်ဇာလီစိုး** |
| ဖုန်း-၀၁-၅၇၇၉၄၆ | ဖုန်း-၀၉-၂၅၀၄၂၃၄၄၁ |
| **ကိုအောင်မြင့်သူ** | **ကိုလှိုင်ဘွား** |
| ဖုန်း-၀၉-၄၂၀၀၇၆၇၆၃ | ဖုန်း-၀၉-၄၃၁၇၉၉၇၇ |
| **ကိုဇော်ဇော်အောင်** | **ကိုဥက္ကာဖြိုး** |
| ဖုန်း-၀၉-၄၅၁၁၁၆၁၅၁ | ဖုန်း-၀၉-၂၅၄၀၄၈၄၄၃ |
| **မအိအိသိန်း** | |
| ဖုန်း-၀၉-၄၄၈၀၀၃၀၉၈ | |

**KBZ: Account-245-302-02704315501 ( YGN 81 စံပြဈေး၊သင်္ဃန်းကျွန်း)**

**မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

### တစ်ဦးတည်းဖြစ်ကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ထောက်ကြန့်ရွာ၊ အထက၊သတ္တမတန်း မှ မောင်သန့်ဇင်ကိုနှင့် ပထမတန်းမှမပိုးကြာဖြူ တို့၏မိခင်ဖြစ်သူ ဒေါ်တင်နွယ်ဦး ၅/ကလထ (နိုင်)၁၇၀၂၇၈နှင့် ဒေါ်နွယ်နွယ်ဦးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်တင်နွယ်ဦး(ခ)ဒေါ်နွယ်နွယ်ဦး**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၁၂၁၂၅ New Anbo-125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဒိမ်လွန်းမန် ၅/ကလထ(နိုင်)၂၁၆၀၈၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ ကလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၇၃၃၄၄ Honda. C.90 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ထန်ကိပ်ဆုံ ၅/ကလထ(နိုင်)၁၀၀၆၅၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ ကလေးမြို့**

### ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်း၊ အမှတ်(၁၃၈/၁၄၂) White Cloud Condo အခန်းအမှတ်(3D)၊ (၃)လွှာ၊ (၂၄'×၅၈')ရှိ ကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်နှင့်ပတ်သက်၍အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်းအား အဆက်အစပ် စာချုပ်များအရ လက်ရှိဝယ်ယူ လက်ရောက်ရထားသူ ဦးမင်းသိန်း ၁၂/ဥကမ(နိုင်)၁၃၁၈၇၇ထံမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ၎င်းရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သီဂီဝင်း(LL.B, D.B.L, D.M.L)(စဉ်-၈၁၈၀)** | **ဒေါ်အေးမြမွန်(LL.B) (စဉ်-၄၈၁၅၁)** |
| **ဒေါ်ဝင်းဝင်းမော်(LL.B)(စဉ်-၇၇၉၃)** | **အထက်တန်းရှေ့နေ** |
| **တရားလွှတ်တော်ရှေ့နေ** | |

**ရုံး-အမှတ်၉/၁၁၊အခန်း၁၀၁(ပထမထပ်)၊ ၃၆လမ်း(တို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၄၁၇၆၄၆၊ ၀၉-၇၈၅၄၁၇၆၄၆**

### ဦးကျော်ကျော်ဝင်း ၁၃/လရန(နိုင်)၀၇၉၅၆၅နှင့် အများသိစေရန်

ဦးကျော်ကျော်ဝင်းနှင့် ဒေါ်မြတ်မြတ်စိုး ၆/မအရ(နိုင်)၀၈၁၆၈၉တို့မှာ ဓနစ်ခန့် လက်ထပ်ပေါင်းသင်းပြီး သားသမီး နှစ်ဦးထွန်းကားခဲ့၍ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်တွင် နေထိုင်လျက်ရှိပါသည်။ ဦးကျော်ကျော်ဝင်းမှာ နေ့စဉ်သောက်စားပြီး ဒေါ်မြတ်မြတ်စိုးအား နီးစပ်ရာယောကျ်ားများအပြင် သမက်များနှင့်ပါ စွပ်စွဲပုတ်ခတ်ခြင်း၊ လုပ်ငန်းတွင်လည်း နည်းမျိုးစုံဖြင့် ကန့်သတ်ချုပ်ချယ်နှောင့်ယှက်ခြင်း၊ တစ်ဆွေလုံး တစ်မျိုးလုံးမကျန်ရအောင် ဆဲရေးပုတ်ခတ်ပြီး ဒေါ်မြတ်မြတ်စိုးအား ကိုယ်ထိလက်ရောက် ရိုက်နှက်ခြင်း၊ နှင်ချခြင်းတို့ပြုလုပ်ခဲ့ပါသည်။ ၁၉-၁-၂၀၁၇ ရက်တွင် ဒေါ်မြတ်မြတ်စိုးအား အသေသတ်မည်ဟုခြိမ်းခြောက်သဖြင့် နေအိမ်မှဆင်းလာပြီး လုံခြုံရာတွင် မိသားစုနှင့်အတူ နေထိုင်လျက်ရှိပါသည်။ ဒေါ်မြတ်မြတ်စိုးအား သားပုပ်လေလွင့် ပြောဆိုနေခြင်းကို ရပ်တန့်ကရပ်ရန် ဦးကျော်ကျော်ဝင်းအား တားမြစ်လိုက်ပါသည်။ မလိုက်နာပါက ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း ဦးကျော်ကျော်ဝင်းနှင့်အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **(လွှဲအပ်ညွှန်ကြားသူ)** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်မြတ်မြတ်စိုး** | **ဦးကျော်ဝင်းခိုင် (LL.B)** |
| **၆/မအရ(နိုင်)၀၈၁၆၈၉** | **တရားလွှတ်တော်ရှေ့နေ၊ (စဉ်-၁၁၂၆၁)** |
| | **မ/၉၈၁၊ ဘုရင့်နောင်လမ်း၊ ၃၂ရပ်ကွက်၊ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး** |

### မှတ်ပုံတင်နံပါတ်အမှန်ကြေညာခြင်း

၅-၁-၁၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကျွန်မ ဒေါ်သန်းသန်းအေး ၁၀/မလမ(နိုင်)၀၇၉၆၄၁ ၏ မော်တော်ယာဉ်တင်သွင်းခွင့် သွင်းကုန်ပါမစ်အမှတ် Daw Than Than Aye(10/Ma La Ma(N)179641)ISP IDV8 16-17 35924(9/12/2016)မူရင်းပျောက်ဆုံးကြောင်းကြေညာချက်၌ သွင်းကုန်ပါမစ်ပါ နိုင်ငံသားစိစစ်ရေးအမှတ်သည် သွင်းကုန်ပါမစ်တင်ပြလျှောက်ထားစဉ် Typing Error ချို့ယွင်းချက်ကြောင့် '0'အစား '1'အဖြစ် မှားယွင်းရိုက်နှိပ်ဖော်ပြမိပါသဖြင့် ကျွန်မ၏နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၁၀/မလမ(နိုင်)၀၇၉၆၄၁ သာဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်းအေး**

### သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ပခုက္ကူမြို့နယ် မြစ်ခြေကျေးရွာ မြို့မရပ်နေ ဦးခင်မောင်ရင် ၈/ပခက(နိုင်)၀၆၂၂၆၅ ၏ သမီးဖြစ်သူ မမေသူရင်(ခ)ဇင်မေရင်သည် မိဘများ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်ပါသဖြင့် သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။

**ဦးခင်မောင်ရင်**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5H/2912 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိအိဖြိုး ၇/တငန(နိုင်)၀၉၈၂၆၇က ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ လျှောက်ထားလာပါသဖြင့်ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## အသိပေးတားမြစ်ခြင်း

ကလောမြို့၊ အမှတ် ၆ရပ်ကွက်၊ ဟင်္သာကုန်း၊ အိမ်အမှတ် ၆ဟ/၃၄နေ ဦးဒါရားဆင် (ဘ) ဦးဒရာဘားဆင်(ခ) ဘာလား KLW-00742 မှအောက်ပါအတိုင်း အသိပေးတားမြစ်အပ်ပါသည်။

ကျွန်တော်၏ဖခင်ဖြစ်သူ ဦးဒရာဘားဆင်(ခ)ဘာလားမှ လွန်ခဲ့သော နှစ်ပေါင်း ၆၀ကျော်ခန့်ကတည်းက ဓားမဦးချ ခုတ်ထွင်ရှင်းလင်းခဲ့ပြီး ယခုအချိန်အထိ စဉ်ဆက်မပြတ်အစိုးရမြို့မြေခွန်ပေးဆောင်၍ ကျွန်တော် ဦးဒါရားဆင် လက်ရှိ ပိုင်ဆိုင်နေထိုင်လျက်ရှိသော ကလောမြို့၊ အမှတ် ၆ရပ်ကွက်၊ ဟင်္သာကုန်းရှိ မြေကွက်အမှတ် (၆/၇၀)၊ မြေကွက်အမည်-၅(ဟင်္သာကုန်း)၊ ဦးပိုင်အမှတ်၁၀နှင့် ကျွန်တော်၏ဖခင်ဦးဒရာဘားဆင်(ခ)ဘာလားမှအခမဲ့ခွင့်ပြုချက်ဖြင့် ဦးဘရဝါးရှချ်တီး နှင့် ဒေါ်သန်းကြည်တို့ကို နေထိုင်ခွင့်ပြုခဲ့သော ယခု၎င်းတို့နှစ်ဦး၏ သားသမီးများ ဖြစ်ကြသည့် (၁) ဒေါ်စန်းနွဲ့၊ (၂) ဦးမောင်မြင့်၊ (၃) ဦးကျော်ဝင်းတို့မိသားစုများ နေထိုင်လျက်ရှိပြီး ခြံစည်းရိုးပင်များစိုက်ပျိုးကာရံထားသော တောင်မြောက် အလျား ၅၀ပေ၊ အရှေ့အနောက်အနံ ၅၀ပေရှိ မြေကွက်အမည်-၅(ဟင်္သာကုန်း)၊ ဦးပိုင်အမှတ် ၁၁ တို့ကို ကျွန်တော်၏ ဖခင် ဦးဒရာဘားဆင်(ခ)ဘာလားက မည်သည့်တစ်စိမ်းတစ်ယောက်ကိုမျှပေးကမ်းခဲ့ခြင်း၊ လွှဲပြောင်းပေးအပ်ခဲ့ခြင်း၊ ရောင်းချခဲ့ခြင်းတို့ မရှိခဲ့ပါ။

သို့ဖြစ်ပါ၍အထက်ဖော်ပြပါမြေကွက်၂ကွက်နှင့်ပတ်သက်ပြီး ကျွန်တော် ဦးဒါရားဆင်ကိုယ်တိုင်မှလွဲ၍ ကျွန်တော်၏ ခွင့်ပြုချက်မပါရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ လွှဲပြောင်းရောင်းချခြင်း၊ မြေငှားဂရန်ထုတ်ယူရန် ထောက်ခံပေးခြင်း၊ မြေစာရင်းပုံစံ (၁၀၅)ရေးဆွဲကူးယူခြင်း၊ မြေငှားဂရန်အမည်ပေါက်လျှောက်ထားရယူခြင်းနှင့် မြေရာဇဝင်အားပြုပြင်ပြောင်းလဲ ရေးဆွဲခြင်းတို့မပြုလုပ်ကြပါရန် အသိပေးတားမြစ်အပ်ပါသည်။

**ဦးဒါရားဆင်**
**(ဘ)ဦးဒရာဘားဆင်(ခ)ဘာလား**
**KLW-00742**
**အိမ်အမှတ် ၆ဟ/၃၄၊ ကလောမြို့**

# ဝန်ထမ်းအလိုရှိသည်

MINERAL DEVELOPMENT PUBLIC CO.,LTD မှ ဖွင့်လှစ်မည့်ဘဏ်တွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ပါဝန်ထမ်းများအလိုရှိသည်-

(၁) ဒု-အထွေထွေမန်နေဂျာ (၁) ဦး
(၂) လ/ထ အထွေထွေမန်နေဂျာ (၂) ဦး
(၃) မန်နေဂျာ (၇) ဦး
(၄) ဒုမန်နေဂျာနှင့်လ/ထမန်နေဂျာ (၈) ဦး
(၅) ကြီးကြပ်ရေးမှူးနှင့် လ/ထကြီးကြပ်ရေးမှူး (၁၆) ဦး
(၆) အကြီးတန်းစာရေး (၁၃) ဦး
(၇) အငယ်တန်းစာရေး (၂၆) ဦး

**အမှတ်စဉ်(၁)မှ (၆)ထိ ရာထူးအတွက် လျှောက်ထားသူများသည်-**

* တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
* ဘဏ်လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။
* ဘဏ်လုပ်ငန်းအတွေ့အကြုံနှင့် ကျွမ်းကျင်မှုမြင့်မားသူအတွက် အသက်သတ်မှတ်ချက်ကို လျှော့ပေါ့စဉ်းစားမည်။
* ဘဏ်ငွေကြေးဌာနတွင် တာဝန်ထမ်းဆောင်လိုသူများလျှောက်လွှာ၌ဖော်ပြရမည်။
* ကျား/မ မရွေးလျှောက်ထားနိုင်သည်။

**အမှတ်စဉ်(၁) ရာထူးအတွက်။** အသက်(၅၀)နှစ်မှ (၆၅)နှစ်အတွင်းရှိသူကို ဦးစားပေးမည်။ တစ်ဆင့်နိမ့်ရာထူး၌ အနည်းဆုံး (၃)နှစ်တာဝန်ထမ်းဆောင်ဖူးသူဖြစ်ရမည်။

**အမှတ်စဉ်(၂) ရာထူးအတွက်။** အသက်(၅၀)နှစ်မှ (၆၅)နှစ်အတွင်းရှိသူကို ဦးစားပေးမည်။ မန်နေဂျာအဆင့်၌ အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်ဖူးသူဖြစ်ရမည်။

**အမှတ်စဉ်(၃) ရာထူးအတွက်။** အသက်(၃၅)နှစ်မှ(၄၅)နှစ်အတွင်းရှိသူကို ဦးစားပေးမည်။ ဒုမန်နေဂျာ လ/ထမန်နေဂျာ အဆင့်၌ အနည်းဆုံး(၃)နှစ်တာဝန်ထမ်းဆောင်ဖူးသူဖြစ်ရမည်။

**အမှတ်စဉ်(၄) ရာထူးအတွက်။** အသက်(၃၀)နှစ်မှ (၃၅)နှစ်အတွင်းရှိသူကို ဦးစားပေးမည်။ ကြီးကြပ်ရေးမှူးအဆင့်၌ အနည်းဆုံး(၃)နှစ်တာဝန်ထမ်းဆောင်ဖူးသူဖြစ်ရမည်။

**အမှတ်စဉ်(၅) ရာထူးအတွက်။** အသက် (၂၈)နှစ်မှ (၃၅)နှစ်အတွင်းရှိသူကို ဦးစားပေးမည်။ အကြီးတန်းစာရေးအဆင့်၌ အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်ဖူးသူဖြစ်ရမည်။

**အမှတ်စဉ်(၆) ရာထူးအတွက်။** အသက် (၂၅)နှစ်မှ (၃၀)နှစ်အတွင်းရှိသူကို ဦးစားပေးမည်။ အငယ်တန်းစာရေးအဆင့်၌ အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်ဖူးသူဖြစ်ရမည်။

**အမှတ်စဉ်(၇) ရာထူးအတွက်။** တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး အသက်(၂၇)နှစ်ထက် မကြီးသူဖြစ်ရမည်။ ကွန်ပျူတာ Microsoft Word, Excel အတွေ့အကြုံရှိသူ ဦးစားပေးမည်။

**ဘဏ်များမှ ထုတ်ပယ်ခံထားရသူများ လျှောက်ထားရန်မလိုပါ။**

လျှောက်ထားလိုသူများသည် အလုပ်လျှောက်လွှာ၊ ပညာအရည်အချင်းအထောက်အထားမိတ္တူ၊ (၁)လအတွင်း ရိုက်ကူးထားသော ရောင်စုံလိုင်စင် ဓာတ်ပုံ(၂)ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်ရဲစခန်းထောက်ခံချက်မူရင်း၊ အိမ်ထောင်စုဇယားမိတ္တူနှင့် အခြားကျွမ်းကျင်လက်မှတ်ရစာရွက်စာတမ်းများ မိတ္တူပူးတွဲလျက် အောက်ပါလိပ်စာသို့ ၂၂-၂-၂၀၁၇ရက် ညနေ ၄နာရီ နောက်ဆုံးထားရမည်။

**လျှောက်ထားဆက်သွယ်ရန်လိပ်စာ** - အမှတ် ၆၆၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
**ဆက်သွယ်ရန် ဖုန်းနံပါတ်** - ၀၁-၆၅၈၂၂၃
**Fax** - ၀၁-၆၅၈၂၂၄
**Email Address** - mdb.publiccompany@gmail.com

---

## ဒေါ်ကျင်လန်(ခ) ဒေါ်ကြည်ဝင်း (ဗဟိုစည်)
**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဗဟိုစည်အိမ်ရာ၊ တိုက် ၄၉၊ အခန်း ၁၂နေ (ဦးဟုတ်-ဒေါ်ကြင်ရွှေ)တို့၏ သမီး၊ (ဦးဗုာရင်-ဒေါ်ယု)တို့၏ ချွေးမ၊ ဦးမောင်မောင်လှ(ခ)ဦးကျန်စွိ]၏ဇနီး၊ ဒေါ်ရှော့လိန်၊ ဒေါ်စွမ်အိန်း၊ ဦးစိန်ကျန်း၊ ဦးစိန်လော၊ ဒေါ်လျန်အိန်း၊ ဦးစိန်တိတ်၊ ဦးစိန်ပြန့်-ဒေါ်လိန်လိန်း တို့၏မိခင်၊ မောင်ဇေယျာလင်း၏အဘွားသည် ၅-၂-၂၀၁၇ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၇ ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဟိုပန်မြို့နယ်၊ ပန်ကောက်ကျေးရွာနေ ဦးမြအောင် ၁၃/ဟပတ(နိုင်)၀၂၁၇၅၄၏အမည်မှန်မှာ ဦးမြဆောင် ဖြစ်ပါကြောင်း။

ဦးမြအောင်(ခ)ဦးမြဆောင်

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံတက္ကသိုလ်၊ သချာ်(နောက်ဆုံးနှစ်) ၄သခ-၄၃ မှ မလင်းလင်းစိန် ၁၃/မဆန(နိုင်)၀၂၇၈၀၂၏ဖခင် ဦးအာထောနှင့် ဦးနာထော ၁၃/မဆန(နိုင်) ၀၀၉၅၆၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဦးစိုးမင်း(ခ)စိုးအောင်(ခ)ကိုမော်(ခ)ဝက်သား
**B.Sc (MATHS)**
**(1984-1991) RC 3**
**အသက်(၅၆)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၆)ရပ်ကွက်၊ ၁၃လမ်း၊ အမှတ် ၉၀နေ (ဦးသိန်းဦး)-ဒေါ်ကျင်စိန်တို့၏သား၊ လမ်းမတော်မြို့နယ်၊(၃)ရပ်ကွက်၊ ၈လမ်း၊ အမှတ် ၃၉၊ ငါးလွှာနေ ဒေါ်တင်တင်အေး၏ချစ်လှစွာသောခင်ပွန်း၊ မောင်သက်ပိုင်စိုး၊ မခိုင်ဇင်သင်းတို့၏ချစ်လှစွာသောဖခင်၊ (ဦးကောလိုက်)-ဒေါ်ကင်းလိန်၊ ဦးလေးမြင့်-ဒေါ်ခင်စန်းအေး၊(ဦးသိန်းထူး)-ဒေါ်ငွေခင်၊ ဦးစန်းရွှေ-ဒေါ်ကြားလျှံ၊ ဦးဝင်းနိုင်-ဒေါ်ခင်နွဲ့၊ ဦးတင်ဝင်း-ဒေါ်လှဝင်းတို့၏ညီ/မောင်၊ ဉူးဉတ္တမ၏အစ်ကို၊ ဦးသက်ထွန်း-ဒေါ်မြမြအေးတို့၏ညီ/မောင်၊ ဦးမြသန်း-ဒေါ်ငွေငွေခိုင်တို့၏အစ်ကိုသည် ၆-၂-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၉း၅၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (လမ်းမတော် ၁၃လမ်း၊ အမှတ် ၉၀ နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးအေးမောင်(မြိတ်/ကျွန်းစု) အသက်(၈၂)နှစ်
**ငွေစာရင်းအရာရှိ(ငြိမ်း)၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၀၁လမ်း၊အမှတ် ၂၀/၂၂နေ(ဒေါ်ထားရီ)၏ခင်ပွန်း၊ ဗိုလ်မှူးသက်ထွန်း (ငြိမ်း)၊ ဒေါ်သီသီနွယ်(သွယ်နီရတနာနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်၊ဗိုလ်ချုပ်ဈေး)၊ဦးတင်ထွန်းအောင်-ဒေါ်ခင်ထွေးရီတို့၏ဖခင်၊ဒေါက်တာဇော်မင်းဦး-ဒေါက်တာသက်သီရိနွယ်(ခေတ္တ-ဩစတြေးလျ)၊ မသက်သဥ္ဇာနွယ်(ခေတ္တ-ဩစတြေးလျ)၊ ဒေါက်တာယမင်းသက်နွယ်၊ မောင်ဘဏ်ထွန်းအေး(B.P.S)၊ မနှင်းဝတ်ရည်အောင် (Grade-VI, B ထ-၅၊ ဗိုလ်တထောင်)၊ မောင်မြတ်ကောင်းသန့် (Grade-III, B ထ-၅၊ ဗိုလ်တထောင်)တို့၏အဘိုး၊ မမွေးပုံ့ဝေ(ခ)ပေါင်ပေါင်း၏ ဘိုးဘိုးကြီးသည် ၆-၂-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(၁၀၁လမ်း၊ အမှတ်၂၀ နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့)နံနက် ၇နာရီမှ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးအေးမောင်(မြိတ်/ကျွန်းစု) အသက်(၈၂)နှစ်
**ငွေစာရင်းအရာရှိ(ငြိမ်း)၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နေ ဦးအုန်းမောင်-ဒေါ်သင်တို့၏သား၊(ဒေါ်ထားရီ)၏ခင်ပွန်း၊ ဘုတ်ပြင်းမြို့နေ (ဦးမောင်မောင်လှ)- ဒေါ်တင်စိန်၊ ကျွန်းစုမြို့၊(၄)ရပ်ကွက်နေ ဦးလှမြင့်-ဒေါ်လှကြူ၊ ဒေါ်တင်ဝင်း၊ (ဦးကြည်ဝင်း-ဒေါ်အေးကြည်)တို့၏အစ်ကို၊ တူ၊တူမ ၁၂ယောက်တို့၏ ဘကြီးသည် ၆-၂-၂၀၁၇ရက်တွင်ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ (၁၀၁လမ်း၊ အမှတ် ၂၀ နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့)နံနက်၇နာရီမှ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## တစ်လပြည့်အလွမ်း
**ရဟန်း၊ ကျောင်းဒါယိကာမကြီး**
**ဒေါ်လေးချို (Lilly)(ဇီးကုန်း)**
**အလယ်တန်းကျောင်းအုပ်ဆရာမကြီး(ငြိမ်း)**
**B.Eco, Dip Ed**
**အသက်(၇၃)နှစ်**

၈-၁-၂၀၁၇ ရက် (တနင်္ဂနွေနေ့) ည ၁၀ နာရီတွင် Hammersmith Hospital, Hammersmith(London)၌ ကွယ်လွန်သွားခဲ့သော ချစ်ဇနီးအား လွမ်းဆွတ်တမ်းတစွာဖြင့် ရည်စူး၍ ပြုခဲ့သမျှသော ဒါနအစုစုတို့ကို အမျှပေးဝေပါသည်။ **ကျန်ရစ်သူ ချစ်ခင်ပွန်း ဦးတင်သိန်းနှင့် ညီအစ်ကိုမောင်နှမများနှင့် တူ၊တူမများ၊ သား၊သမီး၊မြေးများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးဌေးကြွယ်**
**အသက် (၇၀)**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ညောင်ပင်ဝန်းရွာနေ ဒေါ်သန်း၏ခင်ပွန်း ဦးခင်မောင်ကြွယ် (Managing Director, Max Highway Co., Ltd.) -ဒေါ်အေးခိုင်တို့၏ဖခင် ဦးဌေးကြွယ်သည် ၅-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲ ရပါသည်။

**Max Myanmar Highway Co.,Ltd.**
**ဝန်ထမ်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးဌေးကြွယ်**
**အသက် (၇၀)**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ညောင်ပင်ဝန်းရွာနေ ဒေါ်သန်း၏ခင်ပွန်း ဦးခင်မောင်ကြွယ် (Managing Director, Max Highway Co.,Ltd.) -ဒေါ်အေးခိုင်တို့၏ဖခင် ဦးဌေးကြွယ်သည် ၅-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲ ရပါသည်။

**Max Myanmar Holding Co.,Ltd.**
**ဝန်ထမ်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးဌေးကြွယ်**
**အသက် (၇၀)**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ညောင်ပင်ဝန်းရွာနေ ဒေါ်သန်း၏ခင်ပွန်း ဦးခင်မောင်ကြွယ် (Managing Director, Max Highway Co.,Ltd.) -ဒေါ်အေးခိုင်တို့၏ဖခင် ဦးဌေးကြွယ်သည် ၅-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

Max Myanmar Construction Co.,Ltd.

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးဌေးကြွယ်**
**အသက် (၇၀)**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ညောင်ပင်ဝန်းရွာနေ ဒေါ်သန်း၏ခင်ပွန်း ဦးခင်မောင်ကြွယ် (Managing Director, Max Highway Co.,Ltd.) -ဒေါ်အေးခိုင်တို့၏ဖခင် ဦးဌေးကြွယ်သည် ၅-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲ ရပါသည်။

MPM(3)

## ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ရန်ကုန်စက်မှုဇုန်)၊ မြေကွက်အမှတ် ၁၉၃၊ ဧရိယာ၂ဒသမ၀၀၀ဧက နှစ်(၆၀)မြေငှားစာချုပ်အမည်ပေါက်မှာ ဦးလီမြင့်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် (၇၇၉၅/၂၀၁၁) ရက်စွဲ ၇-၁၂-၁၁ တင်ပြ၍ ဒေါ်သင်းသင်းခိုင် ၁၃/လရန(နိုင်)၁၀၇၅၂၆ အမည်သို့ ပြောင်းလွှဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

# ချင်းပြည်နယ်ဖွံ့ဖြိုးမှုတည်ဆောက်ရေးလုပ်ငန်းများတွင် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ထန်တလန်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူမှု၊ တတ်မြောက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ် (သတင်းစဉ်)

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီးများ၊ ချင်းပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့်အတူ ယမန်နေ့တွင် ဟားခါးမြို့နှင့် ထန်တလန်မြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးပြီး ဒေသခံများနှင့်တွေ့ဆုံကာ ဒေသလိုအပ်ချက်များကို မေးမြန်းဆွေးနွေးသည်။

ရှေးဦးစွာ ဟားခါးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း နှစ်ထပ် ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွေနှင့် ပြည်နယ်ဝန်ကြီး ဦးပေါင်လွန်မင်းထန်တို့က နှစ်ထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယသမ္မတက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❍

## တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားများ ထုတ်ယူနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

မတ် ၈ ရက်မှ ၁၇ ရက်အထိကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်တောင်းထားကြသော ကျောင်းသား/ကျောင်းသူများအနက် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာစစ်ဌာနအသီးသီးတွင် ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့၏ ဓာတ်ပုံကပ်ထားသည့် ခုံအမှတ်စဉ်ပါသော စာမေးပွဲဖြေဆိုခွင့်ကတ်ပြား (Identity Card) များကို ဖေဖော်ဝါရီ ၂၀ ရက်မှစ၍ ထုတ်ယူနိုင်ပြီဖြစ်သည်။

အခြေခံပညာ အထက်တန်းကျောင်း (ကျောင်းခွဲ)နှင့် (တွဲဖက်) အခြေခံပညာအထက်တန်းကျောင်း၊ ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားများကို မိမိတို့ကျောင်းအုပ်ကြီးများထံမှလည်းကောင်း၊ ပြင်ပမှဖြေဆိုသူများသည် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို မိမိတို့ဖြေဆိုရမည့် စာစစ်ဌာန ကြီးကြပ်ရေးမှူးများထံမှ လည်းကောင်း အသီးသီးထုတ်ယူနိုင်သည်။

ကျောင်းသား/ကျောင်းသူများအနေဖြင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများ ထုတ်ယူရာတွင် အခက်အခဲရှိပါက သက်ဆိုင်ရာစာစစ်ဌာန ကြီးကြပ်ရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနထံ တိုက်ရိုက်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုကျောက်တိုင်ပန်းခြံ၌ စည်ကား

နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပရန် နီးကပ်လာသည်နှင့်အမျှ ပင်လုံမြို့ရှိ ပြည်ထောင်စုကျောက်တိုင်ပန်းခြံ၌ လေ့လာသူများ၊ အပန်းဖြေအနားယူသူများဖြင့် စည်ကားလျက်ရှိသည်ကို ဖေဖော်ဝါရီ ၇ ရက်က တွေ့ရစဉ်

ဓာတ်ပုံ-မိုးလွင်ဦး(လွိုင်လင်)



**၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဇီဝဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ**

စာမျက်နှာ(၂၁၊ ၂၂)တွင် ဖော်ပြပါရှိသည်